
www.burmeseclassic.com



ဒုတိယအကြိမ်

## သွန်းနေဝိုး

# ကမ္ဘာကြီးတောင်ပြားသွားမယ်

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၆၊ ဒီဇင်ဘာလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် | ၅၀၁၃၇၄၀၆၁၀ | နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၃၁၁၀၆၁၁ | တို့အရ
ဦးကျော်ဝဏ္ဏ (ယာယီ ၆၅၇) နတ်သမီးစာပေ၊
အမှတ် (၁၆၄)၊ အခန်း (၂၆)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မှ ထုတ်ဝေ
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဇော်မြင့်ဝင်း (ဝ၆၈၂၀)
ကာလလာဘ်ပုံနှိပ်တိုက် (၁၈၄/၁၆)၊ ၃၁-လမ်း၊ ရန်ကုန်တွင် ပုံနှိပ်သည်။

[redacted]

ပန်းကလေးတစ်ကုံး မင်းအတွက် ကိုယ်သီပေးမယ်။
ဒါပေမယ့် ... မင်း ကိုယ့်ခန္ဓာနဲ့လိုက်အောင်
ဂေါ်ဖီပန်းမှ ဖြစ်လိမ့်မယ် ... ။

ပန်းကုံးအတွက်ကြိုးကတော့ သင်္ဘောကျောက်ဆူးကြိုးပေါ့။

ကိုယ်ပန်ပေးရင် ပျော်ပြီး မင်းသိပ်မခုန်ပေါက်နဲ့
တော်ကြာ မင်းအိမ်ကြမ်းပြင်တွေ အက်ကုန်မယ်။

ဖြေးဖြေးလေး မင်းမှီနွဲ့ရင်
အားကုန်တောင့်ပြီး ကိုယ်ခံပါ့မယ်။
မင်းကိုချီပွေ့ဖို့ဆိုင်ရင်တော့
ဝန်ချီစက်ကူမှ ဖြစ်လိမ့်မယ်။

တက္ကသိုလ် မောင်ကန့်လန့် (မြန်မာစာ)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ကမ္ဘာလောကသည် နှစ်ထပ်ဖြစ်၍နေ၏။ အပြင်ဘက်တွင် ပူလောင်ပြင်းရှနေသော နွေညတု ...၊ ဤ စားသောက်ဆိုင်ထဲတွင်တော့ ဆောင်းရာသီ၏ အေးမြသောရနံ့မျိုး ထိတွေ့ခံစားနေရသည်။ နွေခ်တွင်းက ငုံထားတဲ့ ဆောင်းသေတ္တာလေးပါပဲ။

အဝေးလမ်းမများတလျှောက်၌ လူများ၊ စက်ဘီးများ၊ ဆိုင်ကယ်နှင့်ကားများတို့ဖြင့် တရှိန်ရှိန်တငွေ့ငွေ့ ကျွတ်ဆတ်ရှုပ်ခတ်နေသလောက် စားသောက်ဆိုင်အတွင်း၌မူ ငြိမ်းချမ်းခြင်းနှင့် ငြိမ်သက်ခြင်းတို့ သိမ်သိမ်မွေ့မွေ့ရရှိနေသည်။

ထူးရဲမင်းသည် စားသောက်ဆိုင်ထဲဝင်လာရင်း အေးမြသော

www.burmeseclassic.com

www.burmeseclassic.com



လေကို ရင်ဘတ်တစ်ခုလုံးအပြည့် တစ်ဝကြီးရှိုက်သွင်းလိုက်မိသည်။ ဘယ်လောက်များ ကြည်နူးစရာကောင်းလိုက်ပါသလဲ? နံဘေးတွင် ချစ်စရာကောင်းသော ကောင်မလေးတစ်ယောက်က လက်တွဲလျက်။ ဆိုင်ထဲဝင်လာရာ လမ်းတလျှောက်မှာလည်း မြင်မြင်သမျှ ယောကျ်ားတိုင်းက သူ့ကိုမနာလိုသလို စိုင်းကြည့်ကြသည်။ သူကလည်း ဒါကိုပင် ရင်ထဲမှကြိတ်ကာ ဂုဏ်ယူနေမိ၏။ ထို့ကြောင့် ထိုင်ရန်နေရာ ရွေးသောအခါမှာပင်လျှင် လူအားလုံးမြင်သာသည့် စားပွဲမျိုးမှာ ထမင်ရွေး၍ ဝင်ထိုင်လိုက်သည်။

ပြီးတော့ သူ့ကောင်မလေးကို ဝိုင်းငမ်းနေကြမည်ဖြစ်သော၊ သူ့ကိုဝိုင်းမနာလိုနေကြမည်ဖြစ်သော ယောကျ်ားလေးတို့ထံ အကြည့်ဖြင့် အသာစီးယူရန် လှည့်လိုက်သည်။ ထိုစဉ်မှာပင် သူ့ရင်ထဲမှ ဝင့်ကြွားမှုဆပ်ပြာပူဖောင်းကလေးသည် ဖောက်ကနဲ ပေါက်သွားရလေတော့၏။

"ဟာ ... သေပြီ"

ပါးစပ်က အာမေဋိတ်ကိုပင် လွှတ်ကနဲ ရေရွတ်လိုက်မိသည်။ သို့သော် ဖြစ်ချင်တော့ ထိုအချိန်မှာ သူ့နံဘေးကကောင်မလေးကလည်း "အစားအသောက်တွေ မီးမီးပဲ မှာလိုက်တော့မယ်နော်" ဟု လှမ်းပြောချိန်နှင့်တိုက်ဆိုင်သွား၏။ သူ့စကားကြားလိုက်သဖြင့် ကောင်မလေးက

"ဘာလို့လဲဟင် ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့လား"

သူ့မျက်လုံးတွေက ကောင်မလေးဆီ လှည့်မကြည့်နိုင်အား ရှေ့ဘက်ကမြင်ကွင်းဆီသာ ဆက်ငေးစိုက်နေမိ၏။ အရှင်းရ သက်သာစေရန် ခါးကြားမှပိုက်ဆံအိတ်ကိုသာ ကောင်မလေးဆီ ဆွဲထုတ်ပြလိုက်၏။ ထိုအခါမှ ပိုဆိုးသွားတော့သည်။

"ဩော် ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံပါမလာလို့လား။ ရတယ်လေ မီးမီးမှာ ပါသားပဲ"



ထို့နောက် သူလှည့်မကြည့်သော်လည်း ကောင်မလေး ပိုက်ဆံအိတ်ရှာမှန်း သိလိုက်ပါသည်။ သို့သော် သူ ဘာမှမတားမြစ်နိုင်သေးခင်မှာပင် ကောင်မလေးဆီမှ ထိတ်လန့်တကြားစကားသံတို့ ထွက်ပေါ်လာလေ၏။

"ဟာ ... ဒုက္ခပဲ မီးမီး ပိုက်ဆံအိတ်ယူမလာခဲ့မိဘူး၊ ဘယ်လိုလုပ်ကြမလဲ"

သူကောင်မလေးဘက် လှမ်းမကြည့်နိုင်အားသေးပါ။ ကောင်မလေးလေးသံမှာ ပိုပြင်းထန်လာခဲ့၏။ သူ့လက်မောင်းကို လာလှုပ်ယမ်းရင်း ...

"ဟိုမှာ စားပွဲထိုးလာနေပြီ၊ လုပ်ပါဦး ရှက်စရာကြီး၊ သေသာသေလိုက်ချင်တော့တာပဲ"

ပြောရင်း ငိုသံကပါလာသည်။ သူ ဖနောင့်နဲ့ခုံ ထပေါက်လိုက်ချင်တော့၏။ မိန်းမတွေဟာ ဒီလိုပဲ သေချာမစူးစမ်းမဆင်ခြင်ဘဲ ပစ်ပြီး သောကရောက်ပစ်လိုက်တော့တာပဲ။ ခုတင်ကောင်းနေရာက ခုငိုချလိုက်ဖို့လည်း သာကေတလိုင်းကားတွေထက် မြန်သည်။ ဘာမဟုတ်သော ဒုက္ခသေးသေးလေးတွေသည် သူတို့နှင့်တွေ့လျှင် ချက်ချင်း ဒုက္ခဆူနာမီ ဖြစ်သွားတော့၏။

ကောင်မလေး၏ အနည်းငယ်ကျယ်သွားသော စကားသံကို ကြားလိုက်ရသဖြင့် အနားရောက်လာသော စားပွဲထိုးမှာ ရှေ့ဆိုးရမလို နောက်ဆုတ်ရမလို ဖြစ်သွားတော့သည်။

ထူးရဲမင်းက ကောင်မလေးကို ရှည်ရှည်ဝေးဝေး မဖြေရှင်းနိုင်အားသဖြင့် တိတ်တိတ်နေရန် လက်ကာပြလိုက်သည်။ သို့သော် လှည့်မကြည့်ဘဲ လက်ကိုဆန့်တန်းခြင်းဖြစ်ရာ ကောင်မလေးပါးစပ်ထဲ လက်ချောင်းအဖျားတွေ ဝင်သွားခဲ့၏။ ထိုအခါ နောက်တစ်ခွန်းထပ်သောက

www.burmeseclassic.com

www.burmeseclassic.com



မွှားရန် ပါးစပ်ပြင်လိုက်သော ကောင်မလေးမှာ သူ့လက်တို့ကို ယောင်ယမ်းပြီး ကိုက်မိလေတော့၏။

"အား" ခနဲ ထူးရဲမင်း လန့်အော်မိလေ၏။

သို့သော် သူ့အော်သံကျယ်မသွားစေရန် ကျန်လက်တစ်ဖက်ဖြင့် ပါးစပ်ကိုပြန်အုပ်သည်။ ပြီးတော့ ကောင်မလေးပါးစပ်မှ လက်ကို ဆတ်ကနဲ ပြန်ဆွဲထုတ်ရင်း မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်လိုက်သည်။

စားပွဲထိုးမှာ ခေါင်းကိုသာတွင်တွင် ကုတ်နေမိတော့၏။ ဘယ်လိုလူတွေပါလိမ့်။ လူကြည့်တော့ ဝတ်ကောင်းစားလှတွေနဲ့။ ကောင်မလေးကလည်း သူ့အနားကပ်လာတာကို ဗိုတော့မလိုလုပ်ရင်း သေသာသေလိုက်ချင်တော့တာပဲတဲ့။ ပြီးတော့ ဘာမပြောညာမပြောနဲ့ ကောင်လေးလက်ကို ဖမ်းကိုက်သည်။

ဟိုကောင်လေးကျတော့လည်း သူ့ကောင်မလေးဘက်လုံးဝ မလှည့်ဘဲ ကိုက်ရန်လက်ထိုးပေးသည်။ ပြီးတော့ ကိုက်လို့နာပြီးလန့်အော်မိသည်ကိုပင် ကိုယ့်ပါးစပ်ကို ပြန်ပိတ်နေသေး၏။

စိတ်တွေများ နှံ့မှနှံ့ကြရဲ့လားမသိဘူးဟု တွေးမိပြီး အနားသို့ ထပ်တိုးမသွားရဲ။ တော်ကြာ အနားရောက်သွားလို့ ကောင်လေးက ချုပ်ပေးပြီး ကောင်မလေးက ဖက်ကိုက်နေရင် ဒုက္ခမဟုတ်လား။

ထူးရဲမင်းမှာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ဖြစ်၏။ သူကြည့်မိသည့် စားသောက်ဆိုင် အပေါက်ဝဆီမှာ ဝင်လာသည်က "မိုးနံ့သာ"ဟု အမည်တွင်သည့် သူ၏နောက်ဆုံး ကောင်မလေးတစ်ယောက် ဖြစ်သည်။ ခေတ်လူငယ်ပီပီ သူကရည်းစားနည်းနည်း ရှုပ်ပါသည်။

တခြားကောင်မလေးတွေဆို သူသိပ်ဂရုစိုက်မည် မဟုတ်သော်လည်း ခုဝင်လာသည့် ကောင်မလေးက တော်တော်လေးစွာသဖြင့်



ခုလိုအခြားတစ်ယောက်နှင့်တွေ့လျှင် လူရှေ့သူရှေ့မှာ ဆူဆူပူပူထမလုပ်ဟု ပြော၍မရ။ နာမည်က မိုးနံ့သာဆိုသည့်အတိုင်း တစ်မိုးလုံးနံ့အောင် ပြဿနာရှာမည့် သူမျိုးဖြစ်၏။ ထို့ကြောင့်ပင် ဒင်းကိုမျက်ခြေမပြတ် လိုက်ကြည့်နေမိခြင်းဖြစ်၏။ ဒင်းကြားသွားမှာစိုးသဖြင့် ကောင်မလေး ကိုက်မိသည်ကိုပင် ကျယ်ကျယ်မအော်ရဲ ....။

မိုးနံ့သာကတော့ ဘာတွေ အာရုံဝင်စားနေသည်မသိ။ ဖောင့်ဖောင့်နှင့်ဝင်လာပြီး အဝင်တံခါးစပ်နားက စားပွဲမှာထိုင်သည်။ မျက်နှာကလည်း တောက်လျှောက် အပြင်လမ်းဘက်သို့သာ မျှော်ကြည့်နေ၏။

ထူးရဲမင်းသည် ဘုရားကိုသာ အကြိမ်ကြိမ်တမိနေ၏။ သာယာကြည်နူးဖွယ်အခြေအနေကို ဖျက်ဆီးနိုင်သော အန္တရာယ်မှာ သူ့လက်တစ်ကမ်းအကွာတွင် ရောက်ရှိနေသည် မဟုတ်လား။

ဆိုင်ထဲမှ ထပြန်သွားရကောင်းမလား စဉ်းစားကြည့်မိတော့ မလှမ်းမကမ်းတွင် ပြူးကြောင်ကြောင်အကြည့်ဖြင့် ရပ်စောင့်နေသော စားပွဲထိုးကို မြင်မိ၏။ အမြှင့်သားဝင်ထိုင်ပြီး ဒီအတိုင်းကြီး ထပြန်သွားလို့ကလည်းမကောင်း။ ဆက်နေဖို့ကလည်း ကြာကြာနေလေ အန္တရာယ်နှင့်နီးလေပင် ...။

နံဘေးမှ တောင်မလေးကတော့ သူ့လက်ကိုကိုက်မိပြီးကတည်းက တစ်ခုခုပြောမလိုပြင်လိုက် မပြောတော့ပဲပြန်နေလိုက်နှင့် အကြိမ်ကြိမ် ဖြစ်၍နေ၏။ သူမကိုကြည့်ရသည်မှာ မှတ်ခဲအားကုန်ခါနီး အရုပ် ဆန့်တငင်ငင်ဖြစ်ခဲနေပုံနှင့် တူလေသည်။

ဆုံးဖြတ်ချက်တစ်ခုကို သူ အလျင်အမြန်ချလိုက်၏။

"တော်ပြီ၊ ထိုင်မစားတော့ဘူး၊ ပါဆယ်ပဲယူသွားလိုက်မယ်"

ကိုယ့်ဟာကိုယ် တီးတိုးရေရွတ်သလိုနှင့် နံဘေးက ကောင်မလေး သိစေရန် ပြောလိုက်သည်။ ပြီးတော့ မနီးမဝေးမှ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းသားနှင့် တောင့်တောင့်မတ်မတ်ကြီးရပ်နေသူ စားပွဲထိုးကို ခေါင်းဆတ်လှမ်းခေါ်လိုက်၏။

ကိုယ်တော်ချောက တော်တော်နှင့်မလာ။ လက်ယပ်ပြီး လှမ်းခေါ်၏။ မျက်လုံးကြီးပြူးပြီး ကြည့်နေပြန်သည်။ ပါးစပ်က အသံထွက်ကာခေါ်ရ၏။

"ဟေ့ ... ဒီခဏလာပါဦး"

စားပွဲထိုးက မတုံ့ပြန်။ ပါးစပ်က "ကျွတ် ... ကျွတ်" ဟု အသံပြု၍ခေါ်၏။ ဒင်းက မထူးခြား။

"ဟိတ် ... လာပါဦးဆို၊ ဘယ်လိုဖြစ်နေတာလဲ"

သူ့အသံမြင့်အော်လိုက်တော့မှ ဆတ်ကနဲ တုန်သွားပြီး ဘေးဘီကို လှည့်ကြည့်၏။

"ခင်ဗျားကို ခေါ်နေတာ"

ဟု လက်ညိုးညွှန်၍ပြောတော့မှ ပြူးကြောင်ကြောင်ကြီးဖြင့် ပင်တွန့်ဆုတ်တွန့်ဆုတ်လာ၏။ သူ့နံဘေးမှကောင်မလေးကပါ ယင်းဆီ လှမ်းကြည့်တော့ တွန့်ကနဲတစ်ချက်ဖြစ်သွားပြီးမှ မျက်နှာငိုမဲ့မဲ့ဖြစ်သွားကာ တရွေ့ရွေ့ဖြင့် ဆက်လျှောက်လာလေ၏။

ဒီဆိုင်ကစားပွဲထိုးတွေဟာ ဘာကြောင့်များ လူခေါ်တာကို ကြောင်တောင်တောင် ကြောက်ရွံ့ဖြစ်နေရပါလိမ့်ဟု ထူးရဲမင်း စဉ်းစားမိသည်။ အနားရောက်လာတော့လည်း တစ်ခုခု စိုးရိမ်နေသလို သူနှင့် ကောင်မလေးကို ဟိုကြည့်ဒီကြည့်နှင့် ...။

"ပါဆယ်မှာချင်လို့ ရမလား"

သူ့အသံကြားတော့ ဟိုက တုန်သွားပြန်၏။

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့၊ ရပါတယ်"

"မြန်မြန်လေး လုပ်ပေးနော်"

"ဟုတ် ... ဟုတ် ... ဟုတ်ကဲ့ အစ်ကိုလေး၊ အဲ ... ဆရာ ...၊ အဲ ... လူကြီးမင်း ..."



ဒီတစ်ခါတော့ စားပွဲထိုး အယောင်ယောင်အမှားမှား ဖြစ်နေသည်ကို သူ ဂရုမစိုက်မိ။ စွာတေးမလေး မိုးနံ့သာဆီသာ သတိရသဖြင့် လှမ်းကြည့်လိုက်မိသည်။ ဆိုင်ပြင် ဆက်ကြည့်နေသည်ကိုသာ မြင်ရသဖြင့် သူ သက်ပြင်းချမိသည်။ ခေါင်းကို စားပွဲထိုးဆီပြန်လှည့်၏။ ဘာမှာရမလဲ စဉ်းစားသော်လည်း ရုတ်တရက် ပေါ်မလာ။ ကောင်မလေးကို လှည့်မေးမလားပြင်လိုက်စဉ်မှာပင် ကိုက်လန်ကြော်မှာဖို့ အတွေး ပေါက်သွားခဲ့၏။

"အင်း ... ကိုက် ကိုက်"

အရေးထဲ စကားကထစ်ငေါ့နေပြန်၏။ စားပွဲထိုးမှာ ... "ဗျာ" ကနဲ ဖြစ်သွားသည်။ မျက်လုံးပိုဝိုင်းသွားပြီး အကူအညီတောင်းသလို ဘေးဘီတွေ လျှောက်ကြည့်သည်။

အမှန်တော့ သူ့အမြင်တွင် ထူးရဲမင်းက ကောင်မလေးကို ကိုက်ခိုင်းနေသည် ထင်သွား၏။ ထိုစကားကိုလည်း ကောင်မလေးဘက် ကြည့်ပြောခြင်းဖြစ်ရာ ကြိုးပြီးအတွေးချော်တားသူအဖို့တော့ ထင်ချင်စရာပေါ့။

ငါ့များလာကိုက်နေရင် ဘယ်လိုလုပ်ရပါ့မလဲဟု ဘေးဘီတွေ လျှောက်ကြည့်မိခြင်း ဖြစ်သည်။ ထွက်တော့မပြေးရဲသေး။ ပိုဆိုးမှာလည်း စိုးရိမ်မိသည်။

ထူးရဲမင်းမှာ စိတ်တိုလာသဖြင့် ငေါက်လိုက်၏။

"ဟေ့ ဘယ်လိုဖြစ်နေတာလဲ ...။ ဒီမှာ မှာတာသေချာနားထောင်စမ်းပါ"

"ဗျာ ... ဟုတ်ကဲ့ပါဗျာ ... ဟုတ်ကဲ့ပါ"

ယောင်ပြီး စားပွဲထိုးက လက်ပိုက်လိုက်၏။ သူတို့ပုံစံမှာ ဆရာနှင့်ကျောင်းသားလို ဖြစ်နေလေသည်။ ထူးရဲမင်းသာမှမပြောခင် မိုးနံ့သာဆီ လှမ်းခိုးကြည့်လိုက်သေး၏။ ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



“သေချာမှတ်နော် ... အင်း ... ကိုက်လန်ကြော်ကတစ်ပွဲ ... နောက်ပြီးဝက်သားနဲ့ ပတ်သတ်တာ ဒီမှာ ဘာရလဲ”

“မီးမီး ဝက်သားမစားဘူးနော်”

ကောင်မလေးက ဝင်ပြော၏။ စာပွဲထိုးမှာ ပြာပြာသလဲပင်

“ဟာ ... ဟုတ်ကဲ့ ... မစားလည်းရပါတယ် ခင်ဗျာ၊ မစားလည်းရပါတယ်”

ထူးရဲမင်း မျက်မှောင်ကျုံ့ပြလိုက်၏။ စားပွဲထိုးက သွားဖြဲရယ်ပြရင်းမျက်နှာချိုသွေးသည်။ ပြီးတော့ သူတို့စုံတွဲကို တစ်လှည့်စီကြည့်နေ၏။ မျက်လုံးတွေကလဲ အပြူးသားနှင့်။ သူ့ကြည့်ရတာ ဆိုင်တွေရှေ့မှာ ထားသော လေထည့်ထားသည့် ကာတွန်းရုပ်ပြောင်ကြီးနှင့် တူနေလေသည်။

“ဒါဆို ကြက်သားနဲ့ပတ်သက်တာရော ဘာရလဲ”

“အင်း ကြက်ခြောက်စပ်၊ ကြက်တန်မှုရာကြော်၊ ကြက်ဆနွင်းမကင်း၊ ကြက်မလိုင်ဆမ်း၊ ကြက်ဆီပတ်သုတ်၊ ကြက်သီးဖျော်ရည်၊ အဲ ကြက်မြေမနင်းသား၊ ကြက်မြီးချိုချဉ် ...”

စားပွဲထိုးက ကြောက်ကြောက်လန့်လန့်နှင့် ပါးစပ်ထဲတွေ့ရာ ဟင်းအမယ်တွေ လျှောက်ရွတ်ရင်း တဖြည်းဖြည်းနှင့် ကမ္ဘာပေါ်မရှိသော ဟင်းတွေဖြစ်ကုန်သည်။ ထူးရဲမင်း ခေါင်းကုတ်မိ၏။ ဒီဟင်းတွေကို သူတစ်ခါမှ ကြားလည်းမကြားဘူး၊ စားလဲမစားဘူး။

“ဪ ... ကြက်သားထဲက အဆင်ပြေမယ့် ဟင်းသုံးမျိုးလောက်လုပ်ဗျာ၊ ပါဆယ်နော်၊ အင်း ... နောက်ပြီး ဟင်းချိုထဲကရော ...”

ဆက်မေးလျှင် တစ်ခါမှမကြားဖူးသည့် နာမည်တွေထွက်လာဦးမည်ဟု ထင်လိုက်မိသည်။ ထို့ကြောင့် အလျှင်အမြန်ပင် စကားကို



“ဟို ... အဆင်ပြေမယ့် ဟင်းချိုတစ်ခုခုသာ လုပ်လိုက်တော့ဗျာ။ မြန်မြန်လေးတော့ လုပ်နော်”

စကားပင်မဆုံးလိုက်ရပါ။ စားပွဲထိုးမှာ ခုမှအချုပ်ထဲကလွတ်လိုက်သော ဟန်မျိုးဖြင့် “ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့”ဟု ဟုတ်ကဲ့ချင်းမိုးမွှန်လျက် ချာကနဲ လှည့်ထွက်သွားတော့၏။

ထူးရဲမင်းကလည်း မူလကြံစည်ထားသည့် အတိုင်းပင် ယင်းနောက်မှ ထ,ထွက်ခဲ့လိုက်သည်။ ကောင်မလေးကိုတော့ “ခဏနော်” ဟု လက်ပြထားခဲ့သည်။

သူ့အကြံက ဟင်းပွဲတွေ ရောက်မလာခင် မိုးနံ့သာ လှမ်းမြင်နိုင်သော နေရာမှ ခဏရှောင်ထွက်သွားဖို့ပါ။ သို့သော် သူလိုက်လာမှန်းသိသည်နှင့် ရှေ့မှသွက်သွက်လက်လက် သွားနေသော စားပွဲထိုး၏ ခြေလှမ်းများမှာ တုံ့ကနဲရပ်တန့်သွား၏။ ပြီးတော့ ကြောက်ကြောက်ရွံ့ရွံ့ဟန်ဖြင့် သူ့ဘက်ပြန်လှည့်လာသည်။

“ဘာ ... ဘာ ... ဘာကိစ္စရှိလို့လဲဟင်”

ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

“ဘာကိစ္စမှ မရှိပါဘူး”

“ဟို ... ကိုက် ... ကိုက် ... ကိုက်လန်ကြော်က လာပို့မယ်နော်”

“အင်း .. မြန်မြန်သာပို့ဗျ၊ တစ်ခြားဟင်းတွေကိုလည်း မြန်မြန်လုပ်နော်”

“ဟုတ်ကဲ့ ... အခုက ဘယ်သွားမလို့လဲဟင်”

ထပ်မေးပြန်၏။ ပါးစပ်ထဲတွင်တွေ့ရာ စွတ်ပြောလိုက်သည်။

“အိမ်သာ သွားမလို့ဗျ”

“အိမ်သာက ဟိုဘက်မှာလေ”,

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလက်ညှိုးညွှန်ပြသည့်နေရာမှာ စားသောက်ဆိုင်၏ တစ်ဘက်ခြမ်းဆီသို့ ဖြစ်သည်။ ထိုနေရာသွားမည်ဆိုလျှင် စွာတေးမလေး ထိုင်နေသည့်ဘက်ကို ဖြတ်သွားရပေလိမ့်မည်။

"ဩော် .. အင်း၊ အိမ်သာမသွားတော့ပါဘူးဗျာ၊ ဒီလိုပဲ အညောင်းမြေ အညာပြေလျှောက်ကြည့်လိုက်ဦးမယ်"

စာပွဲထိုး မျက်နှာပျက်သွား၏။ ပြီးတော့ ခုနကလမ်းလျှောက်နှုန်းကိုနှစ်ဆလောက် တိုးလိုက်သည်။ ထူးရဲမင်းမှာ သူ့နောက်ဆက်မလိုက်ဖြစ်ပါ။ နည်းနည်းလျှောက်ပြီးသည်နှင့် မိုးနံ့သာ၏အမြင်ကွယ်ရာရောက်အောင် လက်ယာဘက်သို့ ချိုးချလိုက်လေ၏။

ခပ်လှမ်းလှမ်းရောက်သွားသော စားပွဲထိုးက ပြန်လှည့်ကြည့်သေးသည်။ ထူးရဲမင်း လိုက်မလာတော့တာမြင်သည့်အခါ စိတ်အေးသွားဟန်ဖြင့် မျက်နှာဝင်းသွားပြီး မီးဖိုချောင်အခန်းဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

ထူးရဲမင်း ကွေ့ချိုးလိုက်သောနေရာမှာ စားသောက်ဆိုင်၏ ငွေရှင်းကောင်တာဖြစ်နေလေသည်။ ငွေများကို ရေတွက်နေရာမှ ကောင်တာရှိ ဝန်ထမ်းကလှည့်မေးသည်။

"အစ်ကို ဘာအလိုရှိပါသလဲ ခင်ဗျာ"

"ဘာမှ အလိုမရှိပါဘူး"

ထူးရဲမင်း ထိုနေရာတွင်ပင် ခပ်ကြောင်ကြောင် ဆက်ရပ်နေဖြစ်၏။ ကောင်တာမှဝန်ထမ်းက ခဏခဏလှည့်ကြည့်သည်။ သူလှည့်ကြည့်တိုင်းလည်း သူ့ဘက်ကြည့်နေသော ထူးရဲမင်းနှင့် မျက်နှာချင်းဆုံ၏။ ထိုနေရာမှာက ထူးရဲမင်းအဖို့ တစ်ခြားကြည့်စရာမှ မရှိတာပဲလေ။

ကြာလာတော့ ဘာထင်လာသည်မသိ၊ ပိုက်ဆံများကို ဆက်မရေတွက်တော့ဘဲ ကောင်တာပေါ်ရှိသမျှအားလုံးကို အံဆွဲထဲစုပြုံ



ထိုးသိပ်သွင်းနေလေ၏။ ပြီးတော့ ထူးရဲမင်းဘက်သို့လည်း မကြည်သလို ခဏခဏကြည့်လာသည်။

ထူးရဲမင်း သဘောပေါက်လိုက်သည်။ ထိုနေရာမှာ သူကြာကြာထပ်နေလျှင် ပြဿနာတက်ဖို့ရှိ၏။ ထို့ကြောင့်ပင် မလာချင် လာချင်ဖြင့် မူလစားပွဲရှိရာသို့ ပြန်လာထိုင်ရပြန်၏။ တော်ပါသေးသည်။ မိုးနံ့သာက မလှည့်လာသေး။ နံဘေးမှကောင်မလေးကသာ ...

"ဘယ်သွားတာလဲ"တဲ့။

"ဘယ်မှမသွားဘူး"

ဟု ခပ်ကြောင်ကြောင်အဖြေကို သူပေးလိုက်သည်။ ကောင်မလေးက အနည်းငယ်ရယ်ပြီး ထိုအကြောင်းစကားဆက်ရန် လုပ်သည်။ သူက ကောင်မလေးကို "ဟဲ ဟဲ" ဟု ပြန်ကာ သွားဖြဲရယ်ဖြလိုက်၏။ ခေါင်းကုတ်ရင်း ကောင်မလေးက စကားမဆက်တော့ ...။

ထိုစဉ်မှာပင် မိုးနံ့သာဆီမှ ဦးခေါင်းလှုပ်ရှားလိုက်ဟန်ကို 'စိုပ်ကနဲ' မြင်လိုက်ရ၏။ သူကလည်း 'ချာကနဲ" တစ်ဖက်သို့ လှည့်လိုက်သည်။ ထိုအခါ သူ့အနားရောက်လာသော ဖောင်ဖောင်မောင်းမောင်း စားပွဲထိုးတစ်ယောက်၏ ဗိုက်နှင့် 'အင့်ခနဲ' ဝင်တိုက်မိလေသော၏။

မိုးနံ့သာမှာ ခေါင်းလှည့်လာသော်လည်း သူ့ဘက်သို့ လှမ်းကြည့်သေး။ ဗိုက်နှင့်သူ့မျက်နှာ ဝင်တိုက်မိသဖြင့်သာ သူ့အတော်အီလည်သွားရ၏။

ဒီတစ်ခါ အနားရောက်လာသည့်လူမှာ ခုနကစားပွဲထိုး မဟုတ်သော့ပါ။ ခုနလူက ပျော့ပျော့ညှက်ညှက်ကလေး၊ အခုလူက တောင့်တောင့်တင်းတင်းဖြစ်သဖြင့် သူခံသွားရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာအလိုရှိပါသလဲ ခင်ဗျာ"

ဟိုစွာတေးမလေး မမြင်အောင်သူ့မျက်နှာကြီး လွှဲထားတာကို မပြင်သေး။ သို့ဖြစ်၍ စားပွဲထိုးကြီး၏ ဗိုက်နှင့်သူ့မျက်နှာမှာ နီးကပ်လွန်းသော အနေအထားဖြင့်ပင် ရှိသေးသည်။ ထိုအနေအထားအတိုင်းပင် သူစကားပြန်ပြောလိုက်သည်။

"ဟို ... ဟို မီနူး (Menu)၊ မီနူး"

"ခုနက ဟင်းတွေမှာ ပြီးပြီးမဟုတ်လား"

အရေးထဲ လူကြီးက စကားရှည်နေပြန်၏။

"ဟုတ်တယ်၊ မှာတော့မှာပြီးပြီ၊ ထပ်ကြည့်ချင်လို့"

စားပွဲထိုးကြီး ထွက်သွား၏။ မီနူး (ဟင်းလျာစားရင်းစာအုပ်)ကလည်း တစ်ဆိုင်လုံးမှာ တစ်ခုတည်းရှိသလားမသိ။ အတော်ကြာကြာ သွားယူရ၏။ သူကခါးကြီးလိမ်ပြီး မျက်နှာလွှဲထားတာကို မပြင်သေး။ နံဘေးမှကောင်မလေးမှာ သူလုပ်သမျှကို မျက်လုံးအဝိုင်းသား ကြည့်နေလေ၏။

မီနူးရောက်လာတော့မှ ထိုမီနူးစာအုပ်ကြီးကို ရှေ့ဘက်ဖြန့်ကွယ်လျက် သူတည့်တည့်ပြန်လှည့်နိုင်တော့၏။ ခပ်ကြာကြာလှည့်ထားရသဖြင့် ခါးတွေပင် တော်တော်ညောင်းသွားသည်။

သို့သော် သူ့ဒုက္ခက မကုန်သေးပါ။

အမြန်ဖြန့်ကာ မျက်နှာရှေ့ကာလိုက်သော မီနူးစာအုပ်မှာ အဖုံးဘက်မှ ဖွင့်ကြည့်မိလျက်သား ပြောင်းပြန်ကြီးဖြစ်နေလေ၏။ စားပွဲထိုးကြီးကချက်ချင်းပင် သူ့လက်ထဲက မီနူးကိုလာဆွဲယူ၍ လှည့်ပေးဖို့လုပ်သည်။

"ပြောင်းပြန်ဖြစ်နေပြီဗျ၊ ဟင်းလျာစာရင်းကအတွင်းဘက်မှာ"

သူကလည်း လုံးဝလက်လွှတ်မပေး။



"ရတယ်၊ ရတယ် ... အဖုံးကပုံလေးလှလို့ ကြည့်နေတာ..."

စာအုပ်ကိုကျော်၍ မိုးနံ့သာဆီသူခိုးကြည့်လိုက်၏။ ဆိုင်ပြင်ဘက်မျက်နှာပြန်လွှဲနေသည်ကို မြင်ရသည်။ ထိုအခါကျမှ စားပွဲထိုးကြီးဆီ သွားဖြဲရယ်ပြရင်း မီနူးစာအုပ်ကို အတည့်ပြန်လှည့်နိုင်တော့၏။

ခဏလောက် ဟိုဟိုဒီဒီကြည့်ပြီးမှပင် စာအုပ်ကို စားပွဲပေါ်ပြန်ချထားလိုက်သည်။

စားပွဲပေါ်ချလိုက်ချင်းမှာပင် စားပွဲထိုးကြီးက ပြန်သိမ်းသွားလေ၏။

ထို့ကြောင့် မိုးနံ့သာ၏အကြည့် နောက်တစ်ကြိမ် လွင့်ဝဲရောက်ရှိချိန်မှာတော့ သူ့ရှေ့မှာကာစရာမရှိတော့ ....။ လုပ်မိလုပ်ရာအဖြစ် ခေါင်းကိုသာ ငုံ့ချလိုက်မိလေ၏။

အလျှင်အမြန်ငုံ့လိုက်ရသဖြင့်လည်းကောင်း၊ လုပ်မိလုပ်ရာလုပ်လိုက်ရသဖြင့် လည်းကောင်း သူ့ရှေ့ကစားပွဲခွန်းကို မမြင်လိုက်မိပါ။ ထို့ကြောင့် စားပွဲဘောင်သည် သူ့နဖူးနှင့်အုံးခနဲ တည့်တည့်ကြီးဝင်ဆောင့်မိလေတော့၏။

တော်တော်ကြီးနာသွားသော်လည်း သူပြန်မထရဲ။ နံဘေးမှကောင်မလေးက စိုးရိမ်တကြီးမေး၏။

"ဘာဖြစ်တာလဲဟင်"

"ဟို ... ခုံ ... ခုံ ကလေ ... နဲ့နေသလား မသိဘူး"

ခေါင်းကြီးငုံ့လျက်သားမှ ထိုင်ခုံကို ဟိုကြည့်ဒီကြည့် လုပ်ပြ၏။ တစ်အောင့်လောက်နေလို့ ဟိုတစ်ယောက်အကြည့် ပြန်လွှဲလောက်ချိန်မှ သူကျိုးကြည့်ကြောင်ကြည့်ဖြင့် ထ,နိုင်လေတော့၏။

"ဟဲ ... ဟဲ ဘာမှမဖြစ်တော့ဘူး၊ ကောင်းသွားပြီ"

နံဘေးမှ ကောင်မလေးဆီ ပြုံးရင်း လှည့်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကတော့ မျက်လုံးအစိုင်းသားဖြင့် ခေါင်းကိုသာ အတွင်သားကုတ်နေ လေတော့၏။ စဉ်းစားမရဖြစ်နေဟန်က သူ့မျက်နှာတွင် အထင်းသား ...။

နောက်ထပ်တစ်ကြိမ် ဟိုတစ်ယောက် ခေါင်းလှည့်အလာမှာတော့ သူကနည်းနည်းပါးနပ်သွားချေပြီ။ ခေါင်းကိုအဆုံးထိ ငုံ့မချတော့ သူ့ကိုမမြင်ရရုံသာ စားပွဲနှင့်အညီနီးပါး မျက်နှာကို ဝပ်ချလိုက်၏။ သို့သော် ဒီတစ်ကြိမ်မှာ အနှောင့်အယှက်က စားပွဲထိုးကြီးဖြစ်၏။ ခုနက မီနူးစာအုပ် သွားသိမ်းသော စားပွဲထိုးကြီးမှာ အနားပြန်ရောက်နေလေပြီ။

"ဘာဖြစ်လို့ပါလဲခင်ဗျာ"

ခပ်တိုးတိုးပြောလိုက်ခြင်းဖြစ်သော်လည်း သူ့မှာ ဆတ်ကနဲတုန်သွား၏။ လုပ်မိလုပ်ရာ ရှေ့ကရေဖန်ခွက်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဟို ... ကြည့်နေတာ"

"ဪ ... ရေထဲမှာ အနည်တွေပါလို့လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ အနည်တွေပါလို့ ကြည့်နေတာ"

ချောလဲရောထိုင် ပြောမကာမှ ပိုဆိုးသွား၏။ ချက်ခြင်းပင် သူ့မျက်နှာရှေ့မှ ရေဖန်ခွက်ကိုလာဖယ်ယူလေသည်။

"ဘာ ... ဘာလုပ်မလို့လဲ"

"ရေလဲပေးမလို့လေ"

သူ့မှာ လှမ်းတားချိန်ပင် မရလိုက်ပါ။ ဖိုးကနဲဆတ်ကနဲယူသွားသဖြင့် မျက်နှာရှေ့၌ အကွယ်အကာမရှိ ဟင်းလင်းဖြစ်သွားလေတော့၏။



ရှတော်သေးသည်။ မိုးနှံ့သာမှာ သူ့ကိုမမြင်လိုက်ဘဲ ပြန်လှည့်သွားပြန်လေ၏။

ထိုသို့ဖြင့်ပင် အဝေးသို့ငေးနေသော မိုးနှံ့သာ သူ့ဘက်လှည့်လှည့်လာတိုင်း ကိစ္စများရလေတော့၏။ ကြာလာတော့ သူ့မှာ မိုးနှံ့သာကိုပင် ကြိတ်ကျိန်ဆဲမိသည်။ နံဘေးမှကောင်မလေးကလည်း သူ့အပြုအမူတွေကို နားမလည်နိုင်လွန်းသဖြင့် အရူးတစ်ယောက်လို သူ့ကို ကြည့်နေချေပြီ။

ပါဆယ်မှာထားသော ဟင်းပွဲတွေကလည်း ကြာပဲကြာနိုင်လွန်း၏။ ယင်းတို့ မရောက်သေးခင်း ဟိုကမမြင်စေဖို့ အနည်းနည်းကွယ်ရ၊ ပုန်းရနဲ့ တကယ့်ဝဋ်ဒုက္ခကြီးပင် ဖြစ်တော့၏။

ဒီကြားထဲ စားပွဲထိုးကြီးကလည်း ဘုမသိဘမသိ ဝင်ဝင်ရှုပ်လိုက်သေးသည်။ မဆီမဆိုင် အလိုက်ကလည်း သိနိုင်လွန်း၏။

တစ်ကြိမ်တွင် ဟိုကလှမ်းကြည့်သဖြင့် သူခေါင်းငုံ့နေရစဉ် စားပွဲခင်းအဝတ်ကို မ,ကာ ကွယ်လိုက်မိ၏။ သူခေါင်းပြန်မော့တော့ စားပွဲထိုးကြီးမှာ လက်သုတ်ပဝါတစ်ခုနှင့်အတူ သူ့အနားအသင့်ရောက်နေလေသည်။

"ဘာလုပ်ဖို့လဲ"

မေးတော့ ...

"ခုန လက်သုတ်တာမဟုတ်လား၊ ဒါနဲ့ သုတ်လေ"

တဲ့။ သူမှာအော်ပြီးတော့သာ ငိုလိုက်ချင်မိတော့၏။ စိတ်ကလည်း တော်တော်အချဉ်ပေါက်လာသည်။ ထို့ကြောင့်ပင် နောက်ဆုံးတစ်ခေါက် ဟိုကခေါင်းလှည့်လာစဉ်မှာတော့ ခုံပေါ်မှဆင်း၍ ကြမ်းပေါ်အောင့်ကြောင့်သာ ထိုင်ချနေလိုက်တော့၏။ သူရည်ရွယ်သည်က ဟိုတစ်ယောက် မမြင်အောင်ပုန်းဖို့၊ စားပွဲထိုးကြီးလည်း ဝင်ရှုပ်ဖက်မလာစေဖို့ ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယင်းကြောင့်မကောင်းသော အကျိုးဆက်များစွာမှာ ဖြစ်ပွားလာခဲ့ချေ၏။

အရင်ဆုံး သူ့နံဘေးကကောင်မလေးဆီမှ ဖြစ်သည်။ သူလုပ်နေသမျှကို အံ့ဩရုံသာအံ့ဩနေခဲ့သော ကောင်မလေးမှာ ဒီတစ်ခါပျာပျာ သလဲ ဖြစ်သွားလေ၏။

"ဘာ … ဘာဖြစ်တာလဲဟင်"

အကောင်းဆုံး ဆင်ခြေကို ပေးရန် သူအပြေးအလွှားစဉ်းစား၏။ ရုတ်တရက် စဉ်းစားမရ။ ထို့ကြောင့် ဆောင့်ကြောင့်ထိုင်နေရင်းမှ မော့ကာသာ ပြုံးပြလိုက်လေသည်။ ကောင်မလေးက ထပ်မံမေးပြန်၏။

"ဘာဖြစ်တာလဲ … ပြောပါ"

"ဟို … ဟို၊ ခြေထောက်ကျဉ်လို့ပါ"

ယင်းအဖြေကို ပေးနိုင်သွားသည့်အတွက် သူအတော်ကျေနပ်သွားမိသည်။ ကောင်မလေးကလည်း "ဪ"ဟု ဘဝင်ကျသွားပုံရ၏။

"တော်တော်ဆိုးလားဟင်"

"ရပါတယ်၊ ဒီလိုခဏနေလိုက်ရင် သက်သာသွားမှာပါ"

သို့သော် အဆင်မပြေတာက နံဘေးစားပွဲတို့ရှိ လူများဖြစ်သည်။ ခုနက သူလုပ်နေသမျှကို အဲဒီလူတွေ စိတ်ဝင်စားနေကြမှန်း ကိုယ့်အာရုံနှင့်ကိုယ်မို့ သူလုံးဝသတိမထားမိ။ ခုလိုခုံအောက် ဆောင့်ကြောင့်ဆင်းထိုင်သည့်အခါမှာတော့ ဘေးစားပွဲတို့ရှိ လူတွေအကုန်လုံးက သိသိသာသာမြင် အံ့ဩတကြီးဖြင့် သူ့ကိုဝိုင်းကြည့်ကြ၏။

ပြီးတော့ မမြင်မိသူကိုလည်း လက်တို့ပြကြ၊ တီးတိုးတီးတိုး သတင်းဖိုးလုပ်ကြနှင့် ကြွတ်စီကြွတ်စီဖြစ်နေလေတော့၏။



ထိုလူတွေဆီ သူကြည့်မိသည့်အခါ တော်တော်ပင် ရှက်သွားရ၏။ ဒီတိုင်းဆက်နေလို့ မဖြစ်တော့။ ဘာလုပ်ရကောင်းမလဲ စဉ်းစားရင်းမှ အနားတွင်ရပ်နေသော စားပွဲထိုးကြီး၏လက်တွင်းမှ သတ္တုလင်ပန်း ကို သွားမြင်သည်။ ဒါကြီးနဲ့ဆို မျက်နှာကိုကောင်းကောင်း ကာလို့ ရတာပဲ။

သူအသာလေး ထရပ်လိုက်၏။ ထင်သည့်အတိုင်း မှိုနံ့သာမှာ ဟိုဘက်ပြန်လှည့်နေလေပြီ။ ဘေးရှိ ငေးကြောင်ကြောင်ကြည့်နေသော ကောင်မလေးကို အနားကပ်ကာ တီးတိုးပြောလိုက်သည်။

"ဟင်းပွဲတွေလာရင် ယူလာခဲ့နော်၊ ကိုယ်သွားနှင့်မယ်"

"ဘယ်သွားမှာလဲဟင်"

"ဘယ်မှမဟုတ်ပါဘူး၊ ဆိုင်ပြင်မှာ ထွက်စောင့်နေမှာပါ၊ ဒီမှာထိုင်နေရတာ ညောင်းလာလို့"

"အင်း … အင်း၊ သွားလေ"

တစ်ဆင့်တော့ပြီးပြီဟု တွေးမိသည်။ စားပွဲထိုးကြီးဆီ လှည့်ဖို့ပြင်သည်။ ထိုစဉ်မှာပင် ကောင်မလေးက သူ့လက်ကို လှမ်းဆွဲထားလေသည်။

"ဟာ … နေဦး … နေဦး"

"ဘာလို့လဲ …."

သူနည်းနည်းခေါင်းနပမ်းကြီးသွား၏။

"မီးမီးမှာ ပိုက်ဆံအိတ်ပါမလာဘူးလေ။ ဟင်းပွဲတွေလာရင် ပေးဖို့က …"

"ဪ ဒါများ၊ ရော့ … ရော့ ကိုယ့်ပိုက်ဆံအိတ်ယူထားလိုက်"

www.burmeseclassic.com

www.burmeseclassic.com



ခုမှပင် သူစိတ်အေးလက်အေး ထွက်လာနိုင်တော့၏။ စားပွဲထိုး ကြီးဆီသွားလိုက်သည်။

"အဲဒီလင်ပန်းလေး ခဏပေးစမ်းပါ"

"ဘာလုပ်ဖို့လဲ"

"အရေးကြီးလို့ဗျ"

သူကမ်းမပေးခင်ကတည်းက လင်ပန်းကို လက်ကဆွဲထားပြီး ဖြစ်သည်။ စားပွဲထိုးကြီးမှာ ကြောင်တောင်တောင်ဖြင့်ပင် ထူးရဲမင်း လက်ထဲလင်ပန်းရောက်လာခဲ့၏။

လင်ပန်းရသည်နှင့်ပင် သူထိုနေရာမှ လှည့်ထွက်ခဲ့လိုက်၏။ လင်ပန်းကို ပခုံးပေါ်တွင်ထောင်၍ တင်ထားလိုက်သည်။ ပခုံးနှင့်ထမ်းလာ သည့်သဘော ...။ တကယ်တမ်းကတော့ မိုးနံ့သာ မမြင်စေရန် သူ့မျက်နှာကို ကွယ်၍သွားခြင်း ဖြစ်ပါသည်။

တဖြည်းဖြည်းနှင့် အပေါက်ဝနားတွင် ထိုင်နေသော မိုးနံ့သာ နားနီးလာလေလေ ရင်တွေတဒိုင်းဒိုင်း အခုန်မြန်လာလေပင်။ သူ့ဆီ ကြည့်များကြည့်နေမလား၊ ရိပ်မိသွားပြီလား စိုးရိမ်သည်။ စိတ်ထဲ အရမ်းသိချင်နေသော်လည်း လှည့်မကြည့်ရဲ၊ တော်ကြာတည့်တည့် တိုးသွားမှ ခက်လိမ့်မည်။

ထိုသို့ဖြင့်ပင် စိတ်တွေလှုပ်ရှားရက်သားမှ တရွေ့ရွေ့တိုးသွား ရင်းဖြင့် အန္တရာယ်နေရာအနီး ရောက်ရှိလာခဲ၏။ ထိုအထိဘာပြဿနာမှ မပေါ်သေး။ မလှမ်းမကမ်းတွင် စားသောက်ဆိုင်၏ တံခါးပေါက်ကိုပင် မြင်နေရပြီ။ လွတ်ပြီ၊ ကျွတ်ပြီဟော့ဟု ဝမ်းထဲကကျိတ်ကာပင် အော်နေ မိ၏။ လေးပင်သော သက်ပြင်းတို့များစွာကို အားရပါးရဟီးချမလို့ ပြင်စဉ်မှာပင် ...



"ဆရာ... ဆရာ ... မှာထားတွေရပြီလေ၊ ဟော့ဒီမှာ ယူမသွားတော့ဘူးလား"

အသံကြားကြားချင်းမှာပင် ငါတော့သွားပြီဟု သိလိုက်၏။ ယူသိပ်မရှုပ်သော ဆိုင်ဖြစ်သဖြင့် စားပွဲထိုး၏အော်သံမှတစ်ဆင့် သူ့ဆီ လူတွေ အာရုံရောက်မှာ ကျိန်းသေပါသည်။ ထိုအခါ မိုးနံ့သာလည်း...

"မထူးတော့ပြီ"ဟု သုတ်ချေတင်ဖို့ ပြင်သည်။ နောက်က အသံကို ထပ်ကြားရပြန်၏။

"ဆရာ ... ခဏနေပါဦးခင်ဗျာ ... ဒီမှာ မှာထားတာတွေ ရပြီလေ ယူသွားပါဦး"

နောက်က အပြေးလိုက်လာသံကို ကြားရ၏။ ခုမှ တာဝန်သိ တတ်လွန်းနေ၏။ အားရပါးရ နားရင်းသုံးချက်လောက် ဆုချပေးဖို့ ကောင်းလှတော့သည်။

ကောင်မလေးကို ဟင်းတွေယူလာခဲ့ဖို့ မှာထားရဲ့သားနဲ့ကွာ။ ကောင်မလေး ဝင်ပြောမလား နားစွင့်ကြည့်သော်လည်း အသံမှ မကြားရ။ ထိုအချိန်မှာပင် မိုးနံ့သာရှိရာ စားပွဲဆီမှ လှုပ်ရှားလိုက်သံလိုလို ကြားရ၏။

ခြေကိုပို၍ အရှိန်မြှင့်သည်။ သို့သော် ရှေ့ဘက်မျက်စောင်းထိုး မှ လူရိပ်ကို ရုတ်တရက်မြင်လိုက်ရသောအခါ လင်ပန်းကွယ်လျက်မှ တစ်ဘက်သို့ ချာကနဲလှည့်လိုက်လေ၏။

မိုးနံ့သာမှာ တစ်ဘက်သို့ လိုက်ရွေ့လာသည်။ လင်ပန်းကြီး ကွယ်လျက်ပင် သူ့တစ်ဘက်သို့ လှည့်ပြန်၏။ ယင်းသို့ဖြင့်ပင် သူနှင့် မိုးနံ့သာတို့ လင်ပန်းကြီးကွယ်လျက် နေ့ခင်းကြောင်တောင် တူတူ ပုန်းတမ်းကစားနေသည်မှာ သူ့နာမည်ကို လှမ်းမခေါ်လိုက်ခင် အချိန်ထိ ပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုထူးရဲမင်း"

နာမည်တောင်လှမ်းခေါ်နေမှတော့ သူဘာမှမတတ်နိုင်တော့။ လင်ပန်းကို အနေးကွေးဆုံးနှုန်းဖြင့် ဖယ်ရင်း မျက်နှာကအပြုံးဆုံး ပြုံးပြ လိုက်၏။

"ဟီး ... ဟီး"

ရှေ့တည့်တည့်တွင် ကြောင်တောင်တောင် ဝေခွဲမရ မျက်ဝန်းများဖြင့် မိုးနှံ့သာကို မြင်ရ၏။ သူနောက်တစ်ကြိမ် သွားဖြီးပြလိုက်သည်။

"မိုးနှံ့သာ နေကောင်းတယ်နော် ဟီး ... ဟီး"

ပြီးတော့ ချက်ချင်းပဲ အလိုက်မသိလွန်းသည့် စားပွဲထိုးကို မိုက်ကြည့်လှမ်းကြည့် ပစ်လိုက်၏။ ဒင်းက ဟင်းထုတ်တွေကိုင်လျက် မလှမ်းမကမ်းမှာ သူ့ကိုပေးရန် အသင့်စောင့်နေချေ၏။

မိုးနှံ့သာမှာ စဉ်းစားမရဖြစ်နေပုံ ပေါ်သည်။ အခုလိုအချိန်တွင် လိမ်ညာစရာ ထွက်ပေါက်တစ်ခုခုကို အမြန်ဆုံးရှာရမည်မှန်း ထူးရဲမင်း နားလည်လိုက်၏။ သို့သော် ကံကြမ္မာသည် သူ့ကိုဉာဏ်ကွန့်မြူးခွင့် လေးပင် မပေးပါ။

"ကိုကို"

ဘယ်အချိန်က အပြေးရောက်လာသည်မသိသော (စားပွဲ၌ ကျန်ခဲ့သည့်) ကောင်မလေးက သူ့လက်မောင်းကို လာချိတ်လိုက်သည့် အချိန်တွင် ထူးရဲမင်းတစ်ယောက် ၇၅ခါပြန်လောက် လဲသေချင်စိတ် ပေါက်သွားတော့၏။

စွာသလောက် အကင်းပါးလွန်းသော မိုးနှံ့သာကလည်း လည်လိုက်သည့်ဖြစ်ခြင်း ...။ ဖယ်ရာရီကားဘီးက ကြီးတော် ခေါ်ချိုးမိမည်ထင်၏။ ထူးရဲမင်းနှင့် ကောင်မလေးကို တစ်လှည့်စီ



ကြည့်ရင်း နှုတ်ခမ်းတွေ ချက်ချင်းမဲ့သွားခဲ့၏။ မျက်လုံးတွေက လှောင်သလိုလို ပြုံးယောင်သန်းသွားပြီး "ရှင်ကဒီလိုကိုး" ဆိုသည့် စကားကို အသံလုံးဝမပါဘဲ အကြည့်ဖြင့် ပီပီပြင်ပြင် သရုပ်ဖော်နေလေသည်။

ထူးရဲမင်းမှာတော့ အနီးအနားရှိပုလင်းများ၊ ဖန်ခွက်များဆီသို့သာ မျက်ချေမပြတ်ဝံ့ဘဲရှိ၏။ မတော်လို့ ဟိုကထ,တီးမယ်ဆိုရင် အဲဒါတွေကသာ ဖြစ်နိုင်ခြေအရှိဆုံး မဟုတ်လား။

ထိုစဉ်မှာပင် စားသောက်ဆိုင်၏ မှန်တံခါးကို တွန်းဖွင့်လျက် ယောကျ်ားလေးတစ်ယောက် ဝင်လာခဲ့၏။ ဒါကို ကိုယ့်အာရုံနှင့်ကိုယ် ကိုယ်စီရှိနေကြသည့် ထူးရဲမင်းရော မိုးနှံ့သာပါ မမြင်လိုက်။ ဆိုင်ထဲ ရောက်လာပြီးသည်နှင့်ပင် ထိုလူသည် မိုးနှံ့သာဆီ တန်းတန်းမတ်မတ် လျှောက်လာကာ ပခုံးလှမ်းဖက်လေတော့၏။

"ဆောရီးပဲ အချစ်ရယ် ... ကိုယ်နောက်ကျသွားတယ်"

ထူးရဲမင်းမှာ ထိုအချိန်ကျမှ မိုးနှံ့သာတစ်ယောက် ဆိုင်ထဲဝင်လာပြီးသည့်တလျှောက်၌ အပြင်ကို ငေးနေရသည့်အကြောင်းရင်းကို သိသွားတော့၏။ ထို့နောက် ချက်ချင်းပဲ မိုးနှံ့သာ၏မျက်နှာပေါ်ခုနက ရှိနေသော လှောင်ပြောင်သည့်အကြည့်မှာ သူ့မျက်နှာဆီ ကူးစက် ရောက်ရှိသွားလေ၏။ ချက်ချင်းပဲ ထူးရဲမင်းပါးစပ်က စကားတစ်ခွန်း ထွက်သွားသည်။ ထိုအချိန်တွင် မိုးနှံ့သာကလည်း သူ့ကို ကြည့်ပြော လိုက်သည်နှင့်ဆိုရာ စကားသံနှစ်သံမှာ ပြိုင်တူထွက်သွားလေတော့၏။

"မင်းက သစ္စာမရှိတဲ့သူပဲ"

"ရှင်က သစ္စာမရှိတဲ့သူပဲ"

သူတို့နှစ်ယောက် ထိုသို့ အပြန်အလှန်ပြောသည့်အခါ နံဘေး နားတွင်ရှိနေကြသော ကိုယ်စီ၏အတွဲများမှာ နားမလည်နိုင်ပဲ ပြိုင်တူ မေးကြသည်။

"ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူတို့ကလည်း ကိုယ်လူကိုယ် "အသာနေစမ်းပါ"ဟု အသီးသီး ပိတ်ပင်လိုက်သည်။ ပြီးတော့ ထူးရဲမင်းနှင့် မိုးနံ့သာသည် မျက်နှာချင်းပြန်ဆိုင်ကြပြီး သံပြိုင်ပင် တစ်ယောက်နှင့်တစ်ယောက် ရန်တွေ့ကြလေတော့၏။

"ဘုရားမှတ်လို့ ကိုးကွယ်တာ ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်"

"မင်းက ပါးစပ်ကဘုရား၊ ဘုရား လက်ကကားယားကားယား ဆိုတဲ့ လူမျိုးပဲ"

နိုင်းနှိုင်းသည့်ဥပမာချင်းက ဆင်နေ၏။ ထို့နောက် တစ်ယောက်နဲ့တစ်ယောက် ပြိုင်တူပင်လက်ညှိုးထိုးကြပြန်သည်။

"ရှင် အဲဒီလိုမစွပ်စွဲပါနဲ့"

"မင်း အဲဒီလိုမစော်ကားနဲ့"

အသံတွေချင်းက အပြိုင်ထွက်ပေါ်လာရာ တော်တော်ကျယ်သွားပြီး ဆိုင်ထဲကလူတွေအကုန် ဝိုင်းကြည့်ကြလေ၏။ သူတို့ကတော့ နှစ်ယောက်လုံး နည်းနည်းမှမလျှော့ကြ။

"စွပ်စွဲတော့ ဘာလုပ်ချင်လဲ"

"စော်ကားတော့ ဘာလုပ်ချင်လဲ"

ထိုအခါကျတော့ ဘေးကအဖွဲ့တွေမှာ သည်းမခံနိုင်ကြတော့ပါ။ သူတို့ နှစ်ယောက်ရဲ့ဇာတ်ရှုပ်ကိုလည်း ရေရေလည်လည် သဘောပေါက်သွားကြ၏။ မိုးနံ့သာ၏လူက စ၍

"ဘာတွေဖြစ်နေကြတာလဲကွာ တော်ပြီ ပြန်မယ်"

ဟုဆိုကာ စိတ်ဆိုးမာန်ဆိုး ထွက်သွားသည်။ ထူးရဲမင်း၏ ကောင်မလေးကလည်း မျက်ရည်လေး ဝဲတဲဝဲတဲနှင့် ....

"ကြော် ... ခုနက ထူးထူးဆန်းဆန်းတွေလျှောက်လုပ်နေတာ ဒါကြောင့်ကိုး၊ ခုမှပဲသဘောပေါက်တော့တယ် ... တော်ပြီ မီးမီးလဲပြန်မယ်"



ဟု မရှေးမနှောင်းလိုက်ထွက်သွား၏။ အရေးထဲ ခုနက အလိုက်မသိစွာ ဟင်းထုတ်တွေလိုက်ပေးသော စားပွဲထိုးက ကောင်မလေးနောက် အထုပ်တွေအတင်းလိုက်ပေးပြန်၏။ ကောင်မလေးက ငိုယိုရင်း နောက်ကို လုံးဝပြန်မကြည့်။ စားပွဲထိုးမှာ

"အစ်မ ... ဒီမှာခင်ဗျ၊ ဒါလေးယူသွားပါဦး"

ဟု ရေရွတ်ရင်း ဆိုင်ပြင်ထိ နောက်က တောက်လျှောက်ပါသွားလေတော့သည်။ ယင်းသို့ဖြင့် ထိုနေရာတွင် တစ်ယောက်ကို တစ်ယောက် မျက်နှာချင်းဆိုင်ကြည့်ကာ ရန်စောင်နေကြသော သူတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

တစ်ယောက်ကမှ အလျှော့မပေး။ တစ်ယောက်ပါးစပ်ပြင်လိုက်သည်နှင့် တစ်ယောက်ကလည်း ပြောထည့်လိုက်ပြီးသား ဖြစ်လေသည်။

"အဲဒါ ရှင့်ကြောင့်ဖြစ်တာ"

"အဲဒါ မင်းကြောင့်ဖြစ်တာ"

"တော်ပြီ ရှင့်လိုလူစားမျိုးနဲ့ ဆက်တွဲရမှာ မသတ္တိဘူး"

"ငါကလည်း မင်းကိုတစ်သက်စာ ထာတာ့ပါပဲကွာ"

"အံမယ် ရှင်ကများ ပြောရတယ်ရှိသေးတယ်၊ ရှင်က ဘာမို့လဲ"

"မင်းကရော ဘာမို့လဲကွ"

"ဒီက ... ရှင့်ကို သနားလို့တွဲနေတာ အဟုတ်ကြီးထင်မနေနဲ့နော်"

"သနားရအောင် ငါကဆွန်နာမိဒုက္ခသည်မှ မဟုတ်တေကွ"

"ဒါပေမယ့် ရှင်ပဲရည်းစားစကားပြောခုန်းက ... မိုးကြောင့် အိပ်ရေးပျက်ပေါင်းလည်း များပါပြီ၊ အိပ်မက်ထဲမှာလည်း

www.burmeseclassic.com



မိုးကိုပဲ မက်တယ်။ ဘာအကြောင်းတွေးလိုက် တွေးလိုက် မိုးအကြောင်းပဲ ပေါ်လာတယ်ဆိုတာနဲ့ ပြန်မှမကြိုက်မိရင် ရှင်ရှုံးသွားမယ်ဆိုလို့ ပြန်ကြိုက်ခဲ့တာ နားလည်လား"

"ဟားဟား မိုးနဲ့သာရယ် အဲဒါလျှောက်ပြောတာကွ၊ ငါက မင်းလိုမိန်းမမျိုးကို ဒီလောက်ကြွေပါ့မလား"

"အံမယ် ရှင်ကများ ...၊ ဒီကလည်း ရှင့်ထက်ဆယ်ဆသာတဲ့ ဟာကိုတောင် ဟော့ဒီလို ဖိနပ်ကိုကိုင်ခိုင်းဖို့တောင် ဝေးသေးတာ"

မိုးနဲ့သာက သဏ္ဍာန်လုပ်သရုပ်ပါအောင် ခြေကိုရှေ့ဆန့်ထုတ်ရင်းပြော၏။ ထူးရဲမင်း တော်တော်ဒေါသထွက်သွားသည်။

"ဩော် ... ဒါကြောင့် ခုနဘဲကြီးက မခံ့ဖက်တာကိုး၊ သူ့ကင့်ထက် အဆတစ်သိန်းလောက်သာတယ် ထင်ပါရဲ့နော်"

"အံမယ် အဲဒါအတည်မှ မဟုတ်တာ၊ အတည်ယူမယ်ဆိုရင်ပြောတာ"

"မင်းဟာက အပြောပဲရှိပါတယ်ကွာ၊ ငါကမှလက်တွေ့သိလား မင်းထက်အပုံကြီးသာတဲ့ မိန်းမနဲ့ ငါ့မိဘတွေက သဘောတူထားပြီးသားရှိတယ်၊ ငါက မယူချင်သေးလို့၊ ခုတော့ ရှေ့တစ်ပတ်ကျရင် ရန်ကုန်ကို အဲဒီကောင်မလေးနဲ့ တွေ့ဖို့သွားတော့မယ်"

"ဩော် ဟုတ်လား ... ယုံလိုက်မယ်နော်"

"တကယ်ပြောတာကွ .. အဲဒီကောင်မလေးက မင်းထက် အစစအရာရာ အပုံကြီးသာတယ်။ ပိုက်ဆံကလည်း ရှိမှရှိ။ ဉာဏ်ကလဲ တတ်မှတတ်။ ရုပ်ကလည်း ချောမှချော။ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှမှလှ"



[ ၂ ]

သွယ်သွယ်မေသည် ဓါတ်ပုံဆိုင်ထဲ အလောသုံးဆယ် ဝင်လိုက်ရာ သူ့ခန္ဓာကိုယ်ကြီးနှင့် အဝင်တံခါးဝတွင် တစ်နေလေ၏။ အရေးထဲ ဓါတ်ပုံဆိုင် ဆွဲတံခါးက ကြပ်နေသဖြင့် ဆွဲဖွင့်မရ။ သို့ဖြင့် သူမမှာ ရှေ့တိုးမရ နောက်ဆုတ်မရနှင့် ထိုအဝတွင်ပင် ပုလင်းဝ နှုတ်ဆို့ကြီး ဆို့နေသလို ကြွားကြွားရွှားရွှားကြီး ယက်ကန်ယက်ကန် ဖြစ်နေလေတော့၏။

နာမည်နှင့်မလိုက်အောင်ပင် သူမခန္ဓာကိုယ်ကြီးကလည်း "ဝ" လွန်းပါသည်။ ဒါကိုပင် သူမက အင်တာနေရှင်နယ် ဖော်ဒီတဲ့။ ဘာတယ်တမ်းမှာ အင်တာနေရှင်နယ် မော်ဒယ်မလေးများ၏ ခါးရင်တင် အချိုးအစားတစ်ခုစီကို ၂၀ နှင့်လိုက်ပေါင်းမှသာ သွယ်သွယ်မေ၏

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အချိုးအစားနီးပါးကို ရလိမ့်မည်ဖြစ်၏။ ထိုမျှပင် သွယ်သွယ်မေက မြည့်ဖြိုးပါချေသည်။ ယခုလည်း လူတိုင်းဝင်နိုင်သော တံခါးပေါက်ကို သူ့ကျမှ တစ်နေချေ၏။

သူ့ကြောင့် ဓါတ်ပုံဆိုင်မှ အလုပ်သမားလေးတွေ တော်တော်အလုပ်များသွားသည်။ အထဲက ကောင်လေးနှစ်ယောက်က ဝိုင်းဆွဲ။ နောက်အက်မှ ရောက်လာသော ကောင်လေးက ဝိုင်းတွန်းလုပ်မှ ဗူးဝမှ အဆို့ကျွတ်သလို "ပလုပ်" ကနဲ ရှေ့ဘက် မာပ်ထိုးရောက်ရှိသွား၏။

တော်ပါသေးသည်။ ရှေ့မှလှမ်းဆွဲသော ကောင်လေးက သူ့ဆီ သွယ်သွယ်မေ အရှိန်ဖြင့်ရောက်ရှိလာသည်ကို လျင်လျင်မြန်မြန် ဖမ်းတွန်းထားနိုင်ပေလို့။ နို့မို့ဆို သူသာ မြန်လည်းမမြန်၊ သန်လည်းမသန်မာပါက အရှိန်နှင့်ရောက်ရှိလာသော သွယ်သွယ်မေ့ကိုယ်ခန္ဓာကြီးလဲပြိုကာ သူ့အပေါ်ပိနေလို့ကတော့ သူ့အဖြစ်မှာ "တုံးအောက်က ဖား မြားတဲ့ဖားကပြား" ဖြစ်နေပေတော့မည်။

ထိုသို့သာ ပုံပန်းမကျစွာ ဓါတ်ပုံဆိုင်ထဲ ဝင်လာရသော်လည်း သွယ်သွယ်မေကတော့ ဘာမှမဖြစ်သလိုပင်။ အနည်းငယ်တွန့်သွားသော အင်္ကျီအဝတ်အစားတွေကို ဆွဲဆန့်ပြီး ဓါတ်ပုံဆရာဆီ တန်းတန်းမတ်မတ် ဆက်လျှောက်သွား၏။

မော်ဒယ်ကောင်မလေးတစ်ယောက်ကို အလှပုံတွေ ရိုက်ပေးနေသော ဓါတ်ပုံဆရာသည် သွယ်သွယ်မေကို မြင်သောအခါ မျက်ခုံးနှစ်ဘက် နည်းနည်းပင့်သွား၏။

"ဒီနေ့လည် ဓါတ်ပုံရိုက်ဖို့ ကြိုစာရင်းပေးထားတာလား"

"ဟုတ်ကဲ့"

ဓါတ်ပုံဆရာ၏ ပင့်ထားသော မျက်ခုံးများမှာ နည်းနည်းရှုံ့သွားလေ၏။

"ဟို ... သွယ်သွယ်မေဆိုတာ မ..."



"ကျွန်မပါပဲ"

ဓါတ်ပုံဆရာ ဘာမှဆက်မပြောတော့။ ထိုင်ခုံနေရာဆီ ညွှန်ပြရင်း "ထိုင်လေ" ဟု ပြောခဲ့ကာ ရိုက်လက်စ မော်ဒယ်လ်မလေးဆီသာ ပြန်လှည့်လေ၏။

သွယ်သွယ်မေမှာ ဓါတ်ပုံဆရာညွှန်ပြသောခုံတွင် ဝင်ထိုင်လေသည်။ ခုံမှာ ကြောင်ဖြင့်လုပ်ထားသော အလှခုံလေးဖြစ်ရာ သွယ်သွယ်မေ၏ အဝဒဏ်ကို မခံနိုင်။ သူမ ထိုင်ချလိုက်သည်နှင့် အိကနဲ ညွတ်ကျသွားလေတော့၏။ လန့်သွားသော သွယ်သွယ်မေက ဝုန်းကနဲ ပြန်ခုန်ထသည်။

ရိုက်ရန်ပြင်နေသော ဓါတ်ပုံဆရာက လှည့်လာပြီး မေး၏။

"ဘာဖြစ်တာလဲဟင်"

"ဟို ... ဘာမှမဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး"

"ထိုင်လေ"

"ရတယ် မထိုင်တော့ဘူး၊ ထိုင်ရတာညောင်းလို့ ဒီအတိုင်းပဲ မတ်တပ်ရပ်နေတော့မယ်"

ဓါတ်ပုံဆရာ ပြန်လှည့်သွားသည်။ သို့သော် သူ့ခမျာ လုပ်လက်စအလုပ်ထဲတွင် စိတ်ဝင်စားနိုင်တော့ဟန် မတူပါ။ ခဏအကြာ၌ သွယ်သွယ်မေဆီ လာမေးလေ၏။

"ဟို ကျွန်တော်က အလှပုံတွေရိုက်တာနော်"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မသိပါတယ်။ အစ်ကိုက နာမည်ကြီးပဲ၊ မဂ္ဂဇင်းမျက်နှာဖုံးတွေမှာ အစ်ကိုရိုက်ထားတဲ့ မင်းသား မင်းသမီးပုံတွေ၊ မော်ဒယ်လ်ပုံတွေ ခဏခဏတွေ့ဖူးပါတယ်"

"ဟုတ်တယ်ဗျ .. ရောင်းတမ်းဝင် ဓါတ်ပုံမျိုးတွေရိုက်တာဆိုတော့ ကျွန်တော်က ရိုက်ခလည်း ဈေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ရှင်၊ ကျွန်မကလဲ ကျွန်မပုံကို အဲဒီလို ရှေရှင်း တမ်းဝင်ဖြစ်အောင် ရိုက်စေချင်တာ၊ ရတယ် ... ဓါတ်ပုံ ရိုက်ခ ကျချင်သလောက်ကျပစေ"

ဓါတ်ပုံဆရာမှာ သက်ပြင်းကိုသာ ချနိုင်တော့၏။ ထို့နောက် အသံယှဲယှဲကလေးဖြင့် ..

"ဪ ... ဪ၊ ဒါဆိုရှည်းခဏနော်၊ ရှေ့ကတစ်ယောက်ကို ကျွန်တော် လက်စသတ်လိုက်ဦးမယ်"

"ရတယ် ... အစ်ကို၊ အေးအေးသာရိုက်၊ ကျွန်မကလည်း သူ့ကိုယ်နေဟန်ထားတွေကြည့်ပြီး အတုယူနေတာ၊ ကျွန်မ အလှည့်ကျရင် အဲဒီအတိုင်း လိုက်လုပ်နိုင်အောင်လို့လေ"

ထွက်သွားသော ဓါတ်ပုံဆရာမှာ သွယ်သွယ်မေ့စကားကြောင့် ခလုတ်တိုက်မိမလိုပင် ဖြစ်သွားသည်။ ပြီးတော့ စိတ်မပါ လက်မပါဖြင့်ပင် မော်ဒယ်လ်မလေးကို ခဏအတွင်း ရိုက်၍ ပြီးသွားလေ၏။

မော်ဒယ်လ်မလေးက ကင်မရာရှေ့ ဓါတ်ပုံအရိုက်ခံနေရာမှ ထွက်လိုက်သည်နှင့် သွယ်သွယ်မေသည် ထိုနေရာဆီ အပြေးအလွှား ရောက်ရှိသွား၏။ အလုပ်သမားကောင်လေးများက ဝိုင်းပြောရသည်။

"အစ်မ ခဏဖယ်ပေးပါဦး၊ Background ကားလိပ်တွေ လဲမလို့"

"ရတယ်လေ သူရိုက်သွားတဲ့ Background နဲ့ပဲ ဆက်ရိုက်မယ်"

"မဟုတ်ဘူး အဝတ်အစားအရောင်နဲ့ အဆင်ပြေအောင် လုပ်ရတာ အစ်မ။ အစ်မအတွက် အကောင်းဆုံးဖြစ်စေရမှာပါ"

ထိုအခါကျမှ သွယ်သွယ်မေတစ်ယောက် ဘဝင်ကျသွားပြီး နေရာမှ ဖယ်ပေး၏။



သူမကို ရိုက်သောအခါမှာလည်း ဓါတ်ပုံဆရာကို ...

"လှလှလေး ရိုက်ပေးနော်"

ဟု လှမ်းလှမ်းပြောရတာ အမော။ ကင်မရာက ရိုက်လိုက်သည့်အချိန်ကျမှ ထိုသို့ပြောလိုက်တာနှင့် ဆုံသွား၍ ဆယ်ပုံနီးပါး အလကားဖြစ်၏။

ရှေ့က မော်ဒယ်လ်မလေး၏ ကိုယ်နေဟန်ထားတွေကိုတော့ သူမ အသေမှတ်ထားသည်။ ထိုအတိုင်း တစ်ချပြီးတစ်ချ မလွဲအောင် မြန်လုပ်ပြီး ရိုက်၏။

သူမခန္ဓာကိုယ်ကြီးနှင့် မော်ဒယ်လ်တွေစတိုင်လုပ်သလို ရင်တွေချီ၊ တင်တွေကောက်ဆိုတော့ သွယ်သွယ်မေမှာ ဝမ်းနှုတ်ဆေးစားပြီး ဝမ်းမသွားနိုင်သဖြင့် ထွန့်ထွန့်လူးနေသလိုလို ဒါမှမဟုတ် ခါးနာ၊ ရင်အောင့် ဖြစ်နေသလို အသွင်မျိုးတွေ ပေါက်နေချေ၏။

တစ်ခါတစ်လေ ပုံမကျပန်းမကျဖြင့် မော်ဒယ်လ်တွေလို လိုက်လုပ်တာက လက်ဝှေ့သမားတွေ ကြိုးဝိုင်းထဲမှာ ဟန်ရေးပြနေသလိုမျိုးလဲ ဖြစ်ဖြစ်သွားတတ်သေးသည်။

ဓါတ်ပုံဆရာမှာ အတော်လေး သည်းခံ၍ သူမကို ဖလင် တစ်လိပ်ကုန်အောင် ကြိုးစားရိုက်ရှာပါသည်။ ဒီကြားထဲ ဓါတ်ပုံဆိုင် နံရံ၌ ကပ်ထားသော နိုင်ငံခြားမဂ္ဂဇင်းတို့မှပုံတွေကို လက်ညှိုးညွှန်ကာ အဲဒီပုံအတိုင်းရိုက်မယ် လုပ်တတ်ချေသေး၏။

ဖလင်တစ်လိပ်စာ ၃၆ ပုံပြည့်သွားတော့မှပင် ဓါတ်ပုံဆရာမှာ ဒုက္ခများကို အားရပါးရ သုတ်နိုင်တော့၏။ ထိုအချိန်အထိပင် သွယ်သွယ်မေက ဂါထာရွတ်သလို တတွတ်တွတ်ပြောနေသော စကားကို ထပ်ပြောလိုက်သေးသည်။

"ကျွန်မပုံတွေကို လှလှလေးဖြစ်အောင် လုပ်ပေးပါနော်"

တဲ့။ ဓါတ်ပုံဆရာမှာ စိတ်ပေါက်ပေါက်နှင့် ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ ... ခင်ဗျားပုံတွေ အရမ်းလှ၊ အရမ်းချော၊ မြင်တာနဲ့ မူးမေ့သွားအောင်ဖြစ်စေရပါမယ်"

ထိုအခါကျမှ သွယ်သွယ်မေ ဘဝင်ကျသွား၏။ ရှက်သလို ပြုံးရင်း "အို အစ်ကိုကလဲ" တဲ့ သူမကို ရွဲ့ပြောလို့ပြောမှန်းလည်း မသိ။ ပျော်ပျော်ရွှင်ရွှင်နှင့်ပင် ကျသင့်ငွေကိုချေ၏။ ပြီးတော့ နှုတ်ဆက်ပြီး ပြန်တော့မည်ပြုချိန်ကျမှ ဓါတ်ပုံဆရာမှာ အလွန်အမင်းသိချင်နေသော မေးခွန်းကို မေးလိုက်ဖြစ်တော့၏။

"ဟို ... သူများကိုယ်ရေးကိုယ်တာကို စပ်စုတယ်လဲ မထင်ပါနဲ့နော်၊ ဒီအလှဓါတ်ပုံတွေက ဘာလုပ်ဖို့ ရိုက်တာလဲဟင်"

"ဩော် ... ဒါလား၊ ကျွန်မရဲ့ ခင်ပွန်းလောင်းကို ပြဖို့ပါ"

"ဗျာ"

"ဟုတ်တယ်ရှင့်၊ သူနဲ့ကျွန်မက မိဘချင်း သဘောတူထားတာလေ၊ တစ်ယောက်ကိုတစ်ယောက် မမြင်ဖူးဘူး။ သူ့နာမည်က ထူးရဲမင်းတဲ့၊ မန္တလေးမှာနေတာလေ။ ရန်ကုန်သူနဲ့ မန္တလေးသားပေါ့ရှင်။ သူ့ပုံကိုတော့ သူ့မိဘတွေက ကျွန်မဆီ ပို့လိုက်ပြီးပြီ။ အခု ကျွန်မပုံကို ပို့မလို့ လာရိုက်တာလေ။ အဲဒါကြောင့် ပြောတာပေါ့။ လှလှလေး ရိုက်ပေးပါလို့"

□



[ ၃ ]

တယ်လီဖုန်းကောက်ကိုင်လိုက်သည်နှင့် တစ်ဖက်မှ အသံကျယ်ကျယ်လောင်လောင်ကို ကြားလိုက်ရသောကြောင့် ထူးရဲမင်းမှာ ယောင်ပြီး ဖုန်းခွက်လွှတ်ချမိမလိုပင် ဖြစ်သွားရသည်။

"ဟယ်လို တက္ကသိုလ် မောင်ကန့်လန့် (ပြန့်တန့်တော) လား"

"အေးပြော ... နိုင်ကို ... ဒါပေမယ့် အသံတော့ နည်းနည်းလျှော့ကွ"

"ဟားဟားဟား မင်း ငါ့အသံကြားတာနဲ့ သိသားပဲ ဘာလဲ ရလို့ မင်းကလောင်နာမည်ကို ခေါ်ပြီး နှုန်းဆက်တာ ငါတို့တွေပဲ ရှိလို့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါလဲပါတယ်။ ပြီးတော့ မင်းရဲ့ ငှက်ဆိုးထိုးသံကို ဘယ်မမှတ်မိဘဲ နေပါ့မလဲ ငှက်ဆိုးရယ်"

ယခုပင်လျှင် ဖုန်းခွက်ကို နားနှင့် ခပ်ခွာခွာကိုင်ထားရ၏။ သူ့ကိုပေးထားသော နာမည်နှင့်လိုက်အောင် တကယ်ပင် ဆိုးရွားသော အသံပိုင်ရှင်ဖြစ်၏။

ထူးရဲမင်းတို့ သူငယ်ချင်းတွေမှာက နာမည်ပြောင်တစ်မျိုးစီ ရှိကြသည်။ အခုလို အသံပြဲလွန်းသော နိုင်ကို့ကို ငှက်ဆိုးတဲ့။ အရပ်ရှည်လွန်းတဲ့ လွင်မင်းနောင် ကိုကျတော့ အလောင်းလှ။ ပိန်လွန်းတဲ့ မင်းစည် ကိုကျတော့ စကယ်လီတမ် (skeleton)၊ မျက်စိအနည်းငယ်စောင်းနေသည့် ဇင်မင်းကိုကျတော့ ၄၅ ဒီဂရီ။

ထူးရဲမင်းကိုကျတော သိသာထင်ရှားသောဖြစ်ချက်ကို ရှာ၍မရ။

သို့ဖြင့် မဂ္ဂဇင်းတွေမှာ စာတိုပေစလေးတွေ အပျော်တမ်းရေးတတ်သော သူ့ကလောင်နာမည်ကိုပင် နာမည်ပြောင်အဖြစ် တစ်ခါတစ်ရံ ခေါ်ဆိုတတ်ကြလေ၏။

နဂိုက သူပေးထားသောနာမည်က မောင်ကန့်လန့်သာဖြစ်သည်။ ဒါကို သူငယ်ချင်းတွေက ဝိုင်းမြှောက်ပေးကြ၏။ စာရေးဆရာဆိုတာ နာမည်ရှေ့မှာ ဒါမှမဟုတ် နောက်မှာ တက္ကသိုလ်ဆိုသည့် ဝိသေသတပ်မှ ဂုဏ်ရှိသည်တဲ့။ သို့ဖြင့် တက္ကသိုလ် မောင်ကန့်လန့်ဖြစ်ရ၏။

ဒါတင်လည်းမကသေး။

ဒေသတစ်ခုခုနာမည်လည်း ထည့်ဦးဆို၏။ သူကပြွန်တန်ဆာမှာ မွေးသည်မို့ နောက်ဆုံး တက္ကသိုလ်မောင်ကန့်လန့် (ပြွန်တန်ဆာ) ရယ်လို့ ဖြစ်လာရတော့သည်။



အားလုံးပေါင်းလိုက်သည့်အခါကျတော့ သူ့နာမည်ကြီးကဘာ ကြီးမှန်းမသိ။ သို့သော် သူငယ်ချင်းအားလုံးက နှုတ်မြှောက်ပေးသဖြင့် ထိုနာမည်ပင် အတည်ဖြစ်ရလေတော့သည်။ သူရေးတတ်သည်ကလည်း ဟာသဆန်ဆန်လေးတွေဆိုတော့ ထိုနာမည်နှင့် လိုက်တော့လိုက် ပါသည်။

သို့သော် တစ်နှစ်လောက်ကြာမှ မဂ္ဂဇင်းတစ်စောင်တစ်လေမှာ ဝတ္ထုတိုလေး တစ်ပုဒ်လောက်ပါသူဖြစ်ရာ ခုလို သူငယ်ချင်းတွေ ပြောင်လှောင်ခေါ်ဖို့သာ အဓိက အသုံးကျနေလေတော့၏။

"မင်းကို ငါ အကူအညီတောင်းစရာရှိလို့ကွ"

ငှက်ဆိုးက လေသံပြောင်းလျက် ထိုသို့စကားစလာသောအခါ ထူးရဲမင်း ထိတ်ကနဲဖြစ်သွားရ၏။ ဒီလေသံ ဒီအချိုးနဲ့ဆို ဒီကောင် ပိုက်ဆံချေးတော့မယ်ဆိုတဲ့ တူပါရဲ့။ လက်ထဲမှာလည်း သုံးစရာက သိပ်မကျန်တော့ ... ဒုက္ခပါပဲ။

"အင်း ... ငါလည်း ခုတလော သိပ်တော့ အဆင်မပြေဘူးကွ"

"ဟေ့ကောင်၊ ဘာလဲ ... ငါက ဘာမှတောင် မပြောရသေးဘူး၊ ဘာတွေ အဆင်မပြေနေတာလဲ"

"မင်း ပိုက်ဆံချေးမလို့ မဟုတ်ဘူးလား"

"ဟာ ... ဘယ်ကလာ၊ ငါ့များ လူတွေ့တိုင်း ပိုက်ဆံလည်ချေးတဲ့ကောင် မှတ်နေလား"

"ဟုတ်လား ... ဆောရီးကွာ၊ ဒါဆိုပြော သူငယ်ချင်း ... ပြော ... ငါ ဘာကူညီရမလဲ"

ပိုက်ဆံချေးဖို့မဟုတ်ဘူးဆို၍ ထူးရဲမင်း အားတက်သရော ဖြစ်သွား၏။ ငှက်ဆိုးက ရှက်ရွံ့သလို တစ်ချက်ရယ်လိုက်ရင်း စကားကို ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကောင်မလေးကို သိတယ်မဟုတ်လား"

"ဩော် ... အေး၊ သိတယ် သိတယ် ... အသားမည်းမည်း၊ ကိုယ်လုံးပြားပြား ရုပ်ဆိုးဆိုးနဲ့ မဟုတ်လား"

"မင်းပြောမှပဲ ငါ့ကောင်မလေးလည်း ရစရာကို မရှိတော့ပါဘူးကွာ၊ အေး ... အခု ... အကူအညီတောင်းမှာ သူနဲ့ ပတ်သက်နေတယ်ကွ"

"ဘာလဲ သူ့ကို ခိုးပြေးမလို့လား"

"ဟာ ... ရည်းစားဖြစ်တာမှ နှစ်ပတ်ထဲရှိသေးတာ ဘယ်လို ခိုးပြေးရမလဲ"

"ဒါဆို တခြားကောင် သုတ်ပြေးသွားလို့လား"

"ဟာ ... ပေါက်ပေါက်ရှာရှာ ဖွဟဲ့ လွှဲပါစေဖယ်ပါစေ၊ နမိတ်မရှိ နမာရှိ၊ မပြောကောင်း မဆိုကောင်း ... ဘာကိစ္စ အခြားကောင် သုတ်ပြေးရမှာလဲ၊ သူ့မှာရည်းစားဆိုလို့ ငါ တစ်ယောက်တည်းရှိတယ် ဟေ့ကောင်၊ သန့်သန့်လေး"

အေးပေါ့ ... မင်းတစ်ယောက်ထဲ ကြိုက်မယ့်သူရှိတာကိုးဟု စိတ်ထဲကပေါ်လာသော်လည်း မပြောဖြစ်။ ဒီထက်ပိုပြီး လျှောက်ပြောလျှင် သူငယ်ချင်းနဲ့ အခင်မင်ပျက်ရဖို့မြင်၏။

"ဒါဆို ဘာကိစ္စလဲ၊ ပြောလေကွာ"

"ပြောမလို့ပဲဟာ၊ မင်းကထင်ရာလျှောက်စွပ်ပြောနေတာကို၊ ဒီလိုကွ ...၊ ငါ့ကောင်မလေးမှာ ညီမတစ်ယောက်ရှိတယ်"

"ဘာလဲ ငါနဲ့ချိတ်ပေးမလို့လား၊ သူ့ပုံမျိုးဆိုရင်တော့ ငါ လက်မခံဘူးနော်"

"ဟေ့ကောင် ... စကားကိုဆုံးအောင် နားထောင်ဦးကွ၊ ဝင်ဝင်ဖြတ်မပြောနဲ့"



ငှက်ဆိုးက ဒေါသဖြစ်ဖြစ်နှင့် တအားအော်လိုက်သောကြောင့် ဖုန်းခွက်ကိုပင် နားနှင့်တော်တော်ဝေးဝေးခွာလိုက်ရသည်။ မလှမ်းမကမ်းရှိ ဧည့်ခန်းတွင် တီဗီရှေ့၌သူတို့ချင်း ပွစိပွစိငြင်းခုန်နေကြသော အဖေနှင့် အမေကပင် ဘာဖြစ်ပါလိမ့်ဟု လှည့်ကြည့်လာ၏။

"ဟာ ... တိုးတိုးပြောပါကွ၊ ဒီမှာနားကွဲတော့မယ်"

"အေး၊ ငါ့ကို တိုးတိုးပြောစေချင်ရင် မင်းလည်း ကောင်းကောင်း နားထောင်၊ စကားကို ဝင်ဝင်ဖြတ်မပြောနဲ့"

"ပြီးရော ... ပြီးရော၊ ပြော ... ပြော"

"အဲ ဒီလိုကွ၊ နေပါဦး ... ငါ့စကားဘယ်နားရောက်သွားပါလိမ့်"

အရေးထဲ ဒီကောင် ကိုယ့်စကားကိုယ် မေ့နေပြန်၏။ မင်းစကားက မင်းကြီးတော်ကြီးအိမ်ပေါ် တက်သွားပြီဟု ပြောလိုက်ချင်သော်လည်း အော်နေမှာစိုးသဖြင့် မပြောရဲ ...။

"မင်းကောင်မလေးရဲ့ ညီမအကြောင်းရောက်ပြီလေကွာ"

"ဩော် ... အေး အေး အဲ့ဒီညီမက ငါနဲ့သူ့အစ်မကိစ္စကို သိပ်သဘောမတူချင်ဘူးကွ၊ ငါ့ကို အမြင်မကြည်ဖြစ်နေတယ်၊ ငါ့ကောင်မလေးကလည်း သူ့ညီမကိုကြောက်ရအော ငါ့မှာ ဒုက္ခပေါ့"

"ဘာလို့ကြောက်ရတာလဲ ... စိတ်မထင်ရင် သူက သူ့အစ်မကို ကြိမ်လုံးတွေဘာတွေနဲ့ ဆော်လို့လား"

ယောင်ပြီး မဟုတ်တရုတ် ဝင်ပြောမိပြန်၏။ သို့သော် ဒီတစ်ခါတော့ ငှက်ဆိုးက သူ့အရှိန်နှင့်သူ သတိမပြုမိပုံမပေါ်။

"အဲဒီလိုတော့ ဘယ်လုပ်မလဲကွ၊ သူသဘောမကျရင် မိဘတွေနဲ့ ပြန်ထောင်တာတို့ ဆွပွစိတ်ကောင်းကြောင်ဆိုတာတို့လုပ်တာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ သူက ငယ်ကလည်းအငယ်ဆုံး၊ ပညာလေးကလည်း အတတ်ဆုံး၊ ရုပ်ကလေးကလည်း အချောဆုံးဆိုတော့ တစ်အိမ်သားလုံးက ဝိုင်းအလိုလိုက်ထားတာ … သူအမြင်ကြည်လင်ဖို့ဟာ ငါချစ်သူနဲ့ ငါ့ရဲ့အချစ်ခရီးလမ်းမှာ အရေးပါဆုံးပဲ”

အမြင်ကြည်စေချင်တာများ မျက်စဉ်းကောင်းကောင်းဝယ်ခပ်လိုက်ပေါ့ကွာဟု စိတ်ထဲကပြောလိုက်သည်။ ပါးစပ်ကတော့ …

“ဒီတော့ ငါက ဘာလုပ်ပေးရမှာတုန်း”

“ဟိုနေ့ကမှ သူနဲ့စကားစပ်မိရင်း သိရတယ်၊ သူက မင်းသမီးရူးကွ၊ မဂ္ဂဇင်းတွေဘာတွေမှာ သိုပ်ပါချင်နေတာ၊ အလှဓာတ်ပုံ တွေရိုက်ထားလိုက်တာလဲ အများကြီးပဲ၊ ဒီကနေလှမ်းလှမ်း ပို့ပေမယ့် အသိအကျွမ်းမရှိတော့ ပါဖို့မလွယ်ဘူးပေါ့ကွာ … အဲဒါ မင်းရွှေတစ်ပတ် ရန်ကုန်သွားရင် သူ့ဓာတ်ပုံတွေ ယူသွားပေးပြီး အသိစာနယ်ဇင်းတွေဆီ ပို့ပေးစမ်းပါ။ ငါမျက်နှာရတာပေါ့ကွာ”

“ပို့တာကတော့ ဟုတ်ပါပြီ၊ ပါဖို့သိပ်မလွယ်ဘူးနဲ့တူတယ်၊ ဒါလည်းစာနယ်ဇင်းလောကမှာ အသိအကျွမ်းသိပ်ရှိတာ မဟုတ်ဘူးကွ”

“ဘာပဲဖြစ်ဖြစ် တို့ထက်စာရင်တော့ မင်းကနီးစပ်တာပေါ့ကွာ၊ သူ့ဓါသနာကို ကူညီပေးတယ်ဆိုတာနဲ့တင် ငါတော်တော်မျက်နှာကောင်းရနေပါပြီ၊ သူ့ရုပ်ကလေးကလည်း တော်တော်လှပါတယ်ကွ၊ ပါမှာပါ”

“မထင်နဲ့နော် ဟောကောင်၊ အဲ့ဒီလိုလှတဲ့ ကောင်မလေးတွေက တစ်ပုံကြီး … အဲ … ဒါပေမယ့် … နေဦးကွ



ငါ တစ်ခုစဉ်းစားမိတယ် ငါ့မှာ ဝိုင်ချိုဆိုတဲ့ မဂ္ဂဇင်းအယ်ဒီတာ သူငယ်ချင်းတစ်ယောက်တော့ရှိတယ်။ သူ့ကိုပြောကြည့်ပေးရင်ရမလား မသိဘူး”

“ဟာ … ဟုတ်လား ကျေးဇူးပါပဲကွာ၊ သူကိုင်တာ ဘာမဂ္ဂဇင်းလဲကွ”

“အင်ပါယာ မဂ္ဂဇင်းလေ … နေဦး၊ မင်းပြောတဲ့သူက ယောကျ်ားလေးနဲ့တူလား”

“ဟာ မိန်းကလေးပါဆိုမှ ဘယ်လိုလုပ် ယောကျ်ားလေးနဲ့တူမလဲ”

“ဒါဆို လွယ်မယ်မထင်ဘူးကွ၊ သူ့မဂ္ဂဇင်းက ယောကျ်ားမဂ္ဂဇင်း ယောကျ်ားလေးပုံတွေပဲ အဖုံးတင်တာ”

“တလွဲကွာ ငါကသူ့ပဲ ယောကျ်ားဖြစ်အောင် လုပ်ခိုင်းရမလိုဖြစ်နေပြီ၊ ငါပြောတာ မျက်နှာဖုံးမှရယ် မဟုတ်ပါဘူး၊ အတွင်းစာမျက်နှာတွေလည်း ရပါတယ်”

ထူးရဲမင်း ဘယ်လိုလုပ်ပေးရကောင်းမလဲဟု မေးစေ့ပွတ်စဉ်းစားကြည့်မိသည်။ မဟုတ်ကဟုတ်က အကြံတွေသာ ခေါင်းထဲကထွက်လာလေသည်။

“မင်းပြောတဲ့ကောင်မလေးကို အမှူတစ်ခုခုဖြစ်အောင် လုပ်နိုင်းကွာ”

“ဘာလိုလဲ”

“ဒါဆိုမှုခင်းနဲ့ပတ်သက်တဲ့ဂျာနယ်တစ်ခုခု မှာထည့်ဖို့ လွယ်တယ်ကွ”

“ဟောကောင် … ပေါက်ကရမပြောနဲ့ကွာ”

“ငါလည်း အကောင်းဆုံးစဉ်းစားပေးတာပဲ၊ ဒါမှမဟုတ် အဲဒီကောင်မလေး အိမ်မှာထူးဆန်းတာတစ်ခုခု မရှိဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



ငါးနိုင်ပေါင်းသီးနေတဲ့ မာလကာသီးတို့၊ ပုံသဏ္ဌာန်ဆန်းဆန်း ပေါ်နေတဲ့ ခြံတောင်ပို့တို့၊ ချေးမကြီးနို့ကို ကြောင်သားလေး စို့တာတို့ မရှိဘူးလား"

"မရှိပါဘူး၊ ဘာဖြစ်လို့လဲ"

"ဒါဆို အဲဒီကောင်မလေးကို လောကီပညာတစ်ခုခုကျင့်နိုင်း ကွာ၊ ပြီးရင်အကြားအမြင်ရအောင်ဖြစ်ဖြစ်၊ ဘဝဟောင်းက တစ်ယောက်ယောက်နဲ့ အဆက်အသွယ်ရအောင်ဖြစ်ဖြစ် လုပ် ခိုင်း၊ ဒါဆို သူ့ဓာတ်ပုံ ဂမ္ဘီရမဂ္ဂဇင်းတစ်ခုခုထဲတော့ ကျိန်းသေ ပါပြီ။"

"ဟာ ဘာများလဲလို့ကွာ၊ မင်းပြောသမျှအကုန်တလွဲတွေ ချည်းပဲ ဟိုက အလှဓာတ်ပုံကဏ္ဍမျိုးမှာပါချင်တာကွ၊ တော်ပြီ မင်းဘာအကြံမှဆက်မပေးနဲ့တော့ ငါပြောသလိုသာလုပ်၊ မင်း ရန်ကုန်ရောက်ရင် သူ့ဓာတ်ပုံတွေကို Fashion Image တို့၊ သရဖူတို့၊ အပျိုစင်တို့၊ မြင်ကွင်းတို့လို မဂ္ဂဇင်းတစ်ခုခုမှာ သွားပေးခဲ့ ဟုတ်ပြီလား၊ ငါ နောက်နေ့ သူ့ဓာတ်ပုံတွေ မင်းဆီလာပို့မယ်"

"ဩော် … ဒါလား အဲလိုဆိုလည်း စောစောကပြောရော ပေါ့ကွာ… အဲဒီမဂ္ဂဇင်းတွေမှာလဲ ငါ့မိတ်ဆွေတွေ ရှိပါ တယ် … ငါပေးပေးပါ့မယ်"

"ပြောသားပဲကွ မင်းက မဟုတ်တဲ့အကြံတွေ လျှောက်ပေးနေ တာကို"

ပြီးတော့ တဟားဟားဖြင့်ပင် ထူးရဲမင်း ဖုန်းချလိုက်၏။ အခုလိုမျိုး ငှက်ဆိုးကို စ,နောက်ရတာက တော်တော်ပျော်ဖို့ကောင်း သည်။ ဒေါသဖြစ်သည့်အခါ ထွက်ပေါ်လာသည့် သူ့အသံဆိုးကြီးကို



သို့သော် သူ့အရယ်မှာ ဖုန်းဆီကခွာပြီးနောက်ဘက်လှေ့ခတ် လာသည်နှင့် တစ်ဝက်တစ်ပျက်ရပ်တန့်သွားရ၏။ ဧည့်ခန်းထဲတွင် မြင်ရ သောမြင်ကွင်းက မလှ။ သူ့အဖေနှင့်အမေသည် တီဗွီရှေ့၌ ရန်ဖြစ်နေ ကြ၏။

အမေက တီဗွီကိုကျောခိုင်းကာဆီး၍ လက်နှစ်ဖက်ဆန့်တန်း ကာ ခြေ( )ရပ်နေသည်။ အဖေလက်ထဲတွင်တော့ ရီမုတ်ကွန်ထရိုး ကိုင်လျက်

"ဟာ … အဖေတို့ ဘာဖြစ်နေကြတာလဲဗျာ"

"ဒီမှာလေကွာ ငါ့ဟာငါ ဘောလုံးပွဲကြည့်မလို့ဟာ မရဘူး တဲ့"

"အံမယ် ကျွန်မဘာသာ အစောကြီးတည်းက ကြည့်နေတာ ကို ရှင်ကအခုမှ ကြိုက်တဲ့လိုင်း လာပြောင်းလို့ရမလား"

"ဟ … ဘောလုံးပွဲက မင်းဇာတ်ကားတွေလို အချိန်တိုင်း လာနေတာမှမဟုတ်တာ ငါကကြိုဦးထားလို့ရမလား … မခင်မြ မင်းမကာပ်သပ်နဲ့ကွာ"

"ကျွန်မကို အဲဒီလို မခေါ်နဲ့"

"ဟ … မင်းနာမည်ရှိလို့ခေါ်တာပဲ"

"မခေါ်နဲ့ … မကြိုက်ဘူး"

သူ့အမေနာမည်က ဒေါ်ခင်မြရီဖြစ်၏။ အဲဒီလိုရှေ့နှစ်လုံးထဲ ခေါ်လျှင် လုံးဝမကြိုက်။ တောဆန်လို့တဲ့။ အဖေကလဲ စိတ်ဆိုးလာတိုင်း ထိုနာမည်ကို ခေါ်၏။ ထိုအခါ ရန်ထပ်ဖြစ်ရမြဲဖြစ်သည်။

"ကဲ တော်ကြပါတော့ဗျာ … နားထပ်ငြီးအောင်မငြင်းကြပါနဲ့ ဒီမှာ ငှက်ဆိုးနဲ့စကားပြောလို့ နားအူလာရတဲ့ ထပ်အော် နေကြရင် သားမှာ နားဆေးခန်းသွားပြီရပါတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး … နေပါဦးကွ၊ ခုနကမောင်နိုင်ကို ဖုန်းထဲက လှမ်းအော်လိုက်တာ ငါတို့တောင်ကြားတယ်၊ ဘာတွေဖြစ်နေကြတာလဲ"

"အလကားပါ အဖေရာ … သူ့အသိကောင်မလေးတစ်ယောက်ရဲ့ ဓာတ်ပုံကို မဂ္ဂဇင်းတွေဆီပို့ဖို့ပါ အဲဒါသားက နှောက်နေတာ"

သူနှင့်အဖေတို့ အပြန်အလှန်ပြောနေသည်ကို တီဗွီနားကပ်နေသည့် အမေက သိပ်သဲကွဲဟန်မတူ၊ နားစွန်နားဖျားကြားလိုက်ပြီး ပြန်မေး၏။

"ဟဲ့ သား သူ့အသိကောင်မလေးရဲ့ဓာတ် … ဘာဖြစ်တယ်၊ အမေ မကြားလိုက်လို့ ပြန်ပြောပါဦး"

"ကောင်မလေး ဓာတ်ချုပ်နေလို့တဲ့ဟော့ … မင်းဝမ်းသွားချုပ်ပေးလိုက်ပါလား"

ထူးရဲမင်းအဖေဟု မပြောရ၊ ကြားထဲက အရွှန်းဝင်ဖောက်၏။ အမေက လှည့်ရန်တွေ့သည်။

"ရှင့်ကို မမေးပါဘူး၊ ဟဲ့ … သား၊ ပြောစမ်းပါဦး"

"ဩော် … ဓာတ်ပုံကိစ္စပါ အမေရယ်၊ ကောင်မလေး ဓာတ်ပုံ မဂ္ဂဇင်းပို့ဖို့ပါ"

"ဓာတ်ပုံကိစ္စပြောတာလား၊ ဒါနဲ့များ ဟိုလူကြီးကဓာတ်ချုပ်သလေးဘာလေးနဲ့ … တော်တော်ရွှတ်"

အဖေက တဟားဟားရယ်၏။ ပြီးတော့ "ကဲ … ကဲ မင်းကြည့်ချင်တဲ့လိုင်းသာ ကြည့်ပါတော့ကွာ" ဟု အမေ့ကို တီဗွီရီမုတ်ရော့ စလောင်းရီမုတ်ပါ ပေးလိုက်သည်။



ထူးရဲမင်းမှာလည်း ရယ်ကာမောကာဖြင့် ထ,ထွက်သွားမလို့ ပြင်ရင်းမှ 'ဓာတ်ပုံ' ဆိုသည့်စကားလုံး ခေါင်းထဲဝင်လာသဖြင့် တစ်စုံတစ်ခုကို သတိရမိသွား၏။

"ဒါနဲ့ ဓာတ်ပုံဆိုလို့ ခုမှသတိရတယ် … ဟို … သားနဲ့ လက်ထပ်မယ့် ကောင်မလေးရဲ့ဓာတ်ပုံတွေ ပို့လိုက်မယ်ဆိုတာ အခုထိ ရောက်မလာသေးဘူးလားဟင်"

အဖေနှင့်အမေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။

"အေး၊ ဟုတ်တယ်ကွ … ရောက်မလာသေးဘူး၊ ဒါပေမယ့် ဒီနေ့ ဒါမှမဟုတ် နက်ဖြန်လောက်ဆော့ရောက်မှာပါကွာ၊ ဘာလဲ မင်းက ဇနီးလောင်းကို မြင်ချင်လှပြီလား"

"ဟဲ ဟဲ ဟဲ …. ဒါပေါ့ အဖေရ"

သားအမိသားအဖသုံးယောက်လုံး ရယ်မိကြ၏။ ထူးရဲမင်းမှာ ရေချိုးရန် အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။ ပြီးတော့ ပျော်ပျော်ရွှင်ရွှင်နှင့်ပင် ရေကိုစိမ်ပြေနပြေဆွဲ၍ချိုး၏။

ရေချိုးနေရင်း သံသေးသံကြောင်ဖြင့် "မိန်းမလေးတစ်ယောက်တော့လိုချင်တာပေါ့၊ ငါ့မှာလဲ အသည်းနဲ့ပဲ ချစ်တတ်ပါတယ်" ဟု သီချင်းတွေပင် ငြီးလိုက်သေးသည်။

ထိုသို့ သူအေးအေးဆေးဆေး ရေချိုးနေစဉ်တွင် သူ့မိဘများ၍ ကိစ္စလေးတစ်ခု ဖြစ်ပွားခဲ့လေ၏။

နဂိုကတော့ ထူးရဲမင်းထသွားအပြီး၌ သူ့အဖေကလည်း ဧည့်ခန်းမှ ထထွက်သွားမလို့ ဖြစ်ပါသည်။ သို့သော် အိမ်တံခါးဝဆီတွင် မြင်ရသော လူရိပ်ကြောင့် အိမ်ဖော်မလေးကို လှမ်းအော်ပြောလိုက်၏။

"ဟဲ့ … နှင်းခိုင်၊ အိမ်ရှေ့မှာ ဘယ်သူလဲမသိဘူး၊ သွားကြည့်စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



နှင်းနိုင်ပြန်လာတော့ လက်ထဲတွင် စက္ကူအိတ်လေးတစ်အိတ် ပါလာ၏။

"စာပို့သမားလာတာ ဘဘကြီး ဒီအိတ်လေးပေးသွားတယ်"

ကောင်မလေးက စက္ကူအိတ်ကို ပေးထားခဲ့ပြီး မီးဖိုထဲပြန်ဝင်သွားသည်။ အိတ်ကိုယူကြည့်ရင်း အဖေကြီးမှာ အာမေဋိတ်သံပြု၏။

"ဟော ပြောရင်းဆိုရင်းပါလားဟေ့ ... ကိုငြိမ်းအောင်တို့ဆီလာတာ၊ ကြည့်ရတာ သားနဲ့စီစဉ်မယ့်ကောင်မလေးရဲ့ ပုံတွေ ပါလာပြီနဲ့တူတယ်"

ပြီးတော့ အဖေကြီးနှင့်အမေကြီး နှစ်ယောက်သားခေါင်းချင်းဆိုင်ကာ ဖောက်ကြည့်ကြ၏။ အိတ်ထဲတွင်တော့ သွယ်သွယ်မေ၏ ကိုယ်နေဟန်ထားအမျိုးနှင့် အလှပုံများ၊ အဝပုံများ။

လင်မယားနှစ်ယောက်မှာ တစ်ပုံပြီးတစ်ပုံ၊ အလျင်အမြန်ကြည့်လျက်၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက်၊ ပြီးတော့ ခေါင်းတွေကုတ်လျက် ... အက်ပြင်းတွေလည်း တဖွဖွချကြ၏။ ပြီးတော့ ကိုယ်စီ ခေါင်းတွေလည်း တဆတ်ဆတ်ယမ်းကြသည်။

ဖအေကြီးက မအေကြီးကို တစ်ခုခုပြောမလို့ ပြင်သည်။ သို့သော် ဘာစကားမှမပြောဖြစ်ပဲ ခေါင်းပြန်ယမ်း၏။

မအေကြီးကလဲ တစ်ခုခုပြောရန် ပါးစပ်ဟသည်။ သို့သော် ဘာစကားမှမပြောနိုင်ပဲ ခေါင်းယမ်းပြန်၏။

ထိုစဉ်မှာပင် ရေချိုးပြီး၍ အဝတ်သစ်များဝတ်ဆင်ကာ ဆင်းလာသော ထူးရဲမင်းမှာ ညှော်ခန်းထဲဝင်လာခဲ့သည်။

ခြေသံကြားသည်နှင့် မြန်းကနဲဖြင့် နှစ်ယောက်သား ဓာတ်ပုံတွေကို ဖွက်ကြသည်။

ရုတ်တရက်မို့ ဖွက်စရာနေရာ ရှာမတွေ့ကြ။



စားပွဲခင်းအောက်ထားမလို့ ပြင်ကြသည်။ အဆင်မပြေ။

အမေကြီးက အကျီထဲ ပုံတွေထည့်၏။ ဟန်မကျသေး။

အဖေကြီးက ပုံထုတ်ကြီး ခပ်လှမ်းလှမ်းပစ်လိုက်ဖို့ပြင်သည်။ မဖြစ်။

နောက်ဆုံး ထူးရဲမင်းညှော်ခန်းထဲ ရောက်လာချိန်မှာတော့ အဖေနှင့်အမေ နှစ်ယောက်သား လုပ်မိလုပ်ရာအဖြစ် ပုံတွေကို အသီးသီး ခင်ခုထိုင်ထားကြလေတော့၏။

"သား အပြင်ခဏသွားလိုက်ဦးမယ်နော်"

"ဩော် ... အေးအေး"

မိဘနှစ်ပါးလုံးက ပြိုင်တူဖြေကြသည်။

"ကား ခဏယူသွားမယ်နော်"

"အေး ယူသွားလေ သား"

ပြိုင်တူပြောကြပြန်၏။ မိဘတွေ၏ မျက်နှာကိုကြည့်ရင်း ထူးရဲမင်းစိတ်ထဲ တစ်မျိုးဖြစ်မိသည်။

"အမေတို့ ရန်ဖြစ်နေကြပြန်ပြီလားဟင်"

"မဖြစ်ပါဘူး သားရဲ့"

စိတ်ထဲ စနိုးစနောင့်ဖြင့်ပင် ထူးရဲမင်းထွက်သွား၏။

ဘာဖြစ်နေကြမှန်တော့မသိ။ သူ့မိဘတွေပုံကြည့်ရတာ မရိုးရှုနဲ့၊ တစ်မျိုးပဲဟုတော့ သူ့စိတ်ထဲ ထင်မြင်သွားခဲ့လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

သွယ်သွယ်မေသည် ကာယအလှသင်တန်းခန်းမအတွင်းသို့ တအိအိဖြင့် တစ်လှမ်းချင်းလျှောက်ဝင်လာ၏။ သူမကိုယ်သူမတော့ ဆင်မယဉ်သာခြေလှမ်းမျိုးဟု ထင်မြင်မိလေသည်။

သင်တန်းဝရှိ ခုံနောက်ဘက်တွင်ထိုင်နေသော စာရေးလေးကမူ ခရမ်းချဉ်သီးကြီးတစ်လုံး လိမ့်ဝင်လာသလိုပဲဟု တွေးနေမိသည်။ ဝတ္တရားအရတော့ သွယ်သွယ်မေကို လိုက်လိုက်လှဲလှဲပြုံးပြလိုက်သည်။ ပြီးတော့ သူ့ရှေ့ရှိထိုင်ခုံတွင် ထိုင်ရန်ညွှန်ပြ၏။

သွယ်သွယ်မေမှာ ဒီတစ်ခါတော့ သတိရှိသွားပေပြီ။ သင်တန်းထဲ စဝင်ကတည်းက အလျှင်စလိုမဝင် တံခါးပေါက်နှင့် သူမခန္ဓာကိုယ်



ဆန့်ပါ့မလား အရင်ကြည့်၏။ တော်တော်ကျယ်ကျယ်ဝန်းဝန်းရှိတာ မြင်မှ စိတ်ချလက်ချ လှမ်းဝင်ခဲ့သည်။

ယခုထိုင်ခုံနေရာပေးသည်ကိုလည်း ဖိုးကနဲဆတ်ကနဲ ဝင်မထိုင်...။ လက်ဖြင့်ထိုင်ခုံကို ခပ်သာသာဖိကြည့်၏။ သူမဝိတ်ကို ခံနိုင်မည့်ပုံမြင်မှ ဝင်ထိုင်မည်ပေါ့။ ဒါကိုမြင်သော စာရေးမလေးက အထင်မှားသွားသည်။

"ဘာလို့လဲဟင် ... ခုံကပေနေလို့လား ခုံလဲပေးမယ်လေ"

"အို ... ရပါတယ်၊ ရပါတယ် ... မပေပါဘူး မပေပါဘူး"

ပြီးတော့ ခပ်ဖြည်းဖြည်းလေး စလိုးမိုးရှင်းဝင်ထိုင်၏။ စလိုးမိုးရှင်းဟု ပြောရခြင်းမှာ ထိုင်ခုံပေါ်တစ်ခါထဲ လူတစ်ကိုယ်လုံးပစ်ချလိုက်ခြင်း မဟုတ်ဘဲ ... တစ်ဆင့်ခြင်း တင်ပါးလေးထိရုံ၊ ထိုမှ တင်ပါးတစ်ခြမ်း၊ နောက်မှ သေသေချာချာထိုင်ပြီး ... အဆင့်ပြေပြီဆိုမှ "ဟင်း" ကနဲ သက်ပြင်းချသံနှင့်အတူ ဆန့်မတ်ထားသော ခါးများ ရင်များကိုပါ စိတ်ချလက်ချ လျှော့ချလိုက်သည် ဖြစ်၏။ နို့မို့ဆို တိုတစ်ခါတော်ပုံဆိုင်မှာလို ဖြစ်နေမှာဖြင့်အခက် ... မဟုတ်လား။

"ကျွန်တော် ဘာအကူအညီပေးရမလဲဟင်"

"ရပါတယ် ဘာမှအကူအညီ မပေးပါနဲ့"

"ဗျာ ..."

"ဪ အဆင်ပြေပါတယ်လို့ ပြောတာပါ"

စာရေးလေးက မေးရိုးမေးစဉ်မေးလိုက်ခြင်း ဖြစ်၏။ သွယ်သွယ်မေကလည်း သူမ၏ထိုင်ခြင်းအရေးကိစ္စကြီးကို အတွေးရောက်နေသည့် စိတ်အခံရှိသဖြင့် အဓိပ္ပါယ်ကောက်လွဲပြီး ပြန်ဖြေသည်။ စာရေးလေး ခေါင်းကုတ်သွား၏။

"ဟို ... သင်တန်းအပ်ဖို့လာတာ မဟုတ်လားဟင်"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါများဗျာ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး ... ဘာမှမဟုတ်ပါဘူး"

စာရေးလေးမှာ တော်တော်စကားပြောရ လက်ပေါက်ကပ်တဲ့ မိန်းမပဲဟု ထင်မြင်သွားမိလေသည်။ သွယ်သွယ်မေကလည်း ဒီလူ ဘယ်လို အူကြောင်ကြောင်လူပါလိမ့်ဟု စိတ်ထဲကပြော၏။

ထိုစဉ်မှာပင် သူတို့ထံသို့ ကြားဝင်ဖြတ်မည့် သူတစ်ဦးသည် ခြေသံပြင်းပြင်းနှင့်ဝင်ရောက်လာလေ၏။

"ဟာ ... တွယ်တွယ်မေ"

ရောက်ရောက်ချင်းပင် သူသည် သွယ်သွယ်မေကို နောက်မှ လှမ်းမြင်ကာ အားရပါးရခေါ်၏။ သွယ်သွယ်မေကလည်း နောက်လှည့် ကြည့်၍ သူ့ကိုမြင်သော် ဝမ်းသာအားရဖြစ်သွားလေ၏။

"ဟယ် ... ကိုတစ်ဇာ"

ယောက်ျားနှင့်မိန်းမဖြစ်၍ ပွေးတော့မဖက်ကြပါ။

သို့သော် သွယ်သွယ်မေက လက်ဖဝါးသားတွေ လက်ဖဝါးထိုးကာနီးထားသော လက်အနေအထားမျိုး တံတောင်နှစ်ဘက်လုံးမြှောက်၍ သူမလက်ပျဉ်းမှကျနေသော အဆီပြင်အသားဆိုင်များ ပါးပြင်မှအသား ဆိုင်များကို တဟယ်ဟယ်နှင့် တုန်ခိုက်ရမ်းခါ၏။

ဟိုလူကလည်း လက်ဝါးကိုဆန့်ကာရင်း ပြုံးရွှင်စွာတဟား ဟားလုပ်လေသောအခါ တစ်ကိုယ်လုံးမှ အဆီတို့ဖြင့်လေးလံညွတ်အိနေ သော အသားဆိုင်များမှာ ကျောက်ကျောတုံးကြီးများပမာ တအိအိလှုပ် လေတော့၏။

သူတို့နှစ်ယောက်ကိုကြည့်၍ စာရေးလေးမှာ "ဩော် ... လူကိုယ်ခန္ဓာဆိုတာ အသားတစ်ကြီးတွေနဲ့ ဖွဲ့စည်းထားတာပဲ၊ ဘာမှ မက်မောစရာမရှိပါလား"ဟု တရားသံဝေဂဖွားမိသလိုလိုပင် ဖြစ်လာခဲ့ သည်။



ကိုသစ္စာ (သွယ်သွယ်မေ ခုနအခေါ်အရ ကိုတစ်ဇာ)က သူမ အားဝင်ထိုင်၏။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် အားရပါးရပြုံးပြ ကြပြန်သည်။

"ဘယ်လာတာလဲ"

"ဒီမှာလေ ... ကာယသင်တန်းလာအပ်တာ ... ဝိတ်ချ မလို့"

"ဟာ၊ တူနေပြီ ကိုသစ္စာလဲ ဒီမှာသင်တန်းလာအပ်တာ"

"ဟယ် ... ဟုတ်လား၊ ကောင်းတာပေါ့ ... အဖော်ရတာ ပေါ့"

"ဘယ်နေ့စတက်မှာလဲ ..."

"မနက်ဖြန်စတတ်မယ်လေ ... ကိုသစ္စာရော"

ထိုအခါ သံဝေဂဖွားနေသော စာရေးလေးကကြားဝင်ရလေ၏။

"မနက်ဖြန် သင်တန်း မဖွင့်ဘူးခင်ဗျ ... သင်တန်းက တစ်ရက်ခြား ..."

သို့သော် သူ့စကားမဆုံးလိုက်ရပါ။ တစ်ဝက်တစ်ပျက် အရောက်မှာပင် သွယ်သွယ်မေက သူမအသံစူးစူးနှင့် ဝင်ဖောက်လေ တော့၏။

"ဟယ့် ... ဟုတ်သားပဲ၊ မနက်ဖြန် အာဇာနည်နေ့ရုံးပိတ်တဲ့ ဟာ ဘယ်ဖွင့်မှာလဲ"

"ဒါဆိုလဲ သန်ဘက်ခါပေါ့လေ ... ဒါနဲ့ သွယ်သွယ်က ဘယ်လိုလုပ် ဒီကို ရောက်လာရတာလဲ"

"မပြောချင်ပါဘူး ကိုသစ္စာရယ်"

မပြောချင်လဲ မပြောတော့ရင် ပိုကောင်းတာပေါ့ဟု စာရေး လေးတွေးနေမိ၏။

"ပြောပါဦး သွယ်သွယ်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ အတိုင်အဖောက်ညီနေကြပြန်၏။ ကြည့်ရတာ လူဝကြီးများယိမ်းဖွဲ့မလို့ ထင်ပါရဲ့။ စာရေးလေး စိတ်အချဉ်ပေါက်လာခဲ့၏။ သူ့ရှေ့လာပြီး သူမှာဲစကားပင် ဆုံးအောင်မပြောရ၊ ဒင်းတို့သာ တွတ်တွတ်ဟိုးနေကြ၏။

"ဒီလို ကိုသစ္စာရေ ... သွယ်ကလေ ... ဒီလို ကာယအလှ သင်တန်းတွေ တက်ချင်နေတာကြာပြီ။ ဒီနေ့တော့ မရအရ တတ်မယ်ဆိုပြီး ဒရိုင်ဘာကိုခေါ် အိမ်ကကားနဲ့ တစ်ခါတည်း ထွက်လာခဲ့တာပေါ့ ... "

ပြောရင်းခဏနား၏။ မောရှာတယ်ထင်ပါရဲ့။ ကိုသစ္စာဆိုသော ယောက်ျားဝဝကြီးသည် ဘာမှဝင်မပြော၊ စကားထောက်လည်း မပေးဘဲ ပါးစပ်ကြီးဟောင်းလောင်းပွင့်လျက် နားထောင်နေ၏။ အာပုတ်ရေတွေများစီးကျလာရင် အခက်ပဲဟု စာရေးလေးတွေးနေမိသည်။ သွယ်သွယ်မေဆိုသော မိန်းမဝဝကြီးက စကားကိုဆက်ပြန်၏။

"... လမ်းကျတော့မှ ဟမ်းဖုန်းတစ်လုံး၊ ရန်ကုန်လမ်းညွှန် တစ်အုပ်နဲ့ စုံစမ်းရတော့တာပေါ့ ကိုသစ္စာရယ် ကာယသင်တန်းတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် ပိန်ချင်လို့ စုံစမ်းပါတယ်ဆိုတာ ဝဖြိုးဖြိုးလှလှပပ ဖြစ်စေရမယ်ဆိုပြီး ချည်းပဲ လာအာမခံနေတယ်လေ။ ဒါနဲ့ တစ်သင်တန်း ဖုန်းဆက်လိုက် ကားကိုတစ်နေရာ ဦးတည်လိုက်၊ ပြီးတော့ နောက်သင်တန်းဖုန်းဆက်လိုက် မဟုတ်ပြန်ဘူးဆို ပြန်ကွေ့လိုက်ပေါ့ ..."

ဒီမိန်းမဝဝ၏ ခုတစ်မျိုးတော်ကြာတစ်မျိုး လမ်းညွှန်နေမှုအောက်တွင် ဒရိုင်ဘာလည်း စိတ်ညစ်၊ ကားလည်း ချာလပတ်ယမ်းနေမည့်အဖြစ်ကို စာရေးလေးမြင်ယောင်နေမိ၏။

"... အဲဒီလိုနဲ့ ကားကဟိုဘက်လှည့်မောင်းလိုက် ဒီဘက်လှည့်မောင်းလိုက် အကြာကြီးဖြစ်နေတော့ လမ်းပြရဲကဖမ်း



ပါလေရော ... ဒါပေမယ့် ကံကောင်းချင်တော့ ဘာဖြစ်တယ် မှတ်လဲ ...."

ကိုသစ္စာက မတုံ့ပြန်။ ပါးစပ်ဟောင်းလောင်းပွင့်လျက်ပင် သွယ်သွယ်မေ၏ လေကြောမှာမျောနေပုံရသည်။ စာရေးလေးက ထိုဟောင်းလောင်းပါးစပ်ထဲ ရေသွားလောင်းထည့်ချင်၍ လက်ယားနေမိ၏။

"... အဲဒီရဲကြီးကလည်း ဝဝကြီးပဲသိလား၊ သွယ်က ငိုပြတာပေါ့၊ ဦးလေးကြီးရယ် မဖမ်းပါနဲ့ ... ကျွန်မပိန်ချင်လို့ ဖုန်းနဲ့ ကာယအလှသင်တန်း စုံစမ်းနေတာပါ။ အဲဒါ တစ်ခုဆီ သွားမလို့လုပ်လိုက် အဆင်မပြေလိုက်နဲ့ ကားကချာလပတ်ယမ်းနေတာပါဆိုပြီး တောင်းပန်တော့ သူကသနားသွားတယ် နဲ့တူတယ်၊ သင်တန်းလက်ကမ်းကြော်ငြာတစ်ခု ထုတ်ပေးရော ... ဒါနဲ့ ဒီရောက်လာတာပေါ့လေ"

ခုမှပင် စကားကိုအဆုံးသတ်တော့၏။ Non - stop ပြောလိုက်သည်မှာ C-60 ခွေတစ်ခြမ်းစာလောက် ရှိမည်ထင်၏။ တကယ်တော့ အဲ့လူတွေဟာ လေတွေများလွန်းလို့ ဖောင်းကားနေတာပဲဟု စာရေးလေး စဉ်းစားနေမိသည်။

ဒီတစ်ခါတော့ သင်တန်းအကြောင်း သူပြောလှည့်ရောက်ပြီဟု အားပြင်သည်။ သို့သော် သူတွက်ဆသည်ထက် လေးကြောက ပိုရှည်ပြန်ပါသေးသည်။

"အမလေး ... သွယ်ရယ်၊ ဒီသင်တန်းလေးတစ်ခုလာရဖို့ အစက်အခဲကလည်း မသေးပါလား၊ အဆင့်ဆင့် ကျော်ဖြတ်လာရတာပဲ"

"ဟုတ်ပ၊ ကိုသစ္စာရယ်"

"တော်သေးတာပေါ့နော် ... ဒီသင်တန်းရောက်လာလို့သာ ကိုသစ္စာနဲ့ဆုံကြတာ နို့မို့ဆိုတို့ပြန်ဆုံဖြစ်ကြဦးမယ် မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျွန်မတို့ချင်း မတွေ့ကြတာတောင် အတော်ကို ကြာသွားပြီနော်"

"အင်း ... ကျောင်းပြီးကတည်းကပဲလေ"

လူဝကြီးနှစ်ယောက်ရဲ့ အလွမ်းသယ်ခန်းပါလား စာရေးလေး အော်ပြီးတော့သာ ငိုချင်မိတော့၏။ သင်တန်းစုံစမ်းသည့် နေရာလာပြီး သင်တန်းအကြောင်း ဘာမှလည်းမမေး၊ သူတို့ချင်းသာရေပက်မဝင်နိုင် ဖြစ်နေကြ၏။

"ဒါနဲ့ ကိုသစ္စာရော၊ အိမ်ထောင်တွေဘာတွေ ကျနေပြီလား"

"ဟင့်အင်း အိမ်ထောင်တော့မကျသေးပါဘူး ဒါပေမယ့် ထွဲတဲလေးပဲလိုတော့တယ်"

"ဘယ်လို ... ဘယ်လို"

"ဩော် မကြာခင် အိမ်ထောင်ပြုတော့မယ်လို့ ပြောတာပါ မိဘတွေပေးစားတာလေ ... မကြာခင်စေ့စပ်တော့မှာ အခု ထောင်ကိုယ့်ဖနီးလောင်းက ကားပေါ်မှာပါလာသေးတယ် သူက သိပ်အေးတာ ရှက်လည်းရှက်တတ်တယ် ... သင်တန်း ပေါ် ခေါ်တာဘယ်လိုမှ ခေါ်မရဘူး"

"ဟယ် တူနေပြီတော့ ... သွယ့်ကိုလည်း အိမ်ကပဲစီစဉ် ပေးတာ၊ နောက်တစ်ရက်နှစ်ရက်လောက်ဆို သွယ့်ခင်ပွန်း လောင်းလည်း မန္တလေးကရောက်လာတော့မှာ... သူက သိပ်ချောတာသိလား၊ ကိုသစ္စာ ကောင်မလေးကရော လှရဲ့ လားဟင်"

"ဟာ ... လှသမှသိပ်လှ၊ ဆံပင်ကလည်းရှည်ရှည်လေးနဲ့ သိပ်ကျက်သရေရှိတာလေ ... ကားဆီလိုက်ခဲ့ပါလား တစ်ခါတည်းမိတ်ဆက်ပေးမယ်"

သူတို့ဟာသူတို့ ပြောကြဆိုကြပြီး၍ ထ,ထွက်သွားဖို့ခြေလှမ်း ပြင်ကြ၏။ စာရေးလေးမှာ ပျာပျာသလဲပင်တားဆီးရသည်။



"ဟို ... သင်တန်းမအပ်သွားကြဘူးလား ခင်ဗျာ"

ထိုအခါကျမှ နှစ်ယောက်လုံး မျက်နှာလှည့်လာသည်။

"ဟုတ်သားပဲ၊ အပ်မယ်လေ"

"ဘယ်အချိန်တက်မှာလဲ ခင်ဗျ"

"ရတယ် ကြိုက်တဲ့အချိန်သာ စာရင်းသွင်းလိုက်"

ဘာမှမဟုတ်တဲ့ စကားတွေပြောပြီး အချိန်ဖြုန်းနေတုန်း ကလည်း သူတို့၊ ထွက်သွားချင်လို့လောတော့လည်း သူတို့ပင်ဖြစ်၏။ သင်တန်းအပ်တာကို နောက်က ဘင်လာဒင်လိုက်နေသလို အလျင် အမြန်လုပ်သွားကြသည်။ ပိုက်ဆံပြန်အမ်းငွေကိုပင် ရေမဖျူသွား။ ထုံးထွေးကာ အိတ်ထဲထည့်သွား၏။

စာရေးလေးမှာ ...

"ဘယ်လိုဟာကြီးတွေမှန်း မသိဘူး" ဟုရေရွတ်ကာသာ ကျန် ခဲ့ရ၏။

ထိုနှစ်ယောက် လူတွေကိုစိတ်ဒုက္ခပေးမှုမှာ ထိုမျှမကသေး ပါ။

သင်တန်းအောက်လမ်းမပေါ်ရောက်ပြန်တော့ စာရေးလေး ထဲ့သို့ပင်နောက်တစ်ယောက် စိတ်ရှုတ်ရပြန်လေသည်။

ကားထဲမှာငြိမ်ငြိမ်လေးထိုင်စောင့်ကျန်ခဲ့သော "ဖြူစင်သူ" ဆိုသည့်ကောင်မလေးခမျာ နဂိုကတည်းက အေးအေးလေးမို့ တကယ် ပင် ထငိုတော့မလို ဖြစ်ခဲ့ရ၏။

"ဒါ ငါပြောတဲ့ ကောင်မလေးလေ"

ဟု ကိုသစ္စာက မိတ်ဆက်ပေးပြီးကတည်းက သူမမှာအနားကို ရောက်တော့။ သွယ်သွယ်မေက လူကောင်ကြီးသလောက် သေးကွေးလှ သော အသံဖြင့်

"ဟယ် ချစ်စရာလေးတော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု အလန့်တကြား ဖြစ်သွားရအောင်ပင် အရင်ဆုံး အာမေဋိတ်ပြု၏။ ပြီးတော့ ဘယ်မှာနေတာလဲ ... အသက်ဘယ်လောက်ရှိပြီလဲ ... စသဖြင့် မေးခွန်းတွေက တရစပ်လာတော့၏။ အဖြေရတော်တော် ခက်တာတွေလည်းပါသေး၏။

"ဆံပင်လေးတွေ သိပ်လှတာပဲနော်၊ ဘာနဲ့လျှော်လဲ"

တဲ့ စိတ်ပေါက်ပေါက်နှင့် ...

"ခေါင်းလျှော်ရည်နဲ့ လျှော်တာပေါ့"

ဆိုလည်းမရ။

"ဘာခေါင်းလျှော်ရည်နဲ့ လျှော်တာလဲ"

အတင်းမေးနေပြန်၏။

ဒီလိုမှန်းသိရင် မလိုက်လာခဲ့ပါဘူး။ အခုတော့ မိဘတွေက အတင်းထည့်ပေးလိုက်လို့ လိုက်လာရသည်။

ငယ်ငယ်ထဲက မိဘစကားကို တစ်ခါမှမပယ်ရှားဘူးသူမို့သာ မငြင်းဆန်မိသော်လည်း "မေမေတို့ကဘာလို့များ ဒီလူဝကြီးနှင့် စီစဉ်တာပါလိမ့်နော်" ဟု အတွေးဝင်မိရ၏။

ဖြူစင်သူဆိုတာက တကယ့်ကို နာမည်နဲ့လိုက်အောင် ဖြူဖြူနွဲ့နွဲ့လေး၊ အရာရာကိုလည်း ငြိမ်းငြိမ်းချမ်းချမ်းကလေးသာ ဖြစ်စေချင်တဲ့သူ အခုသူမနှင့်ယှဉ်ရမည့် သူကျတော့ လေမုန်တိုင်းကျသလို အသံကြီးဖြင့် ရယ်တတ်သော ... သူမလေးဆလောက် ကိုယ်ခန္ဓာကြီးရှိသောသူ ဖြစ်နေလေ၏။

အခုသူမိတ်ဆက်ပေးတဲ့ အစ်မကြီးနဲ့မှ လိုက်ဖက်တာဟု တွေးနေမိသည်။ တစ်ယောက်ကိုတစ်ယောက်လည်း တော်တော်ခင်ကြပုံရ၏။ သွယ်သွယ်မေမှာ သူမကားကိုပင် ပြန်လွှတ်ပြီး သူတို့နှင့်လိုက်လာခဲ့သည်။ စကားပြောချင်သေးလို့တဲ့ ...



ကားထဲမှာထိုင်ကြသည့်အခါ ရှေ့ခန်းဒရိုင်ဘာဘေးမှာ သွားမထိုင်ကြဘဲ လူဝကြီးနှစ်ယောက်လုံးက ဖြူစင်သူ့ဘေး တစ်ဘက်တစ်ချက်မှာ မဆန့်မပြဲဝင်ထိုင်ကြတော့ သူမခမျာ ကျုံ့ကျုံ့လေးဖြင့် လိုက်ပါလာရလေတော့၏။

ကားကများစောင်းလိုက်ကွေ့လိုက်ရင် ဟိုဘက်ကတိုး၊ ဒီဘက်ကတိုးနှင့်။ ကြာလာရင် ငါ့အရိုးလေးတွေ ကျိုးကြေကုန်တော့မှာပဲဟု ဖြူစင်သူ တွေးမိသည်။

ပြီးတော့ သွယ်သွယ်မေကလည်း တစ်လမ်းလုံးအသံနှင့် နှိပ်စက်လာလိုက်သေးသည်။ စကားကလည်းများလိုက်တာ ခြင်အကောင်ငါးဆယ်လောက် နားဝမှာ တရစပ်လာအော်နေတဲ့အတိုင်းပါပဲ။

ဖြူစင်သူကို လျှောက်မေးလို့အားရတော့ ကိုသစ္စာနှင့် စကားတွေ လုမ်းပြောနေကြပြန်၏။ အကြောင်းအရာတွေလည်း စုံလို့။

သူမတို့တစ်မျိုး လုံးစာစ်ဆွေလုံးအကြောင်း တစ်ထိုင်တည်းနှင့် သိသွားသည်။ သူမနဲ့ မကြာမီ ယူတော့မယ့်သူအကြောင်းကတော့ ခဏခဏပါ၏။ ဟုတ်မဟုတ်တော့ မသိ။ ဟိုက သွယ်သွယ်မေတစ်ပုံကို ကြည့်ချင်လွန်းလှချေရဲ့ဆိုလို့ အမြန်ရိုက်ပြီးကို ပို့လိုက်ရသည်ဆိုပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

ဓါတ်ပုံတွေက စားပွဲအနှံ့ ပြန့်ကျဲနေ၏။

ဦးစိုးမင်းနှင့် ဒေါ်ခင်မြရီသည် ဓါတ်ပုံ တစ်ပုံပြီးတစ်ပုံ ကောက်ယူကြည့်လိုက် ပြန်ချထားလိုက်နှင့် အကြိမ်ကြိမ်ပြုလုပ်နေကြလေ၏။

ပုံတိုင်းပုံတိုင်းတွင် သွယ်သွယ်မေ၏ ကိုယ်ခန္ဓာက ဓာတ်ပုံရိုက်ယာပြည့်လုခမန်း။ မှန်းကြည့်ရင်းကြည့်ရင်း သူတို့နှစ်ယောက်မှာ ပို၍ပို၍ နှေးကွေးလေးလံလာကြလေသည်။

တစ်ကြိမ်တွင် ပုံတစ်ပုံထဲကို နှစ်ယောက်လုံးပြိုင်တူကိုင်မိကြသည်။ လေးလေးလံလံဖြစ်နေသော နှစ်ယောက်လုံးမင် လွှတ်မပေးဖြစ်ကြ။ ပုံကို သူ့ဘက်ကိုယ့်ဘက် ပြိုင်တူဆွဲယူကြရာ ကြားထဲက



ထိုသို့ တစ်ခြမ်းစီဖြစ်သွားသော သွယ်သွယ်မေပုံကပင် သူများခန္ဓာကိုယ်တွေထက် သိသိသာသာကြီးထွားနေလေ၏။

ဦးစိုးမင်းနှင့် ဒေါ်ခင်မြရီသည် ပြိုင်တူပင် ခေါင်းယမ်းမိကြ၏။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ပြီးတော့ ခေါင်းပြန်ယမ်းရင်း သက်ပြင်းတွေ ကိုယ်စီချကြလေ၏။

"သားကြီးထူးရဲ ပြန်လာလို့ ဒီပုံတွေတွေ့သွားရင် ဘယ်လိုလုပ်ကြမလဲ"

"အင်း ... သူက အလုကြိုက်လွန်းပါဘိသနဲ့"

အချင်းချင်းပြောခြင်းဖြစ်သော်လည်း ကိုယ့်ဟာကိုယ်ပြီးသလိုပင် ရေရွတ်ကြ၏။ ထို့နောက် ဘယ်သူကမှလည်းတစ်ယောက် မေးခွန်းတစ်ယောက်ဖြေဖို့ မကြိုးစားကြဘဲ ပြန်လည်တိတ်ဆိတ်သွားကြပြန်၏။

ခေတ္တမျှကြာသွားပြီးမှ ပြိုင်တူပင် တိုးတိုးလေး ရေရွတ်ကြ၏။

"အဲဒါ မင်းကြောင့်ဖြစ်တာ"

"အဲဒါ ရှင့်ကြောင့်ဖြစ်တာ"

တိုးတိုးလေးပြောကြခြင်းဖြစ်သော်လည်း ငြိမ်သက်လွန်းသော အခြေအနေထဲတွင်ဖြစ်သဖြင့် တော်တော်လေး ကျယ်လောင်ပါသည်။

ထိုစကားတို့ အသီးသီးကြားပြီးကြသောအခါ နှစ်ယောက်လုံး ဆတ်ကနဲဖြစ်သွားကြ၏။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက် ဝုန်းကနဲ လှည့်ကြည့်သည်။

"အံမယ် ရှင် အခုမှ ကျွန်မကို လာမစွပ်စွဲပါနဲ့"

"မင်းလည်း ငါ့ကိုလာ တရားခံရှာမနေပါနဲ့"

"ဒီမှာ သားကို အိမ်ထောင်ချပေးဖို့ ရှင်စီစဉ်တာလား၊ ကျွန်မစီစဉ်တာလား"

"မင်းစီစဉ်တာလေ ... မင်းပဲ သားက အိမ်ထောင်ပြုရမယ့် အရွယ်ရောက်နေပြီဆို ..."

www.burmeseclassic.com

www.burmeseclassic.com



အချေအတင်ပြောခြင်းသည် ရုတ်ချည်းပင် ရန်ပွဲတစ်ခုအဖြစ်သို့ ပြောင်းလဲသွား၏။ ဦးစိုးမင်းက မျက်ခုံးပင့်လျက်၊ ဒေါ်ခင်မြရီက မျက်မှောင်ရှုံ့လျက် စူးစူးရှရှ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြ၏။

"ရှင် ... စကားကို ဗလောင်းဗလဲ မပြောနဲ့နော် အဘိုးကြီး"

"မင်းလည်း ငါ့စကားနွားရ မပြောပါနဲ့ အဖွားကြီး"

"ဒါပေမယ့် ကိုငြိမ်းအောင်တို့ မခင်မိတို့ဆီ ဖုန်းဆက်တာ ရှင်ဆက်တာပဲ"

"ဒါကတော့ ယောက်ျားပဲကွ ... ပြောစရာရှိ ငါကပဲ ဦးဆောင်ပြောရမှာပေါ့"

"အင်း ... အဲဒီလိုပြောတဲ့အခါ ဘာဖြစ်လို့ စကားလွန်နှုတ်ကျံတွေပြောသလဲ"

"တ ... မင်းနဲ့ငါ နှစ်ဦးသဘောတူပြောကြတာလေကွာ၊ ငါ သူတို့ဆီ သားရေးသမီးရေးကိစ္စ ဖုန်းဆက်တိုင်း မင်းအနားမှာရှိတယ်၊ အခုမှ ငါ့တစ်ယောက်တည်းပေါ် အပြစ်ပုံ မချပါနဲ့"

"ကဲကဲ တော်ပြီ၊ ရှင်နဲ့ငြင်းမနေချင်တော့ဘူး၊ အခု ဒီကိစ္စကို ဘယ်လိုရှင်းကြမလဲသာ ပြောစမ်းပါ"

"ငါလဲ အဲဒါပဲ စဉ်းစားနေတာပဲကွ"

ပြီးတော့ နှစ်ယောက်သား စားပွဲပေါ်ရှိ ဓါတ်ပုံတွေကို ငူငူငေါင်ငေါင်ကြီးတွေဖြင့် ပြန်ကြည့်မိရင်း ငြိမ်သက်သွားကြပြန်၏။ နံပေါ်မှ သွယ်သွယ်မေ၏ ဝဝဖြိုးဖြိုး ရုပ်ပုံလွှာများက သူတို့အား လှောင်ရယ်နေကြသယောင် ...

အဖွားကြီးက အဖိုးကြီးကို မျက်စောင်းလှမ်းထိုးရင်း မကြားတကြားဖြင့် ...



"အလကားလူကြီး၊ မိန်းမနဲ့အပြိုင် ခံငြင်းဖို့ပဲတတ်တယ်။ အရေးဆို ဘာမှအားမကိုးရဘူး"

ဟု တီးတိုးရေရွတ်လေ၏။ ဦးစိုးမင်းမှာ တစ်ခုခု တုံ့ပြန်တော့မလို ပြင်လိုက်ပြီးမှ မတုံ့ပြန်တော့ဘဲ ဒေါ်ခင်မြရီကို မကြည်ကြည့်သာ တစ်ချက်လှည့်ကြည့်သည်။ ပြီးတော့ ဓါတ်ပုံတစ်ပုံကို ကောက်ယူ၍ အသေအချာတွေးတောနေလေ၏။

"အင်း ... သားကတော့ ဒီလိုပုံကို ဘယ်လိုမှကြိုက်မှာ မဟုတ်ဘူး"

အဘိုးကြီးရေရွတ်လိုက်သည့်အခါ ငြိမ်သက်နေသော အဖွားကြီးသည် ပြန်၍ ပြာပြာယာယာဖြစ်သွားပြန်၏။

"အဲဒါကြောင့်ပြောတာပေါ့ ... ခုချိန်ကျမှ သားက ကျွန်တော် မယူနိုင်ပါဘူးဆိုပြီးလုပ်ရင် အားလုံး မျက်နှာပျက်စရာတွေ ဖြစ်ကုန်မှာ ... လုပ်ပါဦး၊ ကြံစမ်းပါဦးတော်"

"ငါကလည်း ဘယ့်နှယ်တတ်နိုင်မလဲကွ၊ ခုမှတော့ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲပေါ့ကွာ"

"အို မသိဘူး ... မသိဘူး ဒီကိစ္စမှာ ရှင်ဦးဆောင်တာ ဒီတော့ အားလုံး ရှင်ပဲတာဝန်ယူလိုက်ပေတော့"

ဦးစိုးမင်း မျက်လုံးပြူးသွား၏။

"ဒါဆို ငါက အဲဒီကလေးမလေး ယူလိုက်ရမှာလား၊ မဖြစ်ဘူးနဲ့တူတယ်၊ အသက်အရွယ်ချင်းကလည်း မမျှဘူး၊ ပြီးတော့ ငါက မင်းလို ပိန်ပိန်လေးပဲကြိုက်တာ ..."

"ဘာတွေလျှောက်ပြောနေတာလဲ ရှင့်ကို ကျွန်မက ဒီကောင်မလေးယူခိုင်းဖို့မလား၊ ကျွန်မပြောတာက လူကြီးချင်းလည်း မျက်နှာမပျက်အောင် ဒီကိစ္စကို တစ်နည်းနည်းနဲ့ ဖြေရှင်းဖို့ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးရင်း ပြန်ပြောလိုက်သော အဖွားကြီးစကားနှင့် ဟန်အမူအရာကြောင့် အဖိုးကြီးလေသံ ပျော့သွား၏။

"သိဘူးလေကွာ ... မင်းက ရှင်းရှင်းမှမပြောတာကိုး"

အဖွားကြီး (ဒေါ်ခင်မြရီ) က မျက်စောင်းထပ်ထိုးပြန်၏။ အဖိုးကြီး (ဦးစိုးမင်း) မျက်နှာပြုံးသွားသည်။ ထိုစဉ်မှာပင် ခြံထဲသို့ ကားတစ်စင်း မောင်းဝင်လာသံကို ကြားလိုက်ကြရလေသည်။

နှစ်ယောက်လုံးပင် ပျာပျာသလဲဖြစ်သွား၏။ စားပွဲပေါ် ပြန့်ကျဲနေသော ဓါတ်ပုံများကို စုစည်းသည်။ ပြီးတော့ အနီးတွင် အသင့်တွေ့ရသော စက္ကူအိတ်တစ်လုံးထဲထည့်ရင်း ဓါတ်ပုံထုပ်ကြီးအား ဟိုထားရမလို ဒီထားရမလို ဖြစ်နေကြလေ၏။

ဒေါ်ခင်မြရီက ဓါတ်ပုံထုပ်ကြီး မ,ယူရင်း ဖွက်ဖို့ပြင်သည်။ ဦးခေါင်း ဟိုလှည့်ဒီလှည့်ဖြင့် လျှောက်ကြည့်ရင်းက ကြံရာမရတော့ဟန်ဖြင့် ဦးစိုးမင်းလက် ထိုးထည့်လေတော့၏။

ဦးစိုးမင်းမှာ "ဟာ" ကနဲ ဖြစ်သွားပြီး ဒေါ်ခင်မြရီဆီ ဓါတ်ပုံထုပ် ပြန်ထိုးပေးလေ၏။ ဓါတ်ပုံထုပ်လေးမှာ မြပွာကြီးဦးခေါင်း ဖြစ်နေလေ၏။ တစ်ယောက်ဆီတစ်ယောက် အပြန်အလှန် ဘော်လီဘောပုတ်နေကြလေသည်။

နောက်ဆုံး၊ ဦးစိုးမင်းဆီ ရောက်လာသောအခိုက်၌ ...

"ဖွက်မနေပါနဲ့၊ မထူးတော့ပါဘူးကွာ ..."

ဟု စားပွဲပေါ် ပစ်တင်လိုက်မှ ကိစ္စငြိမ်းလေတော့၏။

ထိုစဉ်မှာပင် ခြံထဲသို့ မောင်းဝင်လာသော ကားသံသည် အိမ်ရှေ့၌ ရပ်တန့်သွားပြီး ကားပေါ်မှ လူတစ်ယောက် ဆင်းလျှောက်လာသော ခြေသံထွက်ပေါ်လာလေသည်။ ထိုခြေသံနှင့်မရှေးမနှောင်းမှာပင် နားဝင်မချိုလှစွာသော အသံသည်လည်း လိုက်ပါလာခဲ့လေ၏။

"ထူးရဲမင်းရေ ... ဟေ့ ထူးရဲမင်း"



နဂိုက သူတို့သား ပြန်လာပြီထင်၍ ပျာယာခတ်နေကြသော အဖိုးကြီးနှင့် အဖွားကြီးမှာ ထိုအသံကြားမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းချကြ၏။

ထိုဆိုးရွားလှသောအသံသည် တစ်စစ ပိုနီးကပ်လာပြီး အိမ်တံခါးဝတွင် ငှက်ဆိုးခေါ် နိုင်ကို၏ ရုပ်သဏ္ဍာန်အဖြစ် ပေါ်ထွက်လာလေ၏။

သူ့ကိုကြည့်၍ အဖိုးကြီးနှင့် အဖွားကြီးနှစ်ယောက်လုံးက

"ဒါကြောင့် ဒီကောင်လေးကို ငှက်ဆိုးလို့ ခေါ်ကြတာကိုး"

ဟု အတွေးပေါက်နေမိသည်။

အလိုက်မသိလိုက်ပုံမှာလည်း ကမ်းကုန်နေ၏။ ဦးစိုးမင်းနှင့် ဒေါ်ခင်မြရီတို့ ထိုင်နေသည်ကို မြင်သည့်တိုင် တစ်ချက်သာပြုံး၍ ခေါင်းညွတ်ပြပြီး ...

"ထူးရဲမင်းရေ ... ထူးရဲမင်း"

ဟု အိမ်ထဲကြည့်ကာ ဆက်လက် အော်ဟစ်နေလေ၏။

သူ့အသံပြကြီးကို နားမခံနိုင်တော့သော ဦးစိုးမင်းက ဝင်ပြောရသည်။

"ဟေ့ကောင် ... "သား" မရှိဘူးကွ"

ဘာပြောလိုက်မှန်း ကြားပုံမပေါ် "ဗျာ ... ဟုတ်ကဲ့ အန်ကယ်" ဟုသာ လှည့်ပြောပြီး ထူးရဲမင်းကို ထပ်ခေါ်ရန်အော်သံကို စ၏။

ဦးစိုးမင်းမှာ ကျွံမြီးတိုသွားပြီး သူ့အသံကို လွှမ်းအောင် အော်လေတော့သည်။

"ဟေ့ကောင် ... မင်းသူငယ်ချင်း ထူးရဲမင်းမရှိဘူးကွ။ အပြင်သွားတယ်"

အနားကပ်အော်ခြင်းဖြစ်သဖြင့် နားအူသွားသော ဒေါ်ခင်မြရီက နားနှစ်ဖက် အမြန်ပိတ်ကာရင်း ဦးစိုးမင်းကို မျက်စောင်းထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ငှက်ဆိုးမှာ သူတို့ဘက် လှည့်လာလေတော့၏။

"ဘယ်သွားတာလဲ အန်ကယ်"

"မသိဘူး"

အပြန်အလှန် အော်ကြသည့်ကြားတွင် စိတ်တိုနေသည့် ဒေါ်ခင်မြရီက ဝင်ဖြေခြင်းဖြစ်ပါသည်။ အဖွားကြီးမှာ ခုန သူ့ကို နားဒုက္ခပေးကြသူနှစ်ယောက်အား ကလဲ့စားချေလိုစိတ်ဖြင့် အဖြေကို အော်၍ဖြေရာ ငှက်ဆိုး နည်းနည်းတွန့်သွား၏။ ပြီးမှ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ဆက်မေး၏။

"သူဘာမှာသွားသေးလဲဟင်"

"မမှာဘူး"

ဒီတစ်ခါလဲ အော်ပြီးဖြေရာ ငှက်ဆိုးကိုယ် နောက်သို့ယို့သွား၏။ အပွဲပွဲ ဖြလာခဲ့သမျှပါးစပ်သည် ဒီအဖိုးကြီး အဖွားကြီးနဲ့ ကျမှ ခံနေရပြီ။

"ဘယ်အချိန်ပြန်လာမယ်လို့ရော ပြောသွားသေးလား"

"မပြောဘူး"

ငှက်ဆိုး ခေါင်းကုတ်သည်။ ဘယ်လိုအဖိုးကြီး အဖွားကြီးတွေလဲ မသိ။ အသံတွေကလည်း ပြလိုက်တာ ... ။ မြန်မာနိုင်ငံမှာ သူတို့လို မိတမျိုးများများရှိလျှင် လေးဖြူတို့၊ မျိုးကြီးတို့ ထမင်းငတ်စရာရှိ၏။ ကြည့်ရတာ ဒီလင်မယားလည်း မကြာခင် စီးရီးထုတ်ကြတော့မှာ ထင်ပါရဲ့။

"ဒုက္ခပါပဲဗျာ"

ကြံရာမရသည့်အဆုံး ကိုယ့်ဖာသာပဲ ငှက်ဆိုး ညည်းမိတော့သည်။ ဒီအတွက် အမူအရာပျက်သွားရသူမှာ ဒေါ်ခင်မြရီဖြစ်၏။

ထိုအဖွားကြီးက ငှက်ဆိုး တစ်ခုခုမေးလျှင် အားပါးတရ အော်ဖြေလိုက်ရန် ပါးစပ်ကို အသင့်ပြင်ထား၏။ ငှက်ဆိုး စကားစသည်နှင့် သူ၏ပါးစပ်က ဟလိုက်ပြီးဖြစ်သည်။



သို့သော် ငှက်ဆိုးက ဘာမှမမေးဘဲ ငြိမ်ငြိမ်လိုက်သောအခါ အဖွားကြီးမှာ ပါးစပ်ဟမိလျက်နှင့် မအီမလည်ကြီး ဖြစ်သွားတော့သည်။

ဒီတစ်ခါ ငှက်ဆိုးကို တုံ့ပြန်သူကတော့ ဦးစိုးမင်းဖြစ်၏။

"ဘာလဲ မင်း ... ပိုက်ဆံချေးမလို့လား"

"ဗျာ"

ငှက်ဆိုးမှာ ကြောင်တောင်တောင်ဖြစ်သွားရ၏။

"ဪ ... သားဆီ မင်းပိုက်ဆံလာချေးတာလားလို့မေးတာ၊ သူမရှိဘူးဆိုတာနဲ့ မင်းမှာ ဒုက္ခများနေလို့လေ"

"ဟာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ပိုက်ဆံချေးဖို့လာတာ မဟုတ်ပါဘူး"

သားအဖတွေ လိုက်လည်းလိုက်ပါသည်။ ဟိုကောင် ထူးရဲမင်းကလည်း ဖုန်းဆက်လိုက်တာနဲ့ ထိုအတိုင်းမေး၏။ အခု သူ့အဖေကလည်း တစ်လေသံတည်း။

ငှက်ဆိုး ဒေါသတွေ ဖြစ်မိရ၏။

"ဒါဆို ဘာကိစ္စလဲ"

"ဒီဓါတ်ပုံထုတ် လာပေးတာပါ .. ကျွန်တော်က သူနဲ့ ပြောစရာရှိတာ မပြောရလို့ ဒုက္ခပဲလို့ပြောတာ ... အခုတော့ ကျွန်တော်သွားတော့မယ်။ သူပြန်လာရင်သာ အဲဒီအထုပ် ပေးလိုက်ပါ။ သူနဲ့ဖုန်းဆက်ထားပြီးသား .. သူသိပါတယ်"

စိတ်ဆိုးမာန်ဆိုးဖြင့်ပင် ဓါတ်ပုံထုပ်ကို ဖိုးကနဲ ဆတ်ကနဲ စားပွဲပေါ်တင်လျက် ငှက်ဆိုးတစ်ယောက် ဖိုးကနဲ ဆတ်ကနဲ ထွက်ခွာသွားသည်။

အဘိုးကြီးနှင့်အဘွားကြီး နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပခုံးတွေပြိုင်တူ ဖိုးကနဲဆတ်ကနဲ[illegible]ပြီး ကျန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်မိသဖြင့် ငှက်ဆိုး စားပွဲပေါ်တင်ထားခဲ့သော အထုပ်ကို သတိမထားမိကြ။ သို့ဖြင့် ထို (ဓါတ်ပုံ) အထုပ်မှာ သွယ်သွယ်မေ (ဓါတ်ပုံ) အထုပ်နှင့် ဘေးချင်းယှဉ်လျက်ထားမိသည်ကိုလည်း သူတို့ မသိလိုက်မိကြပါ။

ငှက်ဆိုး အိမ်ပြင်ရောက်မယ်မှ မကြာသေးခင်မှာပင် အဖိုးကြီး နှင့် အဖွားကြီးတို့၏ ခွန်းကြီးခွန်းငယ်ရန်ပွဲက ပြန်စခဲ့လေသည်။

"အံမယ် ငါ ခုမှသတိရတယ် … သားမင်္ဂလာကိစ္စအတွက် ဟိုဘက်နဲ့စကားတွေကျွံကုန်တာ ငါ့ကြောင့်မဟုတ်ဘူး၊ မင်း … မင်းပဲ စကားတွေ တည့်တည့်ပြောကြရတော့ အောင်ရှင် ဆိုပြီး သွားပြောတာ … ဟုတ်တယ်၊ ငါမှတ်မိပြီ … တရားခံဟာ မင်းပဲ"

အဖိုးကြီးက ရုတ်တရက် သတိတရဖြင့် လက်ညှိုးကြီး ငေါက်ငေါက်ထိုးကာ ပြောလေသည်။ ဒေါ်ခင်မြရီမှာလည်း ပြန်မှတ်မိသွားဟန်ဖြင့် ဦးစိုးမင်းကို မလုံမလဲ တစ်ချက်ကြည့်သည်။ သို့သော် ချက်ချင်းပင် မျက်နှာကို ပြန်ချိုလိုက်ပြီး အလျှော့မပေးရန်ပြင်၏။

"အံမယ် … လူကို ရှင့်လက်ညှိုးကြီးနဲ့ တထိုးထိုး လာလုပ်မနေပါနဲ့"

"ဘာလဲ … ငါပြောတာ မဟုတ်လို့လားကွ"

"အို … ဘာမှ လာပြောမနေနဲ့၊ ရှင်ဟာလေ ယောက်ျားကြီးဖြစ်ပြီး တော်တော်အငြင်းသန်တယ်"

ထိုစကားကြောင့် ဦးစိုးမင်း ဒေါသဖောင်းသွား၏။

"ဒါ အငြင်းသန်နေတာမဟုတ်ဘူးကွ။ အမှန်တရားကို ပြောနေတာ ပြီးတော့ သားကိုပြောတာလည်း ငါမှတ်မိပါသေးတယ်၊ ဘာတဲ့ … သားဖို့ အမေတို့ ချွေးမလှလှလေး ရှာထားတယ် တဲ့ … ဟင်း ဟင်း၊ ဒါကြီးလား လှတာ"

"ကိုစိုးမင်း … တော်ပြီနော်၊ ရှင်လွန်လာပြီ"



"မတော်နိုင်ဘူးကွ … ဒါနဲ့ နေစမ်းပါဦး မင်းက ဟိုကောင်မလေးလှသလေး ဘာလေးနဲ့ လျှောက်ချီးရအောင် မင်း သူ့ကို မြင်ဖူးလို့လား"

"မြင်တော့ ဘယ်မြင်ဖူးမလဲတော့"

"အဲဒါဆို ဘာလို့ပြောတာလဲ"

"အို … သူတို့ပြောတာကိုး … သူတို့သမီးက သိပ်လှတာပဲဆိုတော့ ကျွန်မလည်း ဒီအတိုင်း ပြန်ပြောတာပေါ့"

ဦးစိုးမင်း အကွက်ကောင်းတွေ့သွား၏။

"တွေ့လား … အဲဒါကြောင့် ငါပြောတာ … ဟိုကပြောတိုင်း ယုံရရောလား၊ မင်းကို ဟိုက အီအီးလေးသိပ်ကောင်းတာပဲ စားကြည့်ပါလားဆို စားမလား၊ မင်းတို့မိန်းမတွေဟာလေ သိပ်ခက်တာပဲ"

ဒေါ်ခင်မြရီသည် သူလုံးဝခံနေရပြီမှန်း သဘောပေါက်လိုက်၏။ စကားဆက်ပြောနေလို့ မဖြစ်တော့ပြီမှန်း နားလည်သည်။ ထို့ကြောင့် တိုက်ကွက်ကို ပြောင်းလဲလိုက်၏။

ထ,ထွက်သွားလိုက်ခြင်း ဖြစ်လေသည်။

ဦးစိုးမင်းမှာ ပိုင်ပြီဟု ဖိပြောနေရာမှ ဟိုက ထ,ထွက်သွားသဖြင့် ရုတ်တရက် ကြောင်ပြီးကျန်ခဲ့သည်။ ခေတ္တ ဘာလုပ်ရမှန်းမသိဖြစ်နေပြီး နောက်ကျမှ သူပါ လိုက်ထ၏။

"ရှင် ကျွန်မနောက် မလိုက်ပါနဲ့"

"ဘာကိစ္စ မင်းနောက်လိုက်ရမှာလဲ၊ ငါ့ဟာသာငါ ခြေညောင်းလက်ဆန့် သွားအိပ်မလို့"

"အို ကျွန်မလည်း အိပ်ခန်းထဲသွားမလို့ရှင့်"

"သွားပေါ့ … နှစ်ယောက်ပိုင်တဲ့အိပ်ခန်းထဲဟာ ဘာဖြစ်လဲ၊ ဘာလဲ မင်းကငါ့ကို ကျွတ်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် ရှင့်များ ဝေးသေးတယ်၊ ကျွန်မက ရှင်နဲ့ စကား ဆက်မပြောချင်လို့ရှင့် သိရဲ့လား"

"ဟားဟား ဒီကလည်း တူတူပါပဲဗျာ၊ ခင်ဗျားအသံကို တစ်စက်ကလေးမှကို မကြားချင်တာပါ"

"အဲဒါဆို ရှင့်ပါးစပ်ပိတ်တော့"

ပြောပြောဆိုဆို အဖွားကြီးက အပေါ်ထပ်သို့ သုတ်သုတ် လျှောက်တက်သွားကာ အခန်းထဲဝင်၍ အိပ်ရာပေါ် ဝုန်းကနဲ သွားလှဲ နေ၏။ အဖိုးကြီးမှာလည်း စကားဆက်မလိုလုပ်လိုက်ပြီးမှ ကိုယ့်စကားနဲ့ ကိုယ်မို့ မပြောသာတော့ဘဲ အဖွားကြီးကို မျက်စောင်းထိုးကြည့်ရင်း အိပ်ရာထဲစ်ဘက်၌ ကျောခိုင်းဝင်လှဲ၏။

အခြေအနေက ရုတ်ချည်း ငြိမ်သက်သွားသည်။

ညှော်ခန်းလေးမှာ နှစ်ဘက်တပ်များ ဆုတ်ခွာသွားသော စစ် တလင်းပြင်လို ဟာလာဟင်းလင်း ကျန်ခဲ့၏။

အရာအားလုံးမှာ တိတ်ဆိတ်လျက် ...

စားပွဲပေါ်မှ ခါတ်ပုံထုပ်လေးနှစ်ထုပ်မှာလည်း ပူးကပ် ငြိမ်ဝပ်လျက်...

◆ ◆ ◆



[ ၆ ]

ညနေဘက် ထူးရဲမင်းအပြင်မှ ပြန်ရောက်လာချိန်ကျတော့ အဖိုးကြီးနှင့် အဖွားကြီးမှာ အချင်းချင်းကျောခိုင်းလဲလျောင်းရင်း အိပ် ပျော်တော့မလိုပင် တမှေးမှေးတရိရိ ရှိနေကြပေပြီ။

အိမ်ရှေ့ ဆင်ဝင်အောက် ကားထိုးဆိုက်လိုက်ပြီးသည်နှင့် ထူးရဲမင်းသည် အိမ်ထဲသို့ ခပ်သွက်သွက်ဝင်လာခဲ့၏။ အိမ်အနေအထား အရ အိမ်ရှေ့တံခါးဝကို ဖြတ်ကျော်လာပြီးသည်နှင့် ညှော်ခန်းသို့ ရောက် လာသည်။

ကားသော့လေးကို လက်ထဲ၌ လှည့်ပတ်ဆော့ကစားရင်း လျှောက်လာသော ထူးရဲမင်းမှာ ပါးစပ်ကလည်း လေလေးတချွန်ချွန်နှင့် ပေါ့ပါးသွက်လက်နေလေ၏။

ညှော်ခန်းထဲအရောက်၌ မိဘတွေကို မမြင်ရသဖြင့် အပေါ်ထပ် အခန်းထဲမှာ တရေးတမော မှေးနေကြပြီမှန်းသိသည်။ သူလည်း သူ့

www.burmeseclassic.com

www.burmeseclassic.com



အခန်း သူသွားဖို့ပြင်ရင်းမှ ညှော်ခန်းအလယ် စားပွဲပေါ်ရှိ အထုပ်ကလေး များကို သွားရှုမြင်မိ၏။

အစေးကကြည့်ရုံနှင့် ဓါတ်ပုံထုပ်မှန်း သိသာနေသဖြင့် ထူးရဲမင်း ထိုအထုပ်တွေနား လျှောက်သွားလိုက်သည်။ ပြီးတော့ အထုပ်တစ်ထုပ်ကို ကောက်ယူလိုက်၏။

ကံအားလျော်စွာပင် ထူးရဲမင်းကောက်ယူမိသည်မှာ သွယ် သွယ်မေ့ပုံတွေ မဟုတ်ခဲ့။ ၄တ်ဆိုး လာပေးထားသော အထုပ် ဖြစ်နေခဲ့၏။

အထုပ်ကို ဖွင့်လှစ်၍ အထဲကဓာတ်ပုံတွေ တစ်ပုံချင်း ထုတ် ကြည့်သည်။ တဖြည်းဖြည်းနှင့် ထူးရဲမင်းမျက်နှာ ပြုံးယောင်သန်းလာ လေ၏။

အထုပ်ထဲမှာ ဓါတ်ပုံတွေက အများကြီး။ ထူးရဲမင်းကလည်း အငတ်ဘေးဆိုက်လာသူ ထမင်းစားသလို တစ်ပုံပြီးတစ်ပုံ အငမ်းမရ ထုတ်ကြည့်၏။ ပုံတွေက ကိုယ်လုံးအလှကို အသားပေးရိုက်ထားသော ပုံ တွေချည်း။ ထူးရဲမင်းမျက်နှာလည်း ပို၍ပို၍ ပြုံးလာလေတော့၏။

ဓါတ်ပုံတစ်ပုံ ကြည့်လိုက်ပြီးတိုင်းတွင် သူ့မျက်နှာသည် လျှပ်စစ်အား ပိုမြှင့်ပေးလိုက်သော မီးသီးလုံးလိုဖြစ်နေ၏။ မျက်နှာက ပို၍ပို၍ ဝင်းလာလိုက်သည်မှာ နောက်ဆုံး မျက်စိစူးမတတ် ဝင်းထိန် လျက် ဖြိုးဖြိုးဖြိုးဖြိုး ဖြစ်နေလေတော့၏။

ထို့နောက် အသွက်လက်ဆုံး ခြေလှမ်းများဖြင့် အိမ်ပေါ်ထပ်ဆီ သို့ တက်ရောက်ခဲ့သည်။ လက်ထဲကဓါတ်ပုံတွေကိုလည်း သွားရင်း လာရင်း အပြန်ပြန်အလှန်လှန် ကြည့်သွားသေး၏။

ပြီးတော့ သူ့မိဘတွေ အိပ်ခန်းရှေ့ မရောက်ခင်မှာပင် အလော့သုံးဆယ် အော်မေးတော့သည်။ ဦးစိုးမင်းနှင့် ဒေါ်ခင်မြရီမှာ လည်း အခန်းနား သူရောက်မလာခင်ကတည်းက ခြေသံများကြောင့် နိုးနေခဲ့ပြီဖြစ်သည်။



"အဖေတို့ အမေတို့ ဒါသားနဲ့ လက်ထပ်ရမယ့် ကောင်မလေး လား"

အခန်းဝလာရပ်လျက် လက်ထဲက ဓါတ်ပုံတွေကြည့်နေရင်း မေးလိုက်သော သားတော်မောင်ကြောင့် မိဘနှစ်ပါး အိပ်ရာပေါ် ဝုန်း ကနဲ ထထိုင်မိလျက်သား ဖြစ်သွားသည်။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။

ပြီးတော့ သားကိုအဖြေပေးဖို့ရန် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြ၏။ သို့သော် နှစ်ယောက်လုံး ဘယ်သူ့မှ မော်လန်တီယာ မလုပ်လိုကြ။ ထူးရဲမင်းကတော့ ဓါတ်ပုံတွေ ဖြိုးဖြိုးဖြိုးကြီး ငုံ့ကြည့် နေရင်းမှ ထပ်မေးလေ၏။

"ဒါ သားနဲ့ယူမယ့် ရန်ကုန်က ကောင်မလေးမဟုတ်လား။ ပြောကြပါဦးဗျ"

နှစ်ယောက်လုံး ဆတ်ကနဲဖြစ်သွားသည်။ ဦးစိုးမင်းက ဒေါ်ခင်မြရီကို ကြည့်၏။ ဟိုက မျက်ရိပ်ဦးအောင် ပြထားနှင့်သည်။ မတူးတော့ပြီမို့ ဦးစိုးမင်းပင် လေသံပျော့ပျော့လေးနှင့် ဖြေရလေတော့၏။

"အေး ... ဟုတ်တယ်ကွာ"

"ဟာ ပျော်စရာကြီးဗျာ"

ထူးရဲမင်းမှာ အာလုပ်သံကြီးဖြင့်ပြောရင်း တံတွေးပင် သီးသွား ရ၏။ ဦးစိုးမင်းနှင့် ဒေါ်ခင်မြရီမှာ နားမလည်သလိုဖြစ်သွားသည်။

ဇဝေဇဝါဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပြန်၏။

"ဟို ... သား သဘောကျရဲ့လားဟင်"

ဒီတစ်ခါပြောသူကတော့ ဒေါ်ခင်မြရီဖြစ်သည်။ သို့သော် သူ့ လေသံပျော့ကလေးပင် မဆုံးလိုက်ရပါ။

"ဟာ ... ကျတာပေါ့ဗျာ .. ဒီလောက်ချောတဲ့ဟာကို"

အဖိုးကြီးနဲ့ အဖွားကြီး တစ်ယောက်ကိုတစ်ယောက် ကြည့် ကြပြန်၏။ သူတို့က အိပ်ရာပေါ်မှာ၊ ထူးရဲမင်းက အခန်းဝမှာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



နေရာချင်းကလှမ်းသည်။ ထို့ကြောင့် ထူးရဲမင်းလက်ထဲကပုံတွေကို သွယ်သွယ်မေပုံတွေဟုပဲ ထင်နေ၏။ (ငှက်ဆိုးဓါတ်ပုံထုပ် ပေးခဲ့တာကိုတော့ မေ့တောင်နေကြပြီ။ ပေးကတည်းကလည်း ဂရုမစိုက်မိဘူးမဟုတ်လား။)

"အင်း ... သေချာကြည့်မယ်ဆိုရင် ရုပ်ကလေးကတော့ မဆိုးပါဘူးလေ။ ဒါနဲ့ ကိုယ်လုံးကိုယ်ပေါက်ကရော သားရယ်"

"အဲဒီ ကိုယ်လုံးကိုယ်ပေါက်ကို အဓိကပြောချင်တာ အဖေရဒါမျိုးမှ သားကကြိုက်တာ .. အဟဲ ၊ အနေတော်လေးပဲ"

မိဘနှစ်ပါးလုံး မျက်လုံးပြူးသွား၏။ ခဏကြာတော့ အဖွားကြီးက ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးတော့ တီးတိုးရေရွတ်၏။

"အင်း သူတို့ခေတ်က အရာရာ ဖွံ့ဖြိုးတဲ့ခေတ်ဆိုတော့ ဒီလို ဖွံ့ဖွံ့ဖြိုးဖြိုးကြီးတွေ ကြိုက်ကြတယ်နဲ့ တူပါရဲ့"

ဦးစိုးမင်းက သက်ပြင်းချသည်။

"ဒါဆို သူနဲ့စီစဉ်ထားတဲ့ကိစ္စကို သားသဘောတူတယ်ပေါ့"

"တူတယ်အဖေရ၊ အမြည့်အဝ သဘောတူတယ်၊ သူတို့ဆီ မြန်မြန်သာ ဖုန်းဆက်ပြောလိုက်၊ သားလည်း သန်ဘက်ခါကို စီစဉ်ထားတဲ့အတိုင်း သူတို့ဆီလိုက်သွားမယ်"

"ဩော် ... အေးအေး မင်းကြိုက်တယ်ဆိုလည်း ပြီးတာပါပဲကွာ"

ဦးစိုးမင်း သက်ပြင်းထပ်ချပြန်သည်။ ပြီးတော့ သူရော ဒေါ်ခင်မြရီရော သားတော်မောင် နောက်များနေသလားဟု အကဲခတ်နေကြ၏။ ထူးရဲမင်းကတော့ ဓါတ်ပုံတွေ အမြန်အလှန်ကြည့်နေတာ ခေါင်းကိုမဖော်တော့။ ပြုံးဖြီးဖြီးကြီးပင် သူ့အခန်းဘက် ဆက်ထွက်သွား၏။

သွားခါနီး ပြောသွားလိုက်သေးသည်။

"အဖေ ရန်ကုန်ကို အမြန်ဖုန်းဆက်ပေးနော်" တဲ့။



[ ၇ ]

သွယ်သွယ်မေ့ကို ကြည့်ရသည်မှာ ပက်လက်လှန်ထားသော [illegible]ကြီးတစ်ကောင်နှင့် တူနေလေသည်။ သို့သော် ပါးစပ်ကတော့ [illegible]သံမထွက်ဘဲ ဆိုငတ်နေသော တံခါးပတ္တာသံမျိုး (တအီအီ) ထွက်[illegible]နေလေ၏။

အိပ်ရာပေါ်တွင် ပက်လက်လှန်လျက် သူမ ညီးညူနေခြင်း [illegible]သည်။ နံဘေး၌ သူမအမေက တဖျစ်တောက်တောက် ဖြစ်နေ[illegible]

"နင့်ကို ငါဘယ်လိုနားလည်အောင် ပြောရမလဲဟင် မိသွယ်သွယ်မေ အရွယ်ကြီးကလဲ ကြီးနေပြီ။ ခုထိ သုပ်ချင်ရာကို

www.burmeseclassic.com



မဆင်မခြင်လုပ်တုန်းပဲ။ ဘယ်လိုပြောပြော မရပါလားဟင်"

"အမေကလဲ သမီးကိုပဲ လာဆူနေတာပဲ။ သမီးဟာသမီး စိတ်ချတဲ့ဟာကို"

"နင်စိတ်ချတာကလည်း တစ်အိမ်လုံး နားမခံနိုင်အောင် တဒိုင်းဒိုင်းနဲ့ အိမ်ပေါ်ထပ်ကြီးမှာ ကြိုးခုန်တယ် ... ပြီးတော့ တစ်နေ့ကုန် တစ်နေခန်း ရေကူးကန်ထဲ ဆင်းစိမ်တယ် .."

"ဆင်းစိမ်တာ မဟုတ်ပါဘူး၊ ရေကူးတာပါ"

"ငါကတော့ ရေထဲစိမ်နေတာပဲ တွေ့ပါတယ် ... အဲဒီလောက် တစ်နေကုန်နေမှတော့ အအေးပတ်ပြီပေါ့၊ သူများတွေ စိတ်ချရင် အစားအသောက်ဆင်ခြင်တာ ကြားဖူးပါတယ်၊ နင်ကဒီလောက်ကြီး နင်းကန်စားနေတာ ဘယ်လိုစိတ်ကျမလဲ"

"ဒါကတော့ သမီးမှ အစားမလျှော့နိုင်တာကိုးလို့၊ သမီးဖာသာ တတ်နိုင်တဲ့ဟာလုပ်တော့လဲ အဆူခံရတယ်"

"နင်တတ်နိုင်တာလုပ်တာက အလွန်အကျွံကြီးကိုး၊ အအေးမိပြီး ဖျားအောင်လုပ်တာကိုး သူမှာပေါ့၊ နေပါဦး ရေထဲစိမ်ရင် စိတ်ကျတယ်လို့ နင့်ဘယ်သူပြောလဲ"

"ရေထဲစိမ်ရင် မဟုတ်ပါဘူး၊ ရေကူးရင် စိတ်ကျတာပါ"

"အေးအေး ... ထားပါတော့၊ အဲဒီလို ရေကူးရင် စိတ်ကျတယ်လို့ နင့်ဘယ်သူပြောလဲ၊ ပြောပါဦး"

"ဒီလိုပဲ စာအုပ်ထဲမှာ ဖတ်ဖူးတာပေါ့"

"ဘယ်စာအုပ်မှာလဲ"

"ဒါတော့ ဘယ်သိမှာလဲ အမေကလဲ အတင်း စစ်စစ်ပေါက်ပေါက် လျှောက်မေးနေတာပဲ ... ဘာလုပ်ဖို့လဲ"



"မဟုတ်ပါဘူး ... ငါတွေးမရလို့ပါ ... ရေကူးလို့သာ စိတ်ကျကြေးဆိုရင် ရေထဲ တစ်သက်လုံးနေတဲ့ ဝေလငါးကြီးတွေ ပိန်ပိန်လေး ဖြစ်နေရောပေါ့"

"ဒါကတော့ သူတို့လဲ အရင်က ဒီထက် အများကြီးပိုဝခဲ့မှာပေါ့၊ ရေထဲနေလို့ ဒီလောက်ပဲကျန်တာနေမှာပေါ့။ ပြီးတော့ ရေထဲက တခြားငါးတွေကြည့်ပါလား၊ ငါးဖောင်ရိုးတို့ ငါးလင်ပန်းတို့ဆို ဘယ်လောက်ပိန်လဲ"

"အံမယ် ... မအေကိုများ ပြန်ငြင်းနေလိုက်တာ ... တော်တော် နှုတ်သီးကောင်းနေတယ်ပေါ့ ဟုတ်လား၊ စတုတ်မ"

ဟိုစကားကြောင့် သွယ်သွယ်မေ ဆတ်ဆတ်ခါသွားသည်။

"သမီးကို အဲဒီလိုမခေါ်ပါနဲ့ ... သမီးမကြိုက်ပါဘူး"

"မှာယ် ... ပြောလေကဲလေပါလား ... ငါတောင် ညည်းက ပြန်ရန်တွေ့ချင်နေတယ်ပေါ့၊ ဒီလောက်တောင်ရှိလှတာ၊ ကဲဟယ် ... ကဲဟယ်"

ဒေါ်ခင်မိဟု အမည်တွင်သော အမေပိန်ပိန်လေးသည် သွယ်သွယ်မေဟု အမည်တွင်သော သမီးဝဝကြီးကို ဒေါသဖြစ်ဖြစ်နှင့် ဗိုက်ခေါက်ကြော ဆွဲလိမ်လေတော့၏။

"အမယ်လေး အမေရဲ့"

သွယ်သွယ်မေမှာ နာကျင်မှုကြောင့် ပထမလန့်အော်သည်။ နောက် ... မျက်နှာရှုံ့မဲ့ရင်း ဗိုက်ကိုဆွဲလိမ်ထားသော သူမအမေလက်မှ ရုန်းလေတော့၏။

ဒေါ်ခင်မိကလည်း လူသာပိန်တာ သန်လိုက်သည့်ဖြစ်ခြင်း။ သွယ်သွယ်မေ ဘယ်လိုရုန်းရုန်း လက်ကိုမလွှတ်။

အံကြိတ် ကြိတ်လျက်။

"ကဲဟယ် ... ကဲဟယ်"

ဟုသာ အတွင်းသား အတွင်းအားထုတ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းနာလာသည့်အခါ ခုနက ဖျားချင်နာချင်နေတာတွေ ဘယ်ရောက်သွားမှန်း မသိတော့။

သွယ်သွယ်မေသည် အိပ်ရာမှ ဝုန်းကနဲ ခုန်ထလေ၏။

ထို့နောက် ... ဒေါ်ခင်မိလက်မှ သူမဗိုက်ခေါက် လွတ်လိုလွတ်ငြား လုပ်မိလုပ်ရာအဖြစ် ဒေါ်ခင်မိပခုံးနှစ်ဖက်ကို ဆွဲယူကိုင်မိလေသည်။

သို့ဖြင့် အိမ်ဖော်မကလေး အခန်းထဲဝင်လာချိန်တွင်တော့ သွယ်သွယ်မေမှာ ဒေါ်ခင်မိကို ပွေ့ချီထားသလို အနေအထားအတိုင်း ရှိနေလေသည်။ သို့သော် ဒေါ်ခင်မိမှာတော့ စိတ်ကြီးသည်။ သွယ်သွယ်မေ့ ဗိုက်ခေါက်မှလက်ကို မလွှတ်သေး။

အိမ်ဖော်မကလေး မျက်စိလည်သွား၏။

ဘယ့်နှယ် ဒီသားအမိ မကြီးမငယ်နဲ့ အခန်းထဲမှာ တစ်ယောက်ကို တစ်ယောက် ပွေ့ချီနေကြပါလား ...

သူတို့ကျမှ ပြောင်းပြန် သမီးက အမေကို ပြန်ချီနေ၏။

အင်းပေါ့လေ ...။ ဒီသမီးကိုယ်လုံးမျိုး ချီရရင်လဲ ဒီအမေ အီးထွက်လိမ့်မည်ထင်၏။

အိမ်ဖော်မလေးကိုမြင်မှပင် ဒေါ်ခင်မိက သွယ်သွယ်မေ့ဗိုက်မှ လက်ကို လွှတ်တော့၏။ သွယ်သွယ်မေကတော့ ယောင်ကမ်းကမ်းနှင့် ဒေါ်ခင်မိကို ချီထားရာမှ ပြန်မချမိသေး။

"ဟော့ ... ငါ့ကို အောက်ချဦး"

ဒေါ်ခင်မိပြောမှ သွယ်သွယ်မေမှာ ...

"ဟုတ်ကဲ့ ... အမေ"

ဟု ရှက်ကိုးရှက်ကန်းဖြင့် အောက်ပြန်ချရလေ၏။

"ဟဲ့ မိချို ဘာကိစ္စလဲ"

ဒေါ်ခင်မိက အိမ်ဖော်မလေးကို တစ်ဆက်တည်းလှည့်မေး၏။



"ဟို ... ဟို အိမ်အောက်ထပ်မှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရုပ်ခပ်ချောချော၊ မျက်ခုံးမွှေးနက်နက်၊ နှာတံပေါ်ပေါ်၊ မေးရိုးကားကား၊ နှုတ်ခမ်းမွှေးစစ၊ အသံသြသြ ... အထုပ်တွေ အပိုးတွေနဲ့ အစ်ကိုလေးတစ်ယောက် ရောက်နေပါတယ်ရှင့်"

တစ်ခါတည်းပြောသွားလိုက်သည့်မှာ အင်္ဂါရုပ်ကို စုံနေလေတော့၏။ ဒီကောင်မလေး "ရဲ"ဘက်မှာလုပ်လျှင် ကြီးပွားလောက်တယ်ဟု ဒေါ်ခင်မိ တွေးမိသွားသည်။

"နာမည်ကရော ဘယ်သူတဲ့လဲ"

"အမှတ် (၁၀၁)၊ ၈၄ လမ်း၊ ၂၉ လမ်းနဲ့ လမ်း ၃၀ ကြား၊ မန္တလေးမှာနေတဲ့ ဦးစိုးမင်း – ဒေါ်ခင်မြရီတို့ရဲ့သား၊ ထူးရဲမင်း လို့ ပြောပါတယ်ရှင်"

ထိုနာမည်ကြားသည်နှင့်ပင် သွယ်သွယ်မေက ဖလမ်းဖလမ်းဆဲ့သွားလေတော့၏။

"ဟယ် ... သူလာပြီပဲ၊ သမီးသွားမယ်၊ သမီးသွားမယ်"

ပြီးတော့ သုတ်သီးသုတ်ပြာဖြင့်ပင် အခန်းတံခါးဝသို့ထွက်ရန်ပြေး၏။ ရှေ့မှာရပ်နေသော အမေဖြစ်သူကိုပင် ဂရုမထားနိုင်တော့။

အမြန်လျှောက်လိုက်သော သူမ၏ခြေတစ်ဘက်သည် ဒေါ်ခင်မိကို ကျော်အတက်၌ ခြေဖမိုးပေါ်တိတိကျကျ တက်နင်းမိလေတော့၏။

"အား" ကနဲအော်ရင်း ဒေါ်ခင်မိ အီစလံဝေသွားသည်။ မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် သွယ်သွယ်မေ့ကို ကြည့်၏။

အပြင်ထွက်ရန်ပြင်နေရာမှ ပြန်လှည့်ကြည့်သော သွယ်သွယ်မေ့ဗိုက်ကို လက်ညှိုးညွှန်၍ လက်ညှိုး လက်မတို့ကို ဟာစိဟာစိလုပ်၍

www.burmeseclassic.com

www.burmeseclassic.com



ညှပ်ဟန် လုပ်ဖြလိုက်လေသည်။ ဇိုက်ခေါက်ဆွဲလိမ်ခံရမည် ဆိုသည့် သဘော ...

သွယ်သွယ်မေမှာ တွန့်ကနဲဖြစ်သွား၏။

"ကန်တော့နော်အမေ ... ကန်တော့"

မျက်နှာချိုသွေးရင်း ဒေါ်ခင်မိကို တောင်းပန်၏။ သို့သော် သူမအာရုံက ပိုဘက်၌ အပြည့်အဝရောက်နေသည်ဖြစ်ရာ တောင်းပန်ပြီးသည်နှင့်ပင် ချာကနဲပြန်လှည့်ကာ ရှေ့ကို ဆက်လှမ်းလေ၏။

ဒေါ်ခင်မိလည်း ဘာမှပြောမနေတော့ဘဲ နောက်မှ လိုက်လေသည်။

သို့သော် သွယ်သွယ်မေက ဖြောင့်ဖြောင့်တန်းတန်းမသွား။

သွားနေရင်း အကောင်းသားမှ ရုတ်တရက်ရပ်ကာ နောက်ပြန်လှည့်လေရာ သူမနောက်မှ ကပ်လိုက်လာသော ဒေါ်ခင်မိနှင့် "အွန့်" ကနဲ ဝင်တိုက်မိလေတော့၏။

ဒေါ်ခင်မိမှာ သဲအိတ်ကြီးကို ဝင်ဆောင့်လိုက်ရသလို ဖြစ်သွားသည်။

သွယ်သွယ်မေ့ကိုယ်လုံးကြီးနှင့် အရှိန်ပြင်းပြင်း တိုက်မိပြီး နောက်ဘက်စောင်စောင်ဝေးဝေးသို့ လွင့်ထွက်သွားလေ၏။

ရှေ့မကြည့်နောက်မကြည့်လုပ်တတ်သော သွယ်သွယ်မေမှာ ယင်းအဖြစ်ကိုပင် သတိမပြုမိ။ သူမဖာသာ နောက်ပြန်လှည့်ပြီး အခန်းထဲပြန်ဝင်ကာ ခုတင်ပေါ် ဝုန်းကနဲတက်၍ ဆန့်ဆန့်ကြီး ပြန်အိပ်နေလေ၏။

ဒေါ်ခင်မိမှာ ကြောင်တက်တက်ဖြင့်ပင် သူမနောက်လိုက်ရသည်။

"ဟဲ ဒါက ဘယ်လိုဖြစ်ရပြန်တာတုန်း"

"သမီးမလိုက်ချင်တော့ဘူး၊ အမေပဲ ဆင်းတွေ့လိုက်တော့"



"မိသွယ်ကွယ်မေ၊ ညည်းစိတ်တော့ကောင်းပါသေးတယ်နော်"

"ဘာလို့လဲအမေရ၊ သမီးစိတ်ကောင်းပါတယ်"

"ညည်းပဲ ခုနကတော့ တွေ့ချင်လှချည်ရဲ့ဆိုပြီး ဖျပ်ဖျပ်ကို လူးလို့၊ ခုမှ ဘယ်လိုစိတ်ပြောင်းသွားတာလဲ"

"သမီးက သိပ်နေမကောင်းဘူးအမေရ"

"အဲဒါ နင်ဆင်းတွေ့ဖို့ မလုပ်ခင်ကတည်းကပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ခုနကမစဉ်းစားမိတာတစ်ခုကို အခု စဉ်းစားမိသွားလို့"

"ပြောပါဦး၊ ဘာများ ညည်းက ရှောတ်တော်ကွန့်မြူးသွားရပြန်တာတုန်း"

"အခု သမီးက နေမကောင်းတုန်းဆိုတော့ ရုပ်သိပ်လှမှာ မဟုတ်ဘူးလေ ... မျက်နှာတွေကျနေမှာ ... အဲဒါကြောင့် သူနဲ့ မတွေ့ချင်သေးပါဘူး"

ဒေါ်ခင်မိမှာ စိတ်ဆိုးရအခက်ဖြစ်သွားရ၏။

"အမယ်လေး ဘာများလဲလို့အေ ... လာစမ်းပါ၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို ဒီလိုလုပ်လို့ ဘယ်ကောင်းမလဲ၊ လိုက်တွေ့စမ်းပါ၊ နေမကောင်းပေမယ့် နင့်ရုပ်က ဒီလောက်လဲ မကျပါဘူး"

သွယ်သွယ်မေမှာ ခေါင်းကို ဗိုခေါ်အောင် ခါလေတော့၏။

"ဟင့်အင်း ... ဟင့်အင်း၊ ဒါတော့ လုံးဝမရဘူး၊ အမေ သမီးကို သတ်ချင်လဲသတ်၊ ခုအချိန်တော့ သမီး သူနဲ့ လိုက်မတွေ့နိုင်သေးဘူး။ အဲဒါပဲနော် အတင်းလိုက်ခိုင်းရင်တော့ သမီးအော်ငိုပစ်မှာ"

စကားဆုံးတော့ စောင်ကိုဆွဲယူပြီး တစ်ကိုယ်လုံးလွှမ်းကာ ခေါင်းမြီးခြုံအိပ်နေလေ၏။ ပုံစံက ကောက်ညှင်းထုပ်ကြီး ကျပ်စည်းထားသလိုလို ...။ ဗိုက်နေရာလေး ဖောင်းထွက်နေသည်ကလွှဲလို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိမှာ ဒေါသဖြစ်မိသော်လည်း ဘာဆိုလိုလုပ်ရမည်မှန်း မသိ။ အောက်မှာ ညှို့သည်ရောက်နေတုန်း အော်ကြီးဟစ်ကျယ် ထ,ငို လျှင် သိက္ခာကျစရာတွေဖြစ်ကုန်မည်။

သူ့သမီးအကြောင်း သူသိ၏။ အရှက်က သိပ်ရှိတာမဟုတ်။

သို့နှင့်ပင် ဒေါ်ခင်မိသည် သွယ်သွယ်မေ့ကို ဝိုက်ကြောဆွဲ လိမ်ချင်စိတ်ပြင်းပြစွာဖြင့်ပင် လက်တယားယားနှင့် အတန်တန် ထိန်းချုပ်လျက် ညှို့ခန်းဆီ ဆင်းခဲ့ရလေတော့၏။

◆ ◆ ◆



[ ၈ ]

ထူးရဲမင်းသည် မအီမလည်ကြီး ဖြစ်၍နေ၏။

ကံစမ်းမဲပေါက်ပြီးကာမှ ထိုတုန်းမစွည်းထုတ်လုပ်ရာကုမ္ပဏီ ဖျက်သိမ်းသွားခံရသော လူတစ်ယောက်လို သူဆိုးဆိုးရွားရွား ခံစားနေရသည်။

ဒီနေ့ပါနှင့်ဆိုလျှင် သူ ဒီအိမ်ရောက်နေသည်မှာ လေးရက်ခန့် ရှိနေဦးမည်၊ သို့သော် ယခုအချိန်ထိ သွယ်သွယ်မေကို တစ်စွန်း တစ်စမျှ မမြင်ရသေး။

ရောက်စ,နေ့ထဲက ဒေါ်ခင်မိကသာ ဧည့်ထောက်ခံ စကား ပြောခဲ့၏။ ပြီးတော့ သူနေရမည့်အခန်းကို နေရာချပေးခဲ့၏။ ညနေ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ အပြင်မှ ပြန်ရောက်လာသော ဦးထွန်းအောင်နှင့် တွေ့ဆုံရ၏။ ထို အချိန်ထိ သွယ်သွယ်မေ့ကိုမူ မျက်နှာလေးမျှ မမြင်ရသေး။

ရောက်စအချိန်ကတည်းက တစ်နေရာရာမှ ချောင်းကြည့်နေသလိုတော့ ခံစားရသည်။ သ

ဩော် ... ရှက်ရှာလို့ထင်ပါရဲ့ ဟု စိတ်ထဲက တွေးလိုက်မိသည်။

သို့သော် သုံးလေးရက်လောက်ရှိလာတော့ သူ့စိတ်ထဲ တမျိုးတမည်ထင်ချင်လာ၏။

ဘာကြောင့်လဲ? ငါ့များမလိုလားလို့လား?

တွေးကြည့်ရသလောက်တော့ သူ့မှာ မလိုလားနိုင်စရာ ... ဘာမှမမြင်မိ။

ရုပ်ရည်ကလဲ ည, ည တီဗီမှာပြနေသော ကိုရီးယားမင်းသားတွေနှင့်ပင် ဆင်ချင်သလိုလို ...။

တစ်ချို့ကောင်မလေးတွေကဆိုလျှင် သူ့ကို ပွန်စောနဲ့ရော၊ ထယ်စောက်နဲ့ရော ဆင်လို့တဲ့ ...၊ 'စောစောက်' ဆိုပြီး ချစ်စနိုးခေါ်ကြသည်။ ထိုမှ ခေါ်ပါများတော့ 'စောပေါက်' တဲ့။

တစ်ချို့ကျတော့လဲ ဒါရိုက်တာရင်နဲ့ ဆင်သတဲ့၊ တချို့ကျတော့ ချွဲခွာနူးတဲ့။ တစ်ချို့ကျတော့ ဘတ်ချောအွန်းတဲ့ ...။ တစ်ချို့တွေက ချင်းပင်းတဲ့။ တစ်ချို့ကျပြန်တော့ ဂျန်ဂျယ်ဟော့တဲ့။

ဘာပဲဖြစ်ဖြစ် သူ့ရုပ်သိပ်မခေတာတော့ အမှန်ပဲဖြစ်သည်။ ဒါဆို ဘာကြောင့်များ သွယ်သွယ်မေက သူနဲ့မတွေ့ချင်ပဲ ဖြစ်နေရသလဲ?

ဘယ်လိုမှ စဉ်းစားမရ ...



ခိုးကြောင်ခိုးဝှက်နှင့် မတွေ့တွေ့ရအောင်ကြံတာလည်း နည်းလမ်းက မျိုးစုံနေခဲ့ပြီ။ ဟိုတစ်နေ့ကတင် အဲဒီလိုကြံရလို့ ဒုက္ခရောက်ရမလိုဖြစ်သေး၏။

အဲဒီနေ့က ...

ရေချိုးခန်းထဲမှ သူအထွက် မလှမ်းမကမ်းရှိ အခန်းတစ်ခုဆီမှ အသံလိုလိုကြားလိုက်ရသဖြင့် သူစိတ်ဝင်စားသွား၏။ သေချာနားထောင်ကြည့်တော့မှ သီချင်းညည်းသံဖြစ်နေလေ၏။

လှုကြပ်သော ဘတ်စ်ကားပေါ်မှာ နေရာရလိုက်သူလို သူ့မျက်နှာတစ်ခုလုံး ဝင်းထိန်သွား၏။ ဒီအိမ်မှာ သီချင်းလေးတညည်းညည်းနှင့် နေတတ်သူမှာ သွယ်သွယ်မေကလွဲ၍ အခြားမဖြစ်နိုင်။ အခန့်သင့်ချင်တော့ အခန်းတံခါးကလည်း ဟဟလေးဖြစ်နေတာမြင်ရ၏။

သူ့အကြံက တံခါးပေါက်ဟဟကြားမှ ချောင်းကြည့်မည်။ သွယ်သွယ်မေ့ မျက်နှာလေးကို မြင်ရလျှင် တော်ပါပြီ။ တစ်ပုံမြင်ကတည်းက သွားရေယိုနေခဲ့ရသည့် ကိုယ်လုံးအလှ ကောက်ကြောင်းလေးကိုပါ ကံထူးပြီး ရှုစားခွင့်ရမည်ဆိုလျှင်တော့ အတိုင်းထက်အလွန်ပေါ့။

အတွေးဖြင့်ဝင် သူအတော်တက်ကြွသွား၏။

ခြေကိုဖွလှမ်း၍ အခန်းဝဆီ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။

နီးလာလေလေ သီချင်းညည်းသံကို ပို၍ ကျယ်ကျယ်ကြားလာရသည်။

အမယ်လေး ... သာယာလိုက်သည့်ဖြစ်ခြင်း။

"တအင်းအင်း" နှင့် ပါးစပ်ပိတ်ညည်းနေခြင်း ဖြစ်သော်လည်း ထိုအသံလောက် နားထောင်၍ကောင်းသောအသံ မရှိဟု ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေကို ပို၍မြန်အောင် ပို၍လည်း အသံလုံအောင် ဖွဖွမြန်မြန် လှမ်းသည်။ တံခါးဝနှင့် လက်လှမ်းနိုင်သော အကွာအဝေးရောက်သည့် အခါ အခန်းတံခါးကို အသံလုံးဝမမြည်အောင် ဖြည်းဖြည်းလေး ဆွဲဟ၏။

သူ့မှာ သူခိုးဇာတာပါသည် ထင်သည်။

ဒီအဆင့်ထိ သူလုပ်သမျှကို အသံလေးတစ်ချက်မှ မထွက် အောင် အဆင်ပြေပြေ လုပ်ဆောင်နိုင်ခဲ့၏။

သို့သော် အဆင်မပြေချင်သည်မှာတော့ အခန်းထဲမှ မြင် ကွင်းပင်။

အခန်းထဲတွင် ...

မိန်းမတစ်ယောက်တော့ ရှိနေပါရဲ့၊ သီချင်းလည်း ညည်းနေ ရဲ့။

ထို့ထက်ပိုကာ ရင်လျားကြီးဖြင့် သနပ်ခါးပင် လိမ်းနေပါရဲ့။

သို့ပေမယ့် သွယ်သွယ်မေမဟုတ်ဘဲ ... ဒေါ်ခင်မိကြီးသာ ဖြစ်နေလေတော့၏။

ဒီအဖွားကြီးနဲ့ သီချင်းလေးတအေးအေး လုပ်နေရတယ်လို့ ဟု ဒေါသဖြစ်မိရ၏။

ထိုအချိန်တွင် ပို၍ဆိုးသွားသည်မှာတော့ နောက်ဘက်မှ လျှောက်လာသော ခြေသံတစ်ခုကို ကြားလိုက်ရခြင်းပင်။

လှည့်ကြည့်တော့ ဦးထွန်းအောင်ကြီး ဖြစ်နေလေသည်။

ချက်ချင်းပင် သူ ခေါင်းနပန်းကြီးသွား၏။

လောလောဆယ် သူ့အနေအထားက အခန်းထဲ၌ ထဘီ ရင်လျားဖြင့် သနပ်ခါးလိမ်းနေသော ဒေါ်ခင်မိကို လာချောင်းသလို ဖြစ်နေ၏။ ပြီးတော့ ရေချိုးခန်းက ထွက်လာကာစဖြစ်၍ သူ့ပုံကလည်း



မြင်ကွင်းက ဘယ်လိုမှမကောင်းနိုင်။

ဒီတော့ ဉာဏ်ကူရသည်။

ဖျပ်ကနဲ မျက်နှာကို တံခါးဝဘက်မှ ဘေးသို့လွှဲ၏။ ပြီးတော့ ခေါင်းကိုငုံ့ကိုင်း၍ ကော်ရစ်တာကြမ်းပြင်တလျှောက် ပြူးတူးပြူတဲ လျှောက်ကြည့်နေလိုက်၏။

ထင်သည့်အတိုင်း အနားရောက်လာသောအခါ ဦးထွန်းအောင် က မေးတော့သည်။

"ဟေ့ ... ဘာရှာနေတာလဲကွ"

"ဟို ဟို ... ကြွက်တွေ့လို့ အန်ကယ်"

သူရည်ရွယ်သည်က သူ့ကို ယုံထင်ကြောင်ထင် မထင်စေရုံပါ။ သို့သော် မလိုလားအပ်သော့အကျိုးဆက်မှာ ဖြစ်ပွားလာခဲ့လေ၏။

"ဘာ ... ကြွက်ဟုတ်လား"

ဦးထွန်းအောင်၏ အသံနက်ကြီးနှင့် မေးသည်အထိ သူ မရိပ်မိ သေး။

"ဟုတ်တယ် ... အန်ကယ် ကြွက်၊ ကြွက်မှ အကြီးကြီးပဲဗျ"

"အမယ်လေး ... လုပ်ကြပါဦး"

ဦးထွန်းအောင် ရုတ်တရက် ထအော်လေတော့၏။ ချက်ချင်း ပင် အခန်းထဲမှ ဒေါ်ခင်မိ ပြေးထွက်လာသည်။

"ဘာဖြစ်လို့လဲဟင် ... ဘာဖြစ်လို့လဲ"

"ကြွက် ... ကြွက်တွေ့လို့တဲ့"

"ဘယ်မှာလဲ"

"မသိဘူး ... မောင်ထူးရဲမင်း ပြောတာပဲ"

ဦးထွန်းအောင်သည် ချွေးတွေပြန်ကာ အသံတွေညည်း တုန် နေလေ၏။ ထူးရဲမင်းမှာ ငိုရမလိုရယ်ရမလို ဖြစ်နေသည်။ ဒေါ်ခင်မိက ငြိုးစား၏။

www.burmeseclassic.com

www.burmeseclassic.com



"အို ဒီလောက်သန့်ရှင်းနေတဲ့ ကြမ်းပြင်မှာ ဘယ်ကကြွက်က စလျှောက်သွားနေရမှာလဲ"

"မဟုတ်ဘူး အန်တီ၊ ကျွန်တော်တကယ်မြင်တာ"

အလိမ်မပေါ်အောင် ထူးရဲမင်း အတင်းငြင်းရသည်။ ဦးထွန်းအောင်ခမျာ ပိုဆိုးသွားတော့၏။

"ဒုက္ခပါပဲကွာ မခင်မိ လုပ်ပါဦး"

သို့ဖြင့် တစ်အိမ်လုံး အလုပ်ရှုပ်သွားတော့သည်။ မရှိသော ကြွက်ကလေးတစ်ကောင်ကို သုတ်သင်ရန် မြေလှန်ရှာရ၏။ ကြွက်သတ်ဆေးတွေလဲ လျှောက်ဖြူးကြသည်။

သို့သော် ဘယ်လိုပင် တစ်အိမ်လုံးလှုပ်ရှားနေနေ၊ သွယ်သွယ်မေကတော့ အခန်းထဲမှ ထွက်မလာခဲ့ပါ။ သူမအခန်းရှေ့ သွားပြောသောအခါ ...

"ရတယ် သမီးအခန်း သမီးဖာသာလုပ်မယ်"

ဟု အသံပြု၏။

သူ့မှာ သူမအခန်းကို သိခွင့်ရသည်ကလွဲ၍ ဘာမှမထူး။ ထိုကိစ္စကြောင့် သူမနှင့်တွေ့ဖို့ သိပ်အားကြီးမာန်တက် မကြံစည်ရဲတော့သည်သာ အဖတ်တင်၏။

နောက်နောင် သတိထားစရာအချက်တစ်ချို့ကိုသာ သိလိုက်ရသည်။ ဒေါ်ခင်မိက အဖွားကြီးတန်မဲ့ သီချင်းငြီးတတ်၏။ ဦးထွန်းအောင် က ယောကျ်ားကြီးတန်မဲ့ ကြွက်ကြောက်တတ်သည်။

◆ ◆ ◆



[ ၉ ]

ဦးထွန်းအောင်သည် စစ်တုရင်ကွက်များပေါ် အပြည့်အဝ အာရုံရောက်လျက်ရှိ၏။

ထူးရဲမင်းကတော့ ထုံးစံအတိုင်း ဟိုလှည့်ဒီလှည့်။ ပါးစပ်ကိုလက်နှင့်အုပ်အုပ်ပြီး တဝါးဝါးလဲ မကြာခဏသန်းဝေလိုက်သေး၏။ အထူးသဖြင့် ဒီနေ့မှာ ပိုပြီးစိတ်မပါလက်မပါ ဖြစ်နေချေသည်။

ဘယ်စိတ်ပါပါ့မလဲ။ ခုနက သွယ်သွယ်မေနှင့် တွေ့စရာ အကွက်ကောင်းတစ်ခုတွေ့ထားသည်ကိုး။

ထိုအကွက်ကောင်းကို အိမ်ဖော်မလေးဆီမှ သိခဲ့ရခြင်းဖြစ်၏။ အကယ်၍ ဦးထွန်းအောင်ကသာ ထိုကောင်မလေးကို လှမ်းမေးမိက သည်း ထိုအကွက်ကို သူသိလိုက်မိမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မိချို … သုတ်သီးသုတ်ပျာနဲ့ ဘာဖြစ်နေတာလဲ"

"ဟို … မမလေးက ကြက်သားစွတ်ပြုတ်သောက်ချင်လို့တဲ့ အဲ့ဒါ ဒီနားကဈေးလေးမှာ ကြက်သားသွားဝယ်ပေးမလို့ သွားဘကြီး"

အမှန်တော့ ဦးထွန်းအောင် ဒီလိုလှမ်းမေးတာအကြံနှင့် ဖြစ်ပါသည်။ သူ့ကိုအာရုံပျက်ပြားသွားစေလိုသည့် သဘော …။

ဒီအဖိုးကြီးက စစ်တုရင်ကစားတာလည်း အလွန်ဝါသနာပါ၏။ ပြီးတော့ ကစားတိုင်းလည်း အလွန်ညစ်သည်။ ထူးရဲမင်း ရွှေ့လည့် ရောက်လို့ စဉ်းစားနေပြီလားဆိုမှဖြင့် ဟိုပစ္စည်းပြုတ်ကျရ၊ ဒီပစ္စည်းပြုတ်ကျရနှင့် အနားမှ ဖြတ်သွားသူတိုင်းကိုလည်း လှမ်းစကားပြောလိုက်သေး၏။ တစ်ခါတစ်လေ ဘယ်လိုမှ နောင့်ယှက်စရာမမြင်လျှင် ပျင်းကြောဆွဲပြီး "အမလေး၊ ပူလိုက်တာနော်" စသဖြင့် အာရုံပျက်အောင် ငြီးငြူပြုချေသေး၏။

သို့ဖြစ်သဖြင့် ဒီအဖိုးကြီးနှင့် စစ်တုရင် လုံးဝမထိုးချင်။ သို့သော် ရောက်စ ဒုတိယနေ့ထဲက စစ်တုရင်ထိုးတတ်လားမေး၍ သူနှင့်တစ်ပွဲလောက် ထိုးမိသည်မှ နေ့စဉ်မပြတ်တော့။

မနက်မိုးလင်းလို့ သူ့ကိုမြင်သည်နှင့် စစ်တုရင်ခုံလေးဖြန့်ခင်းပြီးသား …။

ပြီးတော့ "မောင်ထူးရဲရေလာဟေ့၊ တစ်ပွဲလောက်တီးလိုက်ရအောင်"ဆိုကာ တစ်နေကုန်သွားတတ်မြဲ။ ကစားတိုင်းလဲ ညစ်တတ်မြဲ ဘယ်လောက်ညစ်ညစ်လည်း ထူးရဲမင်းကသာ အနိုင်ရမြဲ။

ဒီနေ့တော့ သူ့ညစ်ချက်က အတော်ထိရောက်သည်ဟု ဆိုရပေမည်။ အိမ်ဖော်မလေး စွပ်ပြုတ်ပို့ပေးဖို့အကြောင်းကြားကထဲက သူစဉ်းစားသည်။ ဒီစွပ်ပြုတ်ပန်းကန်ကို ကိုယ်တိုင်သွားပို့နိုင်လျှင် ခွယ်သွယ်မေနဲ့ တွေ့ရပြီပဲ။



ထိုအတွေးကြောင့် စစ်တုရင်ပွဲကို လုံးဝအာရုံမရောက်တော့။ ရွှေ့ကွက်လွယ်လွယ်လေးများကိုပင် သူမမြင်မိ။ ဒီတော့ အဖိုးကြီးက ပွဲတိုင်းနိုင်နေသည်ပေါ့။

အိမ်ဖော်မလေး ဈေးကပြန်ရောက်ချိန်မှာတော့ သူက ဖင်တကြွကြွဖြစ်နေလေပြီ။ မီးဖိုခန်းထဲသွား၍ စွပ်ပြုတ်တည်နေသော အိမ်ဖော်မလေးကို စည်းရုံးမည်။ ပြီးတော့ သွယ်သွယ်မေ့ဆီ သူသွားပို့ပေးမည်ပေါ့။

သူ့အတွေးနှင့် သူကတော့ ဖြောင့်လို့ဖြူးလို့…

သို့သော်အဓိက အနှောင့်အယှက်မှာ ဦးထွန်းအောင်ဖြစ်ချေသည်။

ဒီအဖိုးကြီးကို လေးငါးပွဲလောက်နှင့်တော်နိုင်းလို့ မရမှန်း သူသိနေ၏။ တစ်နေကုန်တစ်နေခန်း ဆော့ရမှကျေနပ်သူမျိုး မဟုတ်သော။

ပထမပိုင်းမှာတော့ နိုင်နေသဖြင့် တပြုံးပြုံး။ နောက်ပိုင်းကျတော့ ထူးရဲမင်းကို သံသယမျက်လုံးများဖြင့် ကြည့်လာ၏။

"ဘယ်လိုဖြစ်တာလဲကွ၊ စိတ်မပါဘူးလား၊ သေချာကစားစမ်းပါ မောင်ထူးရဲမင်းရယ်"

ဟု ခဏခဏ တိုက်တွန်းလာတတ်ချေသည်။ ကြည့်ရသာတော့ ဒီစစ်တုရင်ငရဲက အခွန့်ရှည်လိမ့်ဦးမည်။

အိမ်ဖော်မလေး မီးဖိုထဲဝင်သွားတာ တော်တော်ကြာလာစဉ်မှာတော့ သူဘယ်လိုမှမနေနိုင်တော့ …

"ဒီပွဲပြီးရင် တော်လိုက်ကြရအောင်နော် အန်ကယ်"

"ဟေ … ဘာလို့လဲကွ"

မျက်မှန်ကြီးပေါ်ကျော်ပြီး ဦးထွန်းအောင်က ဝမ်းနည်းသံကြီးနှင့်မေး၏။ သူဘာဆက်ပြောရမှန်းပင်မသိ ဖြစ်သွားသည်။

"ဟို ဟို ဘာရယ်မဟုတ်ပါဘူး။"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ရင်လည်း ဆက်ကစားရအောင်ကွာ၊ ဘာလဲ ငါ့လက်ရည်က သိပ်ညံ့လို့ မင်းမကစားချင်တော့ဘူးလား"

"ဟာ အဲဒီလိုမဟုတ်ပါဘူး အန်ကယ်ရယ်"

"ငါသိပါတယ်ကွာ၊ ဘယ်လိုကစားကစား မင်းကိုငါ မနိုင်ပါဘူး၊ ဒီနေ့မှ စိတ်မပါလက်မပါနဲ့ ငါ့ကို တမင်အရှုံးချည်း ပေးနေထဲက ငါသိပါတယ်။"

ကြာရင် ငိုတော့မည်လား မသိ။ ထို့ကြောင့် ပြောမိပြောရာ ပြောရ၏။

"ဟို ... ကျွန်တော်အိမ်သာသွားချင်လို့ပါ အန်ကယ်ရယ်၊ ဒါဆို ဒီလိုလုပ်မယ်လေ အိမ်သာက ကျွန်တော်ပြန်လာမှ ဆက်ကစားကြတာပေါ့"

"ဟင့်အင်း ... ဖီးလ်ပျက်တယ်"

ခက်တော့နေပြီဖြစ်သည်။ ဒီအဖိုးကြီးကို ဘယ်လိုနားဝင်အောင် ပြောရရချေမည်မသိ။ ငိုသံပါကြီးနှင့် ထပ်စွပ်စွဲပြန်လေ၏။

"မင်းငါနဲ့တန်းမတူလို့ မကစားချင်တော့တာ ငါသိပါတယ် ကွာ၊ တမင်တော့ အရှုံးပေးပြီး ပွဲမသိမ်းပါနဲ့၊ ငါက အားကစား စိတ်ဓာတ်အပြည့်အဝနဲ့ပဲ ယှဉ်ပြိုင်စေချင်တာ"

ဒါဆိုအရင်က ဘာလို့ညစ်ခဲ့သေးလဲဟု ပြောချင်သော်လည်း မပြောဖြစ်။ ခုနကဆင်ခြေကိုသာ ထပ်ပေးဖြစ်၏။

"မဟုတ်ပါဘူး ကျွန်တော် တကယ်အိမ်သာသွားချင်လို့ပါ အန်ကယ်ရယ် ဟို အီအီးအရမ်းပါချင်လို့ဗျ"

"မဖြစ်နိုင်ပါဘူး အီအီးသိပ်ပါချင်နေတဲ့သူဟာ အရင်ဆုံး မျက်နှာမှာ ချွေးတွေပျံနေရမယ်။ ပြီးတော့ အတွင်းဝါယော ဓာတ်ရဲ့တွန်းကန်အားကို တင်ကြွက်သားတွေက တွန်းကန်



ထားရလို့ ရှုံ့မဲ့နေရမယ်။ ပြီးတော့ အူထဲကမစင်တွေအပြင် ထွက်ဖို့ တစ်ချက်တစ်ချက်ဖိတွန်းလိုက်ရင် တွန့်ကနဲတွန့်ကနဲ ဖြစ်ဖြစ်သွားရမယ်။ မင်းမှာ အဲ့ဒီလက္ခဏာမျိုး တစ်ခုမှ မတွေ့ရ ဘူး။ ဒီတော့ မင်းဝမ်းသွားချင်နေတယ်ဆိုတာ မဖြစ်နိုင်ဘူး"

အရေးထဲ အီအီးစပါယ်ရှယ်လစ်နှင့် တွေ့နေရပြန်လေပြီ။

"တကယ်ပြောတာပါ အန်ကယ်ရယ်"

ဟုသာ သူလေသံပျော့လေးနှင့် ပြောနိုင်တော့၏။

"တကယ်လို့ မင်းဝမ်းသွားချင်ရင် တစ်ခုတော့ရှိတယ်"

"ဗျာ ... ဘာလဲဟင်"

"ငါ့ကိုနိုင်အောင် ကစားရဖို့ပဲ"

"အန်ကယ်ကို အနိုင်ကစားရမယ်"

"ဟုတ်တယ်၊ မင်းစိတ်ပါလက်ပါနဲ့ တစ်ပွဲလောက်ကစားပေး၊ စိတ်ပါလက်ပါကစားရင် မင်းနိုင်မှာပါကွာ၊ မင်းနိုင်ရင် သွားလို့ ရပြီ"

အခုမှပင် အဖိုးကြီး၏စိတ်အမှန်ကို သိရတော့၏။ ထူးရဲမင်း စိတ်မပါမှန်း သိနေသလို၊ ဒင်းကိုယ်ဒင်းလဲ တစ်ခါတ်မှအထင်ကြီးနေပုံ ရ၏။

ဒီနေ့ ထူးရဲမင်း ရှုံးနေတာ ဒင်းတော်နေလို့များလားဟု ထိတ် သိတ် ကြိတ်တွေးနေပုံရ၏။ သူ့ကိုသာ အနိုင်ယူလိုက်လျှင်တော့ အဖိုးကြီးတော်တော် စိတ်ထိခိုက်သွားပေမည်။ သို့သော် ဂရုမစိုက်နိုင်တော့ ... ။

အမြန်ထွက်သွားရဖို့က အရေးကြီးသည် မဟုတ်လား။

သို့ဖြစ်၍ နောက်ဆုံးတစ်ပွဲကို ထူးရဲမင်း မနိုင်နိုင်အောင် ကြိုးစား ကစား၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်တုရင်ဆိုသည်ကလဲ တော်တော်ပြောရခက်သည်။ နိုင်အောင် ဖိထိုးကာမှ ရှုံးမလိုဖြစ်လာ၏။ ဒါမျိုးက စိတ်ရှည်လက်ရှည် ကစားရတာပဲ၊ လောလို့ ပျာယာခတ်လို့မှမရတာ ….။

သူ့အကောင်တွေ တစ်ကောင်ပြီးတစ်ကောင် အစားခံနေရတော့ ထူးရဲမင်းမှာ ချွေးပျံလာမိ၏။ စိတ်ထင်၍လားမသိ၊ နောက်ဖေးဘက်မှ ကြက်သားစွပ်ပြုတ်နံ့ကိုပင် ရလာသလိုရှိ၏။

ခုလောက်ဆို စွပ်ပြုတ်အိုးကျက်လုပြီ။

ဒီပွဲ အနိုင် မကစားရ၍မရတော့ ….

ထို့ကြောင့် … အကြံကုန် ဂဠုန်အိုင်အိုဒင်းဆားရောင်းရလေတော့၏။ (ဒီခေတ်က အိုင်အိုဒင်းဆားသုံးတဲ့ခေတ် မဟုတ်လား)

အရင်ဆုံး အဖိုးကြီးအလစ်ကိုချောင်းသည်။

အရေးထဲကျမှ အဖိုးကြီးကလည်း စစ်တုရင်ခုံကြီးအား စကားတိုတိုကောင်မလေးတွေကို ကာလသားတွေ ကြည့်တတ်ကြသလို ပြူးတူးပြဲတဲ ကြည့်နေလေ၏။

ဒီစစ်တုရင်ခုံပေါ်မှာများ ဘာတွေပုံဖော်ပြီး မြင်ယောင်နေသည် မသိ။ အကြည့်က တစ်စက်မှမရွေ့။

ထူးရဲမင်း ဉာဏ်ကူရသည်။

ပါးစပ်က အာမေဋိတ်သံလိုလို မသဲမကွဲအသံကိုပြု၍ ဦးထွန်းအောင်နောက်ကျောဘက်ဆီ အမောတကောကြည့်၏။

ထင်သည့်အတိုင်း ဒင်းကလဲ လိုက်ကြည့်ချေ၏။

ထိုသို့ သူမျက်နှာလွှဲသောအခိုက်တွင်ပင် စစ်တုရင်ခုံပေါ်မှ ဒင်းဘက်မှအရုပ်ကလေးတစ်ရုပ်ကို ဖျပ်ကနဲလှမ်းယူလိုက်လေသည်။

ဘာမှမတွေ့သဖြင့် အဖိုးကြီးက ပြန်လှည့်လာပြီး မေး…

“ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး”



“ဟင် ဒါဆိုဘာလို့ သုတ်သီးသုတ်ပြာလှမ်းကြည့်လဲ”

“ကြည့်မိလို့လား၊ မကြည့်ပါဘူး၊ ကျွန်တော် ဒီလိုပဲနေတတ်လို့ပါ”

အဘိုးကြီး မအီမလည်ဖြင့် ပွဲကိုဆက်ဆော့၏။

သို့သော် သုံးလေးကွက်အတွင်းမှာပင် ပွဲ၏အဖြေက ပြောင်းသွားတော့သည်။

“ချက်”ဟု သူအော်ပြီး အဘိုးကြီး၏ဘုရင်ရုပ်ကို ခြိမ်းခြောက်လိုက်သည့်အခါ အဘိုးကြီး အရမ်းအံ့သြသွား၏။

“ဟာ ဒါက ဘယ်လိုဖြစ်ရတာလဲ”

“အန်ကယ့် ဘုရင်ကို ချက်တာလေ၊ လွတ်အောင်ပြေး၊ မရှောင်နိုင်ရင် ကျွန်တော်နိုင်ပြီ”

“ဟင်၊ မင်း ငါ့ဘုရင်ကိုချက်လို့မရပါဘူး”

“ဘြော် ရလို့ ခုပဲချက်နေပြီပဲ”

“မဟုတ်ပါဘူး၊ ဒီနေရာမှာအရင်က နယ်ရုပ်လေးတစ်ရုပ်ကာထားပါတယ်”

“ဘယ်မှာလဲ အန်ကယ်ရဲ့၊ ဘယ်နေရာမှာလဲ”

အဘိုးကြီး ခေါင်းကိုအပြင်းအထန်ကုတ်သည်။ ဒင်း ဘယ်လိုဆင်းစားစဉ်းစားရှုံးဖို့က သေချာနေလေပြီ။

ထို့ကြောင့် မတတ်သာသည့်အဆုံး သက်မကြီးချ၍ …

“အေးလေ … နောက်ပွဲတွေ့ကြသေးတာပေါ့”

“အန်ကယ် ကတိပေးထားတယ်လေ၊ ဒီပွဲ ကျွန်တော်နိုင်ရင် တော်ပြီဆို”

“အေးပါကွာ၊ ငါကနောက်နေ့တွေ့ကျရင် ပြောတာပါ”

မခံချိမခံသာဖြင့် ပြောလိုက်သော အဖိုးကြီးကိုမြင်၍ သူထွက်လာခဲ့လိုက်သည်။ ညစ်ကျယ်ကျယ်လုပ်လိုက်၍ [illegible]ရုပ်ကစစ်ဖြီးဖြီး

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လူကြီးကို စိတ်ဒုက္ခပေးခဲ့သမျှ မကြာခင်မှာပင် သူဝဋ်လည်ပါလေတော့သည်။

မီးဖိုချောင်ထဲ ဝင်သည်။ အိမ်ဖော်မလေးကို အကျိုးအကြောင်းပြောပြပြီး စွပ်ပြုတ်ပန်းကန်ပေးဖို့ စည်းရုံး၏။

ထိုအထိ ဘာပြဿနာမှမရှိ။

စွပ်ပြုတ်ပန်းကန်ကို လှမ်းယူစဉ် အလောသုံးဆယ်ဖြစ်သွားသဖြင့် ပန်းကန်ထဲလက်နှိုက်မိပြီး လက်မှလောင်သွားသည်မှအပ အားလုံးအဆင်ပြေ၏။

ထို့နောက် လူရိပ်လူခြေကြည့်၍ သွယ်သွယ်မေ့အခန်းရှိရာဆီ တက်လာခဲ့သည်။

ထိုအထိလည်း ဘာပြဿနာမှမရှိသေး။

အခန်းရှေ့ရောက်တော့ သူ့ရင်တွေ ခုန်လိုက်သည့်ဖြစ်ခြင်း။

ဒူးတွေဝင် တုန်ချင်လာ၏။

ဟိုက သူ့ကိုတွေ့ရင် လိုလားပါ့မလား? သို့သော် ယောကျ်ားပဲ ဘာဖြစ်ဖြစ်ကွာဟု အားတင်းရင်း လက်တစ်ဘက်ဖြင့် တံခါးကိုခေါက်လိုက်၏။

အထဲမှ ချက်ချင်းအသံပြုသည်။

"မီချိုလား"

သူအသံမပေးရဲသေး။ တော်ကြာ မီချိုမဟုတ်မှန်းသိ၍ တံခါးဖွင့်မပေးက ခက်ချေမည်။

သို့သော် သွယ်သွယ်မေက ဆက်ပြောသဖြင့် အဆင်ပြေသွား၏။

"ဂျက်မချထားဘူး၊ ဖွင့်ဝင်ခဲ့လေ"

တံခါးကိုသူဖွင့်လိုက်သည်။ ပြီးတော့ဝင်ရောချင်လွန်းသောအရှိန်ဖြင့်



"မသွယ်သွယ်မေ"

ဟု အသံပြုလိုက်၏။

အခန်းထဲအရောက်၊ သူ့နှုတ်မှ စကားသံလည်းအထွက်။

ဟိုကလည်း အာမေဍိတ်သံဖြင့် ချက်ချင်းလှည့်ထူး၏။

"ရှင်" တဲ့။

ပြီးတော့ သူမှန်းသိသွား၍ ထင်သည်။ ချက်ချင်း ပြုံးပြလေတော့သည်။

ထိုအပြုံးသည်ပင် သူ့ကို ဆိုးရွားသွားစေခြင်းဖြစ်သည်။

ဒီနှုတ်ခမ်းကြီးပြုံပြုံနှင့် သရက်သီးမှည့်ကြီးနှစ်လုံး ဘယ်ညာကပ်ထားသလို ပါးစုံဖောင်းဖောင်းကြီးနှစ်ဘက်၏ မျက်နှာရှင်မှာ ...

"ခင် ... ခင်ဗျားက သွယ်သွယ်မေလားဟင်"

ပြောရင်း အခန်းထဲ ကျီးကန်းတောင်မှောက်ရှာကြည့်မိသည်။

တခြားလူမပြောနှင့်၊ ကြွက်စုတ်ကလေး တစ်ကောင်မျှပင်မတွေ့။

"ဟုတ်တယ်လေ ... ကျွန်မက သွယ်သွယ်မေပဲ"

ထိုစကားသည် သူ့ကို ဘင်လာဒင်နှင့်ကျော့ဘွတ်ရှ် အာဝါးတွေ ပေးတုန်ကြပြီဟု လာပြောသည်ထက် အံ့ဩစေပါသည်။ ပြီးတော့ ခြောက်ခင် မင်းအိမ်တည့်တည့်ကို ဆူနာမီလှိုင်းလုံးတွေ ရောက်လာကြတော့မယ်ဟု သတိပေးခံရသည်ထက်လည်း စိုးရိမ်ထိတ်လန့်စေ၏။

ကြက်သေသေပြီး ဘာစကားမှမပြောနိုင်။

လင်းတမှိုင်မှိုင်ပြီး စိတ်ပျက်သွား၏။

လိပ်ပက်လက်လှန်သလို အတွေးတွေ ယက်တန်ယက်ကန်ဖြစ်နေမိ၏။

မျောက်ဟိုဉစ္စာ သမန်းရှုသလို နေမရထိုင်မရနှင့် ...

သောင်ပြင်လွှတ်တဲ့ခွေးလို အားငယ်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ရေနည်းငါးလို မောပန်းသွားမိ၏။

ကြောင်ရပ်နေမိသည့်သူ့ကို သွယ်သွယ်မေက ပါးစုံဖောင်းဖောင်းကြီးနှစ်ဖက်ပေါ်အောင် ထပ်မံပြုံးပြ၍ ...

"ကျွန်မအတွက် စွပ်ပြုတ်ကို ကိုယ်တိုင်လာပေးတာလား အားနာလိုက်တာရှင်၊ ရတယ် ... ရတယ်၊ အဲဒီနားက ခုံမှာပဲ တင်ထားခဲ့"

ဟု တစ်ကိုယ်လုံးရှိ အဆီပြင်ကြီးတွေ လှုပ်ခါသွားမတတ် လိုက်လှဲပျူငှာနေလေတော့၏။ သူ့မှာ

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဟု ပါးစပ်ကရေရွတ်ကာ စွပ်ပြုတ်ပန်းကန်ကို အနီးရှိခုံပေါ်ချရင်း ဘာစကားမျှမပြောနိုင်။

ဘာစကားကိုမှလည်း ပြောချင်စိတ်မရှိပဲ ကြောင်စီစီနှင့်ပင် သွယ်သွယ်မေ့အခန်းထဲမှ အမြန်ထွက်ခွာလာလေတော့၏။

စိတ်ထဲကတော့ တစ်ခုသာအပြန်ပြန်အလှန်လှန် တွေးနေမိသည်။

လောကကြီး ဘာတွေများ ဖြစ်ကုန်ပါလိမ့်။

◆ ◆ ◆



[ ၁၀ ]

"ဒီလိုဆို ... သွားပြီပေါ့များ၊ အားလုံးဒုက္ခတွေ ဖြစ်ကုန်ပြီပေါ့"

"အေးကွာ၊ ငါတို့ကလဲ ပေါ့ပေါ့လျော့လျော့လုပ်မိတာ မှားသွားတယ်။ ဟိုဓာတ်ပုံထုပ်ကလဲ တိုက်တိုက်ဆိုင်ဆိုင် အဲ့ဒီအချိန်မှ ရောက်လာတော့ အကုန်ရှုပ်ကုန်တော့တာပေါ့"

ထူးရဲမင်းသည် စိတ်ညစ်ညစ်နှင့် ခေါင်းကိုသာ တွင်တွင်ကုတ်မိလေတော့၏။ တစ်ဘက်တွင် သူ့အဖေဦးစိုးမင်းနှင့် အမေ ဒေါ်ခင်မြရီတို့သည်လည်း သူ့လိုပင်ခေါင်းတွေ တဖျင်းဖျင်းကုတ်နေကြမှာ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်ကြီးကို ထင်းတင်းဆုပ်ကိုင်ရင်း ဘာဆက်ပြောရမှန်း မသိ။

အခုမှပင် အားလုံးရှင်းသွားတော့သည်။ လက်စသတ်တော့ ငှက်ဆိုးလာပေးသော ဓာတ်ပုံထုပ်နှင့် သွယ်သွယ်မေ့ဓာတ်ပုံထုပ် မှားသွားခဲ့သည်ပဲ။ သွယ်သွယ်မေ့ပုံထုပ်က ခုထိမန္တလေးအိမ်ညွှေ့ခန်းထဲက စားပွဲပေါ်မှာအခန့်သား။

ဒီလိုပုံမှန်းသာ ကြိုသိလျှင်တော့ ထူးရဲမင်း ယောင်လို့မှ ရန်ကုန်ရောက်လာမိမည် မဟုတ်ပါချေ။

မချစဖူး သက်ပြင်းကို ပြင်းပြင်းထန်ထန်သူချ၏။

"အဲဒီတော့သားက ဘာဆက်လုပ်ရတော့မှာလဲ"

အဖေနှင့်အမေ ခဏငြိမ်သွား၏။

နောက်မှတော့မှ အမေ့ထံမှ စကားသံထွက်ပေါ်လာသည်။

"သူက ဘာလုပ်ချင်လို့လဲ"

ထိုစကားကို ဖုန်းခွက်ထဲမှ တကယ်ပြောရတော့ အဖေ ...။

"အေး ... မင်းက ဘာလုပ်ချင်လို့လဲကွ"

သူ့အဖေနှင့်အမေက အရေးကြီးကိစ္စတွေ ဖုန်းပြောစရာရှိလျှင် အမြဲဒီလိုပဲဖြစ်သည်။

ကိစ္စကြီးကြီးမားမားပြောရပြီဆို သူ့အမေက ဖုန်းကို ဘယ်တော့မှ ကိုယ်တိုင်မပြော၊ သူ့အဖေဦးစိုးမင်းကို ထိုးပေးမြဲ။ ဦးစိုးမင်း ပြောနေသည်ကိုမှ ဘေးကနေ ဝင်ဆရာလုပ်မည်။

ဟိုလိုပြောလိုက်ပါလား ... ဒီလိုပြောလိုက်ပါလား ... ဝင်စွက်ဖက်၏။ သူ့အဖေကလည်း ထိုသို့ဝင်ပြောသမျှကို စကား၌ပါအောင် ထည့်ပြောပေးတတ်မြဲဖြစ်၏။ ယခုလည်း ထိုအတိုင်းပင်ဖြစ်သည်။

"ဟာ သားကတော့ ဒီနေရာက အမြန်ဆုံး ပြန်ပြေးချင်နေပြီဗျာ"



ထိုသို့ ထူးရဲမင်းပြောလိုက်သောအခါ ဒေါ်ခင်မြရီ၏အသံ အရင်ပေါ်လာ၏။ ပြီးမှ ထိုစကားပါသဘောထားမျိုးကိုပင် ဦးစိုးမင်းက လိုက်ပြောသည်။

"မင်းက သူနဲ့မယူချင်ဘူးလား"

"ဟာ ဒါကြီးနဲ့တော့ ဘယ်သူက ယူချင်မှာလဲဗျာ"

"အလျှင်စလိုတော့ မလုပ်လိုက်နဲ့ဦးလို့ ပြောလိုက်"

ဒေါ်ခင်မြရီက လှမ်းပြော၏။ ဦးစိုးမင်းက "အေး ... အေး" ဟု သူ့မိန်းမကိုပြောပြီးမှ ထူးရဲမင်းဘက် လှမ်းကာ ...

"ဟေ့ကောင် ... သိပ်တော့အလျင်စလို မလုပ်နဲ့ဦးကွ၊ တော်ကြာ လူကြီးချင်းမျက်နှာပျက်စရာတွေ ဖြစ်ကုန်မယ်"

"ဒါပေမယ့် သားကဒီမှာဘယ်လို ဆက်နေရမှာလဲဗျ"

ထုံးစံအတိုင်း ဒေါ်ခင်မြရီက အရင်ပြောပြန်၏။ ဦးစိုးမင်းက သူ့မကိုအရင်ပြောပြီးမှ ထူးရဲမင်းကိုပါ တစ်ဆက်တည်းထပ်ပြောသည်။

"အေးပါကွာ။ ... ဟေ့သား အဖေတို့လဲ အဲ့ဒီအတွက်ပဲ ခေါင်းခြောက်နေတာပဲကွ"

"အဖေတို့က ခေါင်းပဲခြောက်နေ ... ဒီမှာကြာရင် ကျွန်တော် သေလိမ့်မယ်ဗျ"

ဒေါ်ခင်မြရီ ဝင်ပြောပြန်၏။ ဦးစိုးမင်းက နဲနဲကျွဲမြီးတိုလာပုံရ၏။ ငါသိပါတယ်ကွာဟု လှမ်းမာန်သည်။ ပြီးမှ ထူးရဲမင်းသို့ လှမ်း၍ ...

"တို့နှစ်ဖက်မိဘချင်းက စကားတွေ တော်တော်လွန်ကုန်ပြီကွ၊ ဒါကြောင့် ခက်နေတာ"

"မသိဘူးဗျာ၊ သားတော့ ဒီမှာနဲ့မှ ဆက်မနေချင်ဘူး၊ အမြန်ဆုံးပြန်လာခဲ့ချင်ပြီ"

ခုနမာန်ထားသဖြင့် ဒေါ်ခင်မြရီက ဒီတစ်ခါတော့ ငြိမ်နေ၏။ ဦးစိုးမင်းဖာသာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလျင်စလိုတော့ ပြန်မလာပါနဲ့ကွာ၊ ငါတို့ တစ်ခုခု ကြံစည်ပါဦးမယ်"

"ဘယ်လိုကြံကြံနော် သားတော့ဒါကြီးကို လုံးဝမယူနိုင်ဘူး၊ ကျွန်တော့်သုံးကိုယ်စာလောက်ကြီးဗျ၊ မတော်ညအိပ်နေတုန်း ကျွန်တော်တက်ဖိရင် ပြားပြီးသေမှာ"

"ဘာကိစ္စ သူကမင်းကို တက်ဖိရမှာလဲ"

"ဟို ... အိပ်မက်တွေဘာတွေယောင်ပြီး လုပ်မိမှာကို ပြောတာပေါ့"

ဒေါ်ခင်မြရီသည် အကျင့်ကို ကြာကြာဖျောက်နိုင်ပုံမရ။ ဝင်ပြောပြန်၏။ ဦးစိုးမင်းက သံယောင်လိုက်ရပြန်သည်။

"ကျွန်မတို့လည်း မကြာခင် လာခဲ့ပါမယ်လို့ ပြောလိုက်"

"အေး၊ အဖေတို့လဲ ရန်ကုန်ကို လိုက်လာခဲ့ပါဦးမယ် သားရယ်"

"ဘယ်တော့ လိုက်လာမှာလဲ၊ မြန်မြန်လာပါဗျာ"

"ဒီကအလုပ်တွေ ပြီးရင်လို့ ပြောလေ"

"အေး ...၊ ဒီကအလုပ်လေးတွေပြတ်တာနဲ့ ချက်ချင်းလာခဲ့ပါ့မယ်ကွာ"

"ဟင် ဒါဆိုသားက ဒီကြားထဲ ဘယ်လိုနေရမလဲ"

"အလိုက်အထိုက်နေပါလို့ ပြောရှင့်"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ လောလောဆယ်တော့ အဖေတို့မျက်နှာကိုထောက်ပြီး အလိုက်အထိုက်နေပေးပါဦး သားရယ်"

"မြန်မြန်တော့ လာကြနော်"

"စိတ်ချ တစ်လအတွင်း အရောက်လာခဲ့မယ်လို့ ပြောလိုက်"



ဒီတစ်ခါတော့ ဒေါ်ခင်မြရီ၏စကားကို ဦးစိုးမင်းရောင်ပြန်မလုပ်ပေးတော့ပါ။

"ကဲ မင်းဟာမင်းပြောတော့ကွာ"

ဟု လှည့်ရန်တွေ့၏။

သူ့အဖေ၏ မျက်ထောင့်ကြီးနီလျက် ဒေါသဖောင်းနေမည့်သဏ္ဌာန်ကို ထူးရဲမင်း မြင်ယောင်နေမိသည်။ တယ်လီဖုန်းခွက်ကိုလည်း အတင်းထိုးပေးနေပုံရ၏။ ဒေါ်ခင်မြရီက ...

"အို တော်ပဲပြောပါရှင်"

ဟု ပြောနေသည်။

"မပြောဘူးကွာ၊ မင်းပြောနိုင်းသမျှ လိုက်ပြောပေးနေရအောင် ငါက မင်းတပည့်မို့လို့လား"

"ဟုတ်တယ်လေ ... ရှင့်ကိုကျွန်မ စာပြပေးဖူးတာပဲ"

ငယ်ငယ်တုန်းက ဆယ်တန်းတဖုန်းဖုန်းကျနေသော အဖေသည် တက္ကသိုလ်ရောက်နေပြီဖြစ်သော အမေ့ကို စာတွေဘာတွေ သွားမေးခဲ့ဖူးသည်ဆို၏။ တကယ်တော့ သက်သက်ဝင် 'ရောဒေါရို' ခြင်းပါ။ အမေကတော့ ဒါကိုပင် အခွင့်ကြုံတိုင်း အသားယူလေ့ရှိ၏။

"ဟော့ ... မဆိုင်တာတွေပြောမနေနဲ့ကွ၊ ဖုန်းပြောရင် မင်းအမြဲတမ်း အဲ့လိုပဲ၊ သိပ်ဆရာကြီးလုပ်လွန်းတယ်၊ တော်ပြီ...၊ တော်ပြီ၊ သိပ်ပြောချင်ရင် မင်းဟာမင်းပဲပြောတော့၊ ငါမပြောတော့ဘူး။"

ပြောပြောဆိုဆို အဖေက ဖုန်းခွက်ကို ဘေးချလိုက်သံ ကြားသည်။ ပြီးတော့ အဝေးသို့ခပ်ပြင်းပြင်း နင်းလျှောက်သွားသံများ၊ အမေကလည်း ပွစိပွစိနှင့် နောက်က လိုက်ရန်ဖြစ်ပုံရ၏။ သူနှင့်ဘယ်သူမှ ဆက်မပြောကြတော့ ...။

ထူးရဲမင်းတစ်ယောက်သာ ဖုန်းခွက်ကြီး ကိုင်ရင်း ငိုရမလိုရယ်ရမလို ကျန်ရစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၁၁ ]

အကျယ်ကြီးအားရပါးရသာ ထူးရဲမင်းအော်ပိုလိုက်ချင်မိတော့သည်။ သူရောက်နေသည်က အများပြည်သူတို့ ပျော်မြူးကြရာ ပန်းခြံ ...၊ ကြည့်လေရာရာမှာ အပျော်မျက်နှာများချည်း မြင်နေရ၏။

သို့သော် သူကတော့ မပျော်နိုင်။ မပျော်သည့်မှ ပိစိကွေးလေးမျှပင် မပျော်နိုင်ခြင်းဖြစ်၏။

အကြောင်းရင်းကတော့ အနားမှာပါနေသည့် ခင်သန္တာသက်ချိုပြုံးမဟုတ်သည့် ဆင်ခန္ဓာဝက်ကိုယ်လုံးကြီး သွယ်သွယ်မေကြောင့်ပါ။



သူမသူ့ကို ဒီခေါ်လာရတဲ့ ရည်ရွယ်ချက်ကတော့ ပျော်အောင်ပါတဲ့။

မနက်မိုးလင်း ထမင်းစားခန်းဆီ ဆင်းလာကတည်းက ဒင်းမှာ အသင့်စောင့်နေပြီ ပြောတော့၏။

"ဟိုရက်တွေက သွယ်နေမကောင်းဖြစ်ပြီး မျက်နှာတွေကျနေလို့ ကိုထူးရဲမင်းကိုတောင် ထွက်မတွေ့ဖြစ်ဘူး။ သွယ်တို့က ညည့်ဝတ်မကျေသလိုဖြစ်သွားတာ ခွင့်လွှတ်နော်။ ဒီရောက်တုန်း၊ ရောက်ခိုက်မှာ ပျော်အောင်သာနေ သိလား။ ဒီနေ့ပဲ ကိုထူးရဲမင်းပျော်အောင် နေရာအနှံ့လျှောက်ပို့ပေးမယ်"

အိမ်မှာနေရင်လဲ ဒင်းနှင့်မျက်နှာချင်းဆိုင်နေရမယ့်အတူတူ အပြင်မှာ စိတ်ပျော်စရာများတွေ့မလားဟု သူမခေါ်ရာဆီလိုက်ခဲ့ဖြစ်၏။ ထိုအခါမှပင် ပိုဆိုးသွားတော့သည်။

ပန်းခြံထဲ စဝင်ကတည်းက ဒုက္ခတွေ့တာ

သူတို့နှစ်ယောက်လာသည်နှင့် ဓာတ်ပုံဆရာတစ်ယောက်က ချည်းကပ်လာ၏။

"အစ်ကိုတို့ ဓာတ်ပုံရိုက်ကြမလား"

တဲ့။ သူတို့ဆီမှ နှစ်သံပြိုင်၍ ထွက်သွား၏။

"မရိုက်ဘူး"

"ရိုက်မယ်"

သွယ်သွယ်မေက သူ့ကို လှည့်ကြည့်သည်။

"ဟို ... တစ်ပုံလောက်ရိုက်ရအောင်လေ"

"ဟာ ... မရိုက်ချင်ပါဘူး"

အရေးထဲ ဓာတ်ပုံဆရာက တစ်မှောင့် ....

"တစ်ပုံလောက်တော့ ရိုက်သွားပါလား အစ်ကိုရ ဒီမှာလေ ကျွန်တော်ရိုက်ထားတဲ့ပုံတွေ ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အတန်းလိုက် ပလတ်စတစ်အိတ်တွေမှာ ထည့်ထားသော ဓာတ်ပုံတွေကိုပြ၏။ ပြုံးရွှင်ကြည်နူးနေကြသော စုံတွဲပုံတွေချည်း။ ထိုပုံတွေ တွေ့ပြီး ဘာတွေ ဗိလင်ဝင်လာသည်မသိ၊ သွယ်သွယ်မေက သူ့နားမသိမသာ တိုးလာခဲ့၏။

"ဘယ်လိုလဲအစ်ကို ရိုက်မလား၊ အစ်ကိုတို့ဆို သိပ်လိုက်ဖက်မှာဗျ"

ထိုစကားကြောင့် သူ ဓာတ်ပုံဆရာကို ဆွဲထိုးချင်မိသွားသည်။ သူများမြို့ရွာမှာမို့လို့သာပေါ့ကွာ ...။

"မရိုက်ဘူးကွာ ... လုံးဝမရိုက်ဘူး"

ဝုန်းဒိုင်းကြဲ၍ သူထွက်လာလိုက်မှ ထိုကိစ္စငြိမ်း၏။ သို့သော် သွယ်သွယ်မေကြီး အနားမှာကပ်ပါလာသည့်အတွက် စိတ်ညစ်စရာတွေကတော့ မဆုံးသေးပါ။

လှေစီးကြ၏။

သူထိုင်ပြီးသည်အထိ ကိစ္စမရှိသေး။ သွယ်သွယ်မေ လှေပေါ်တက်လိုက်သည့်အခါ အီကာန် လှေကြီးက ရေထဲနစ်တော့မလို ဖြစ်သွား၏။ အလန့်တကြားဖြင့် နစ်ယောက်သား အမြန်ပြန်ဆင်းကြရသည်။

ချားရဟတ်စီးတော့လည်း သွယ်သွယ်မေထိုင်သည့်ဘက်က တစ်ဖက်စောင်းနင်းကြီးနိမ့်နေသဖြင့် သူ့မှာ ဘုရားတနေရသည်။

တိုက်ကားမောင်းကြတော့လည်း တစ်ဒုက္ခ။ သွယ်သွယ်မေ ကိုယ်လုံးကြီးက တစ်စီးလုံးပြည့်နေ၏။ သူမှာ ကပ်ကစ်ညပ်ညပ်ကလေးနှင့်မနဲထိုင်ရ၏။ ကားတွေအချင်းချင်း တိုက်ကြခတ်ကြတော့ သူမှာ လွင့်ကျမသွားအောင် မနဲအားထုတ်ရ၏။

သွယ်သွယ်မေ့ကိုယ်လုံးကြီးနှင့် ဘေးတိုက်ဝင်ဝင်ဆောင့်သည့်ဒဏ်ကိုလည်း တော်တော်သူခံလိုက်ရ၏။



ရေလှော်လှော်စီးသည့်အခါကျတော့ အဆိုးဆုံးဖြစ်သည်။

သွယ်သွယ်မေတွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသဖြင့် သူကအရင်ဆင်း၏။ ဒင်းကနောက်က ...။

လှော်အောက်ရောက်တော့ ရေတွေနဲ့မို့ သူချက်ချင်းဝေးဝေး မသွားနိုင်သေး။

ထိုစဉ်နောက်မှ အရှိန်အဟုန်ပြင်းစွာ လှော်တစ်လှော်ဆင်းကျလာသော သွယ်သွယ်မေ့ကိုမြင်ရ၏။

"ဟာ ... သေပြီ"

ဟု အာမေဋိတ်ကိုပြု၍ ပြေးဖို့အလျှင်အမြန် သူကြိုးစားသည်။ သို့သော်မမီတော့

ဝုန်းကနဲ သွယ်သွယ်မေသည် သူ့နောက်ကျောကို ဝင်တိုက်မိလေတော့၏။ သူရှေ့သို့ မှောက်ခုံကြီး လဲကျသွားသည်။

ရေတွေ နှာခေါင်းထဲ ဝင်ကုန်၏။

အမြန် သူပြန်ထသည်။ ထလို့မရ။

ဘယ်ရပါ့မလဲ၊ သွယ်သွယ်မေက သူ့လည်ဂုတ်ပေါ်မှာ ခွလျက်သားကြီးဖြစ်နေသည်ကိုး။

သူမကိုယ်ကြီးဖြင့် တက်ဖိထားသလို ဖြစ်နေသဖြင့် ဘယ်လောက်အားစိုက်စိုက် တမုန်းမုန်းပြန် လဲကျနေလေ၏။

ရေကလည်းမွန်း၊ နာကလည်းနာနှင့် အတော်သူခံလိုက်ရသည်။

ထိုကိစ္စပြီးတော့ သူတစ်ခါထဲလန့်သွားသည်။

ပန်းခြံထဲက အမြန်ပြန်ပြေးတော့၏။

စိတ်ထဲမှာလည်း "မှတ်"သွားသည်။ ဒီမိန်းမကြီးနဲ့ဆို ပန်းခြံထဲ နောက်ဘယ်တော့မှ မလာတော့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပန်းခြံပြင်ထွက်ပြန်တော့ ဒင်းကတစ်မျိုးလာပြန်ချေသေး၏။

ရွှေတိဂုံဘုရား တက်ရအောင်တဲ့။

ဘုရားဆိုတော့ ငြင်းလို့မကောင်း။ ပြီးတော့ ရန်ကုန်ရောက်ကထဲက ရွှေတိဂုံ တစ်ခါမှမဖူးရသေးသဖြင့် ဘုရားဖူးချင်စိတ်လည်း ရှိနေသောကြောင့် သဘောတူလိုက်၏။

ဘုရားပေါ်မှာတော့ ဒီဝတုတ်မကြီးနဲ့ ဘာဒုက္ခမှမကြုံနိုင်ကောင်းပါဘူးဟုလည်း တွေးမိသဖြင့် ဖြစ်ပါသည်။

အစပိုင်းမှာတော့ တကယ်ပင်အဆင်ပြေပြေပါ။

ဘုရားကို ရွှေသင်္ကန်းလှူ၊ ရေတွေဘာတွေသပ္ပာယ်ပြီး စိတ်များပင် ကြည်လင်လာခဲ့ချေ၏။

အားရပါးရဖူးပြီးလို့ ဘုရားပေါ်က ပြန်ဆင်းမည်ဆိုတော့မှ ပြဿနာကြုံတော့၏။ သို့သော် ဒီတစ်ခါ သွယ်သွယ်မကြောင့်တော့ မဟုတ်ခဲ့ပါ။

ကံဆိုးသည်ဟုပင် ဆိုရပါလိမ့်မည်။

ဒီအချိန် ဒီနေရာတွင် ကမ္ဘာပေါ်၌ သူမတွေ့ချင်ဆုံးသော သူနှင့်မှ တည့်တည့်သွားတိုးနေခဲ့၏။

ပထမတော့ လူမှားနေသလားဟု ထင်သည်။ သေချာပြူးပြဲ၍ ကြည့်၏။ ဒီကိုသူမ ဘယ်လိုရောက်နေသလဲ စဉ်းစားလို့မရ။ သို့သော် လုံးဝမလွဲပါ။ သူမမှသူမစစ်စစ်ဖြစ်ပါသည်။

"ဟင် ... မိုးနံ့သာ"

အာမေဋိတ်သံတစ်ခု သူ့နှုတ်ဖျားမှ ထွက်ကျသွားရ၏။

မန္တလေးမှ သူ၏ရည်းစားဟောင်း ဖြစ်ပါသည်။ ရန်ကုန်မလာခင်က ... စားသောက်ဆိုင်တစ်ဆိုင်တွင် အတွဲကိုယ်စီနှင့် ပက်ပင်းတိုးကြသဖြင့် အကြီးအကျယ်ကတောက်ကဆ ဖြစ်ခဲ့ကြရသူဖြစ်၏။



ထိုစဉ် သူကပင် သွယ်သွယ်မနှင့်ပတ်သက်၍ သိပ်ချော၊ သိပ်လှ၊ ကိုယ်လုံးကိုယ်ပေါက်ကလဲ သိပ်မိုက်ဟု ကြွားလုံးတွေထုတ်ခဲ့သေးသည်။ အကြောင်းအစုံမှ မသိသေးဘဲကိုး ...။

ယခုလိုပုံစံကြီးကိုသာ မြင်လို့ကတော့ ဘယ်လောက်တောင် ကဲ့ရဲ့လိုက်မည်မသိ။

ထို့ကြောင့် သူမနှင့် လုံးဝမျက်နှာချင်းဆိုင်မိ၍ မဖြစ်။

ထို့ကြောင့် သူရှောင်သွားရန် စဉ်းစားသည်။

သို့သော် ထိုစဉ်မှာပင် သူမက သူ့ကိုမြင်သွားခဲ့လေသည်။

ထိုသို့လှမ်းမြင်လိုက်သည်နှင့်ပင် ဘေးမှ သွယ်သွယ်မဆီ တစ်ချက်လှမ်းကြည့်၏။ ထို့နောက် မသဲမကွဲအရိပ် သဖွယ်နတ်တစ်မျိုး မိုးနံ့သာမျက်နှာပေါ် ဖြတ်သန်းသွားသည်။

ပြီးသည်နှင့် အားရပါးရပြုံးပြ၍ ထူးရဲမင်းတို့ဆီ လျှောက်လာသတော့၏။

ထူးရဲမင်းမှာ ခေါင်းကြီးသာ ငုံ့ထားလိုက်မိသည်။

အနားရောက်ရောက်ချင်းမှာပင် အနှစ်နှစ်အလလကွဲကွာနေသော အကြွေးယူထားသူကို ပြန်တွေ့သလိုဟန်မျိုးဖြင့် မိုးနံ့သာ နှုတ်ဆက်၏။

"ဟယ် ... ကိုထူးရဲမင်းကြီးပါလား"

မျက်နှာကို အနေးကွေးဆုံး စလိုးမိုးရှင်းဖြင့် မော့သည်။ ပြီးတော့ ဓာတ်အားနည်းနေသော ကက်ဆက်မှ ထွက်လာသလို အသံမျိုးဖြင့် ပြန်နှုတ်ဆက်၏။

"ဪ မိုးနံ့သာ၊ ဘယ်လိုလုပ် ရန်ကုန်ရောက်နေတာလဲ"

"သင်တန်းတစ်ခု လာတက်နေတာလေ၊ အခုဘော်ဒါ့ဆောင် ဘက်မှာတည်းနေတယ်၊ ဒီနေ့မှ သူငယ်ချင်းတွေနဲ့ ဘုရား

www.burmeseclassic.com



လာတာ၊ သူတို့က ရေကြည်တော်ဝတ်အသင်း ဝင်ထားကြတော့အတူတူလုပ်အားလာလှူတာပေါ့၊ ကိုထူးရဲမင်းရော ဝင်ကူပါဦးလား"

"ဩော် ... အင်း၊ နောက်မှ ... နောက်မှ"

ယခုမှပင် သူမလက်ထဲမှ တံမြက်စည်းကို သတိထားမိ၏။ ငါ့နယ် ဒီလိုမှန်းသိရင် ဒီမလာပါဘူးဟု တွေးမိသည်။ ဟိုဟာကြီးလုပ်လို့ဟု ဘေးက သွယ်သွယ်မေကို ကြိတ်ကျိန်ဆဲမိ၏။

ခုတော့ကောင်းကောင်း အကြောခံနေရလေပြီ။ ဟိုက သွက်လက်နေသလောက် ထူးရဲမင်းမှာတော့ ချွေးကြီးအီးတစ်နေသလို တအစ်အစ်နှင့် ... ။

"ဘုရားလာဖူးကြတာလားဟင်"

"ဟုတ်တယ်"

ဒီလာမှတော့ ဘုရားလာမဖူးလို့ ဒန့်(စ်)လာကရမှာလား။ တစ်ခုတော့ရှိ၏။ ရင်ပြင်ပေါ်က ကျောက်ပြားတွေမှာ မိုးရွာလျှင်ချောနေသဖြင့် ချော်လဲရင်တော့ ဒန့်(စ်)ကသလို ဖြစ်သွားလိမ့်မည်။

"ဒါနဲ့ ကိုထူးရဲမင်းရော ဘယ်မှာတည်းနေလဲဟင်"

"သွယ်တို့အိမ်မှာလေ မမရဲ့"

အလိုက်ကမ်းဆိုးမသိလှစွာသော ဒေါ်သွယ်သွယ်မေက ကျွန်တော် အိုးတိုးအန်းတန်းဖြစ်နေချိန် ဝင်ဖြေခြင်းဖြစ်ပါသည်။ ဘာစိတ်ကူးနှင့် ဒင်းဝင်ဖြေသည်မသိ။

ကျွန်တော်ကတော့ ထိုစကားကြောင့်အချက်နှစ်ဆယ်လောက် နာရင်းထုပြီး ဆုချချင်လှ၏။

"ဩော် ဒီတိုင်းဆို ကိုထူးရဲမင်း မန္တလေးတော်တော်နဲ့ပြန်ဖြစ်ဦးမှာ မဟုတ်ဘူးပေါ့နော်"

"အင်း ... ဟုတ်တယ်"



"ကျွန်တော်လဲ ဒီမှာကြာဦးမယ်နဲ့တူတယ်။ ကျွန်တော်နဲ့တွေ့ချင်ရင်တော့ ဒီလိုနေ့တွေတိုင်း ဘုရားမှာရှိတယ်နော် သိလား"

"ဩော် ... အင်း အင်း မှတ်ထားပါ့မယ်"

ရှောင်ဖို့မှတ်ထားမှာပေါ့ ဟု စိတ်ထဲကပြောလိုက်မိသည်။ အခုထိတော့ ပြုံးဖြဲဖြဲလုပ်နေသည်မှ လွဲ၍ မိုးနံ့သာဘက်မှ ဘယ်လိုသရော်လှောင်ပြောင်မှုမှ မပြုသေး။

စိတ်ထဲအနေရခက်လှသည်နှင့် မြန်မြန် စကားဖြတ်ရ၏။

"ဒါဆို သွားဦးမယ်နော် ... နောက်မှတွေ့ကြတာပေါ့"

"ဩော် ... ဟုတ်ကဲ့ ဟုတ်ကဲ့ ..."

"နောက်လမ်းတွေ့ခါနော် ၊ ဒီကညီမလေးရောပေါ့"

သွယ်သွယ်မေကိုပါ လှမ်းပြောသည့်အခါ သွယ်သွယ်မေက ချက်ပျောသီးရသောမျောက်လေး အမြီးလေးတရမ်းရမ်းဖြစ်သွားသလို "ဟုတ်ကဲ့ရှင့်"တဲ့။

"သွားဦးမယ်"

ဟု နောက်တစ်ကြိမ်ထပ်ပြောပြီး ထွက်ခဲ့လိုက်သည်။

ဘာမှသိပ်ပြင်းပြင်းထန်ထန်ကြီး မိုးနံ့သာ မသရော်သည့်အတွက် တော်ပါသေးရဲ့ဟု သက်ပြင်းပင်ချမိသည်။ အံ့လည်းနည်းနည်းအံ့ဩ၏။ ဒီလောက်စွာတေးမလေးက ဒီတစ်ခါ သဘောတယ်ကောင်းနေပါလား။

သို့သော် သူမကို ကျောခိုင်းလျှောက်သွားပြီး၊

လေးလှမ်း၊ ငါးလှမ်း၊ ခြောက်လှမ်းခန့် အရောက်မှာတော့မိုးနံ့သာ လှမ်းခေါ်လေတော့၏။

"ကိုထူးရဲမင်း"

ဘာပါလိမ့်ဟု လှည့်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုအားရပါးရ မြှုးပြီးကြည့်နေရင်းမှ သွယ်သွယ်မေ့ဆီ မေးငေါ့ပြ၏။ ပြီးတော့ ပြုံးနေလျက်သားဖြင့်ပင် ပါးစပ်မှ …

"သိပ်လိုက်တာပဲ"

ဟု ခပ်တိုးတိုးပြောလိုက်သည်။

ထိုစကားတစ်ခွန်းထဲနှင့်ပင် သူဆယ်ခါပြန်လောက် လဲသေချင်သွားမိလေသည်။

❖ ❖ ❖



[ ၁၂ ]

စားပွဲခုံပြည့်လုခမန်း များပြားလှစွာသော ဟင်းခွက်များကို ကြည့်၍ ထူးရဲမင်း စိတ်မသက်မသာဖြစ်နေမိသည်။

ဒါတွေအားလုံးအတွက် စားသူမှာ တစ်ယောက်ထဲ။

တော်ရုံတန်ရုံလူအဖို့ စားပိုးနင့်သွားလောက်သော ပမာဏကို စားနေရသော်လည်း နည်းနည်းလေးမှ အမြုံးမပျက်။

ကြည့်နေရင်းမှပင် သွယ်သွယ်မေ၏မျက်လုံးများမှာ ပိုလေ့လာက်ပြောင်လာသလိုထင်ရ၏။ ဖယ်ဆတ်သလိုလက်တွေကလဲ ဟိုဟင်းခွက်နှိုက်လိုက်၊ ဒီဟင်းခွက်နှိုက်လိုက်နှင့် သွက်လက်လွန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာနေရင်း ထူးရဲမင်းလန့်ချင်လာသလိုလိုပင် ရှိ၏။

ကြည့်ရတာ အရင်ဘဝက ဘီလူးဝင်စားတယ်ထင်ပါရဲ့။

ဒါမှမဟုတ် အငတ်ဘေးဆိုက်နေသော ဆိုမာလီယားကများ လာသလား ထင်မိ၏။

မဖြစ်။ ဒီအတ္တဘောကြီးနဲ့တော့ သူနှင့်လုံးဝမဖြစ်။

ဘုရားပေါ်ကအဆင်းမှာထဲက ရင်ထဲပေါ်ပေါက်လာခဲ့သော အတွေးသည် တစစပိုပီပြင်ထင်ရှားလာခဲ့လေ၏။

သွယ်သွယ်မေ့ကို ဘယ်လိုမှလက်မထပ်နိုင်ကြောင်း သူပြော လိုက်တော့မည်။ မိုးနဲ့သာ၏ သရော်မှုကိုခံရပြီးကထဲက သူ ထိုသို့ စဉ်းစားမိခြင်းဖြစ်၏။

ဒါကြီးနှင့်တွဲသွားရတာကိုပင် သူရှက်လှသည်။

ဘုရားပေါ်မှ ဆင်းလာတုန်းကဆိုလျှင် လူတွေက ကွက်ကြည့် ကွက်ကြည့်နှင့်။ ထူးရဲမင်းစိတ်ထဲမှာတော့ အားလုံးက ဝိုင်းဝန်း လှောင်ပြောင်နေသလို ထင်မိ၏။

တခြားစုံတွဲတွေ မြင်ရသမျှ လိုက်ဖက်လွန်းလှသည်ဖြစ်ခြင်း။

သူတို့ကိုယ်သူတို့ ပြန်ကြည့်တော့ ဂေါ်ဇီလာနှင့်ပုရွက်ဆိတ်၊ ဆယ်ထပ်တိုက်နှင့် ကွမ်းယာဆိုင်၊ ပင်လယ်နှင့် သေးကွက်၊ ညောင်ပင် နှင့် သွားကြားထိုးတံ ... တို့လိုဖြစ်နေလေ၏။

မင်္ဂလာဆောင်လို့မှ နှစ်ပေါက်လက်ချင်းတွဲပြီး လျှောက်သွား လျှင် ဆင်ကြီးကိုယ်ဘေးမှာ ဖားပြုတ်လေးကပ်နေသလားဟုပင် ထင် ကြပေလိမ့်မည်။

သက်ပြင်းတစ်ချက်ကိုရှိုက်ရင်း ရင်ထဲက စကားတွေကို ဖွင့်ထုတ်ပြောဖို့ အားယူသည်။



ထိုစဉ်မှာပင် စားမာန်တက်နေရာမှ ဘာစိတ်ကူးရသည်မသိ သွယ်သွယ်မေသူ့ကို လှည့်ကြည့်လာလေ၏။

"ပြောစရာရှိလို့ဆို ... ပြောလေ"

ဟုတ်ပါသည် တကယ်ကို ပြောစရာရှိပါသည်။ ပြောစရာရှိ လို့မို့လည်း ဘုရားပေါ်ကဆင်းဆင်းချင်း အိမ်မပြန်သေးဘဲ ဒီစားသောက် ဆိုင် ဝင်ခဲ့ခြင်းဖြစ်၏။

သို့သော် တကယ်တမ်းပြောဖို့ကျတော့ ထူးရဲမင်း စကားစရ ခက်နေလေ၏။

"ဟင် ကိုထူးရဲ ... သွယ့်ကို ဘာပြောစရာရှိလို့လဲ"

ထူးရဲမင်း အသံတိတ်နေသဖြင့် သွယ်သွယ်မေ ထပ်မေး၏။

ဒီတစ်ခါတော့ ကြာဆံကြော်တစ်လုပ်ကို ပါးစပ်ထဲသွင်းရင်း မေးခြင်းဖြစ်ရာ ပလုပ်ပလောင်းသူ့အသွင်ကို ကြည့်၍ ထူးရဲမင်း ဝိုစိတ်ညစ်သွား၏။

"အင်း ... ပြောစရာက အရေးကြီးတယ်"

"ဒါဆိုပြောလေ"

ထူးရဲမင်း တုံ့ဆိုင်းနေပြန်၏။ သူ့မိဘတွေကတော့ စိတ်ဆိုးကြ ပေတော့မည်ဟု တွေးနေမိသည်။

"အင်း ... ဘယ်လိုပြောရမလဲ"

"ရတယ် ဇမာလိုသာပြော"

"ကျွန်တော်ကလဲ ကုလားလိုမှမတတ်တာဗျ"

"သွယ်က နောက်တာပါကိုထူးရဲ ရဲ့ ပြောစရာ ဘာစကား မို့လို့ ဒီလောက်တောင် တွန့်ဆုတ်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်မေ့ဆီ သူမျက်လုံးလှန်ကာ တစ်ချက်ကြည့်၏။

"အင်း ... ကျွန်တော်တို့နှစ်ယောက်နဲ့ ပတ်သက်တဲ့ကိစ္စပါ"

"အဲဒါဆို ပြောလေ"

သူ တုံ့ဆိုင်းနေပြန်၏။

"ဘာလို့ ဒီလောက်တောင် နှောင့်နှေးနေရတာလဲ ကိုထူးရဲရယ်။ ဘာလဲ သွယ့်ကို အားနာနေလို့လား"

"ဟုတ်တယ်"

"အမယ်လေး ကိုထူးရဲရယ်၊ သွယ့်များ အားနာနေရတယ်လို့ အချင်းချင်းတွေပဲဟာ၊ ဘာမှအားမနာနဲ့၊ ပြော ... ပြော၊ ပြောသာပြော ဘာမှလဲမစိုးရိမ်နဲ့၊ အားရပါးရသာ ပြောချပစ်လိုက်၊ သွယ်ကလည်း နားထောင်ပေးဖို့ အသင့်ပါပဲတဲ့ရှင်"

မြတ်စွာဘုရား။ လက်စသတ်တော့ ဒါကြီးက ငါ့သူ့ကို ရည်းစားစကား ပြောမယ်လို့ ထင်နေတာပါလား။

ထူးရဲမင်းအလန့်တကြား ကြည့်မိသောအခါ သွယ်သွယ်မေ၏ ကြှုသော၊ မှုသော မျက်နှာထားကို မြင်ရလေ၏။ နှုတ်ခမ်းတွေကလဲ ပြုံးစစနှင့်။

"မဟုတ်ဘူးဗျ"

ကြောက်လန့်တကြားဖြင့် သူ့ပါးစပ်မှ စကားတစ်ခွန်းထွက်သွား၏။ သွယ်သွယ်မေကတော့ သူမ၏အထင်ကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ထားဆဲ ...

"ရပါတယ်၊ ရင်ထဲရှိတာသာ မြန်မြန်ဖွင့်ပြောလိုက်စမ်းပါ။ သွယ်တို့က နားလည်မှုရှိပါတယ်ရှင်"



"မဟုတ်သေးဘူးဗျ"

"အင်းလေ၊ မဟုတ်သေးလို့ ဟုတ်အောင်ပြောခိုင်းနေတာပေါ့၊ ရပါတယ် ...၊ ပြောမှာသာပြောစမ်းပါတော့ရှင်"

မဖြစ်ချေတော့။ လမ်းက ပို၍ပို၍လွဲလာချေပြီ။ သွယ်သွယ်မေ၏ မျက်နှာကြီးကလည်း ပြုံးစစမှ ပြုံးဖြဲဖြဲဖြစ်လာလေ၏။ သူမ၏ ဆင်မှုမှုနေပုံမှာလည်းပို၍ သိသာလာ၏။

နောက်မဖြစ်ချင်တာဖြစ်စေတော့၊ အပြတ်ပြောထည့်လိုက်တော့မည်။

အံကိုကြိတ်၏။ ခေါင်းခဏငုံ့ရင်း ဦးနှောက်ထဲမှာ စကားလုံးစီသည်။

မျက်မှောင်ကိုရှုံ့လျက် ခေါင်းပြန်မော့သည့်အခါမှာတော့ ခုနက ပြုံးကြည့်နေသည့် သွယ်သွယ်မေမှာ ရှုံ့မဲ့နေသည်ကို မြင်ရလေ၏။

ထိုင်ရာမှ ဘယ်ဘက်တင်ပါးကို အနည်းငယ်ကြွ၏။ ထို့နောက် ညာဘက်တင်ပါးကို ကြွပြန်သည်။

အံ့ဩလျက် သူကြောင်ကြည့်နေစဉ်မှာပင် ...

ပီကနဲအသံလေးသည် ပြင်းရသောအနံ့ဆိုးနှင့်အတူ ရှည်လျားစူးရှစွာထွက်ပေါ်လာလေသည်။

"ဟို ... သွယ်၊ အိမ်သာအရမ်းသွားချင်လာလို့၊ ခဏနော်"

ဝုန်းကနဲ သွယ်သွယ်မေ ထ၍ပြေးလေတော့၏။ ထူးရဲမင်း ထစ်ယောက်ထဲသာ နှာခေါင်းကိုလက်နှင့်ပိတ်ရင်း ကျန်ရစ်ခဲ့လေသည်။

သူ စိတ်အပျက်ကြီးပျက်သွားခဲ့၏။

ခေါင်းကို ပြင်းပြင်းထန်ထန် ခါယမ်းလိုက်မိသည်။

ဘယ်လိုနည်းနဲ့မှကို သူဆက်သည်းမခံနိုင်တော့၊ စားပွဲမှ ထ၍ ထွက်လာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အဝင်ဝတွင် သွယ်သွယ်မေကိုယ်ခန္ဓာ လောက်ရှိသော ယောကျ်ားကြီးတစ်ယောက်နှင့်တိုက်မိမလို ဖြစ်သေးသည်။

ထိုသူ့ကိုယ်ကြီးက လမ်းရှိသမျှနေရာယူနေတာကိုး

ဒီလိုလူဝကြီးတွေဟာ တွေ့သမျှသက်သက်ဒုက္ခပေးနေတာဟု ဒေါသဖြစ်ဖြစ်နှင့်သူတွေးမိ၏။

အကယ်၍သာ ဆိုင်အပြင်၌ဖြစ်ရပ်တစ်ခုနှင့် မကြုံတွေ့မိပါက သွယ်သွယ်မေကိုထားခဲ့ကာ သူတောက်လျှောက်ပြန်ချသွားတော့မလို့ ဖြစ်ပါသည်။

* * *

ဆိုင်အပြင်ကိုရောက်သည်နှင့်ပင် သူ့စိတ်တွေလွတ်လပ်ပေါ့ပါးသွား၏။

လောကကြီးသည် သွယ်သွယ်မေမပါလျှင် တော်တော်နေလို့ထိုင်လို့ကောင်းတာပဲဟု တွေးမိသည်။

ဆိုင်ကလေးက အောက်ဘက်ချိုင့်ထဲမှာရှိသည်မို့ အပြန်လှေကားတစ်လျှောက်တက်လာရင်း သီချင်းတွေဘာတွေပင်ငြီးလာမိသည်။

လှေကား၏အဆုံးထိပ်တွင်တော့ ကားတစ်စီးရပ်တန့်ထားသည်ကို တွေ့ရသည်။

နဂိုကတော့ ထိုကားကိုအာရုံမထားမိဘဲ ကွင်းရှောင် ဖြတ်ကျော်သွားဖို့ ဖြစ်ပါသည်။ သို့သော် မော်တော်ကားထဲမှ မြင်ကွင်းကြောင့်သူခြေလှမ်းတွေ နှေးကွေးတုံ့ဆိုင်းသွားရချေ၏။

ကားထဲတွင် ဆံပင်ရှည်ကလေးများ မျက်နှာတစ်ခြမ်းကွယ်၍ထိုင်နေသော ကောင်မလေးတစ်ယောက်။



လည်ပင်းကိုဆန့်၍ ကြည့်မိသောအခါ ဆံပင်ဖုံးမနေသော မျက်နှာတစ်ခြမ်းမှ သူမရုပ်သွင်ကို မြင်ရ၏။

ရှိုက်နဲခပ်တိုးတိုး လေချွန်မိသွားသည်။

တကယ်လှတဲ့ ကောင်မလေးပေပဲ။

အသားအရောင်လေးက ဖြူနုစိမ်းမွတ်နေ၏။

မျက်လုံးဝိုင်းဝိုင်းကလေးက တောက်ပလျက် ...၊ နှာတံဖြောင့်စင်းစင်းကလေးရယ်၊ မျက်ခုံးမွေးနက်နက်ကလေးရယ်၊ နှုတ်ခမ်းဖူးဖူးကလေးရယ်နှင့် မြင်ရသမျှ အသွင်အပြင်တွင် အပြစ်ဆိုစရာတွေ၍မရှိ။

တစ်နေရာဆီ စိတ်ဝင်တစားငေးရီနေသော အကြည့်ကလေးက သိမ့်မွေ့နူးညံ့လွန်းလှ၏။

ဘာရယ်မဟုတ်ဘဲ ရင်ထဲ နောက်ချင်စိတ်ကလေး ပေါ်လာသည်။

ကားဘေးနားကို အသာတိုးကပ်သွားလိုက်၏။

ကောင်မလေးက တဘက်သို့ ငေးမောနေဆဲ

"ဟိတ်"

ဟု လှန့်လိုက်သောအခါ ကောင်မလေးချက်ချင်းတွန့်ကနဲဖြစ်သွားလေ၏။

"အမယ်လေး ... ကုလားကြီးတော့"

သူမ ယောင်ပုံလေးကိုကြည့်၍ ရယ်ချင်မိသွားသည်။

"လန့်သွားသလားဟင် ... ဆောရီးနော်"

"လန့်ပါဘူး၊ ဘာလို့လန့်ရမှာလဲ"

"အံမယ် မလန့်ဘူးသာပြောတယ်၊ ဘယ်ကကုလားကြီးကိုတ,နေတာလဲ၊ ရင်ဘတ်တွေဘာတွေလဲ ဖိလို့"

www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာချရင်း ကောင်မလေးတစ်ချက်ပြုံး၏။ ထို့နောက် သူ့ကိုဖျပ်ကနဲ တစ်ချက်လှမ်းကြည့်၍ နှုတ်ခမ်းလေးမစူ့တစူဖြင့် ပြောသည်။

"အွဲ့ဒါ လန့်တာမဟုတ်ဘူး"

"လန့်တာမဟုတ်ရင် ကြောက်တာပေါ့ တကယ်သတ္တိခဲပဲနော်"

ကောင်မလေး တစ်ခုခုပြန်မပြောနိုင်သေးခင်မှာပင် ထူးရဲမင်း ဝဋ်လည်လေတော့၏။

နောက်ဘက်သစ်ပင်ပေါ်မှ ကင်းလိပ်ချောတစ်ကောင်သည် သူ့ကျောပေါ်သို့ ပြုတ်ကျလာပြီး ကျောတစ်လျှောက် လျှောချဆင်းပြေးကာ သူ့ခြေထောက်များကြားမှ အတင်းတိုးဖော့ဖြတ်ထွက်သွား၏။

ရုတ်တရက်မို့ ထူးရဲမင်းလန့်သွားမိသည်။

"ဟဲ့ .... သောက်ပလုတ်တုတ်၊ ဘာကြီးလဲ"

တခစ်ခစ်နှင့် ကောင်မလေးရယ်ပါလေတော့၏။ နည်းနည်း ရှက်သွားပြီး ထူးရဲမင်းလည်း သွားဖြဲ ဝင်ရယ်သည်။

ကောင်မလေးမျက်နှာလေးက ရယ်ရင်ပိုလှသည်ဟုလည်း သူသတိပြုမိလိုက်သည်။

သို့သော် ကောင်မလေးက ကြာကြာမရယ် ...

ရယ်နေရင်းသားမှပင် အတင်းရပ်လိုက်ပြီး တည်တည်လေး ပြန်လုပ်နေလေ၏။

ထူးရဲမင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဘာဆက်လုပ်ရမှန်းလည်းမသိသည်မို့ ခေါင်းကုတ်ပြီးထွက်လာခဲ့လိုက်ရသည်။ ထူကတော့ နောက်ဆံတငင်ငင် လှည့်ကြည့်လှည့်ကြည့်နှင့် ...

သူ ကားနဲ့တော်တော်ဝေးဝေးအရောက်မှာ ကားဆီလူတစ်ယောက် ချဉ်းကပ်လာတာမြင်ရ၏။



ခုနတုန်းက ထူးရဲမင်းဆိုင်ကအထွက် ဝင်တိုက်မိမလိုဖြစ်သော လူဝကြီးပင်။

ယင်းက ကားထဲငုံ့ကိုင်း၍ ကောင်မလေးကိုပြောသည်။

"ဖြူစင်ရေ ... ဆိုင်ထဲမှာ သူငယ်ချင်းနဲ့တွေ့နေလို့ကွာ၊ ပါဆယ်ဝယ်မသွားတော့ဘူး။ ဒီမှာပဲစားတော့မယ်"

ခဏအကြာတွင် ကောင်မလေးကားထဲမှ ဆင်းလာတာမြင်ရ၏။

ဆင်းဆင်းချင်းပင် ဆံနွယ်ရှည်ကလေးများကို ယိမ်းခါ၍ သူ့ဆီ ဝေ့ဝဲကြည့်သည်။

သူ့ရင်ထဲ သိမ့်ကနဲဖြစ်သွား၏။

ထို့နောက် ကောင်မလေးမှာ ဟိုလူဝကြီးခေါ်ဆောင်ရာနောက် လိုက်ပါသွားလေသည်။

မလိုက်ဖက်လိုက်တာဟု သူတွေးမိသည်။

မနာလိုစိတ်တစ်ဝက်၊ ရူးစမ်းလိုစိတ်တစ်ဝက်ဖြင့် သူ့နောက် ကြောင်းပြန်လှည့်ပြီး ဆိုင်ဘက်ပြန်လျှောက်မိ၏။ ကောင်မလေးအလှကို နောက်တစ်ကြိမ်ပြန်ကြည့်လိုသော ဆန္ဒလည်း အဓိကပါဝင်ပေလိမ့်မည်။

* * *

ဆိုင်ထဲပြန်ရောက်တော့မှ ဟိုလူဝကြီး၏သူငယ်ချင်းမှာ သွယ်သွယ်မေဖြစ်နေမှန်း သိလိုက်ရ၏။ ပြုံးရွှင်စွာပင် တစ်ဝိုင်းထဲထိုင်နေကြသည်။

သွယ်သွယ်မေက သူ့ကိုမြင်သည်နှင့် လှမ်းခေါ်သည်။

"ကိုထူးရဲ လာလာ၊ ဘယ်တွေများလျှောက်သွားနေတာလဲ၊ သွယ်ကစောင့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဒင်းကိုချန်ထားပစ်ခဲ့ဖို့ လုပ်တာကိုတော့ ရိပ်မိပုံမရသေး။ စကားရောဖောရောလုပ်ပြီး ဝင်ထိုင်၏။ မျက်လုံးတွေကတော့ ကောင်မလေးဆီမှမခွာ

"ဒီလိုပဲ အညောင်းပြေအညာပြေ ဟိုနားဒီနား လျှောက်နေတာ"

သွယ်သွယ်မေက သူ့ကို လူဝကြီးဆီ ညွှန်ပြ၏။

"အဲဒါ ... သွယ့်ငယ်သူငယ်ချင်းလေ၊ ကိုသစ္စာတဲ့၊ ဘေးကညီမလေးကတော့ ဖြူစင်သူတဲ့၊ သူနဲ့မကြာခင် လက်ထပ်တော့မှာပေါ့"

နှုတ်သမီးနှင့် အာဠာဝကပင်တည်း။

ကောင်မလေးကို နောက်ပြောင်လိုစိတ်ဖြင့် နှုတ်ခမ်းနှစ်ဘက်တွန့်ကာမဲ့သလို လုပ်ပြလိုက်သည်။

သို့ဖြင့် လူဝကြီးပြောသည်ကို မကြားလိုက်မိ။

"ဟင်"

"ခြော် ... တွေ့ရတာဝမ်းသာပါတယ်လို့ ပြောတာ"

"ဟုတ်ကဲ့ ... ကျွန်တော်လဲတွေ့ရတာ ဝမ်းသာပါတယ်"

လူဝကြီးကို ပြောပေမယ့် မျက်လုံးတွေက ကောင်မလေးဆီမှမခွာ

သွယ်သွယ်မေ၏ မိတ်ဆက်အခမ်းအနားကြီးက မပြီးဆုံးသေးပါ။

"ဒါက ကိုထူးရဲမင်းလေ ကိုသစ္စာ၊ ဟို ... သွယ်နဲ့မကြာခင် ဟိုဟာပြုမယ်ဆိုတာပေါ့"

ဒီတစ်ခါကောင်မလေးက ပြန်နောက်၏။ သွယ်သွယ်မေနှင့်သူ့ကိုတစ်လှည့်စီကြည့်ရင်း မျက်လုံးလေးပြူးကာပြုံး၏။

ချစ်စရာကောင်းလိုက်တာဟု စိတ်ထဲဖြစ်မိသွားသည်။



ပြီးတော့ သွယ်သွယ်မေဘေးမှာရှိနေသော်လည်း ပထမဆုံးအကြိမ်အဖြစ် ပျော်ရွှင်မိသွားသည်။

ဒင်းပြောချင်သလိုပြော၊ စားချင်သလိုစား၊ ဘာပဲလုပ်လုပ် ဂရုမစိုက်တော့။

ကောင်မလေးကိုသာ ကြည့်ရင်းကြည့်ရွှင်းမိသည်။

မျက်နှာချင်းဆုံလိုက်မိသည်နှင့် မျက်စိမှိတ်လိုက် လျှာထုတ်လိုက်နှင့် အမျိုးမျိုးစနောက်ဖြစ်၏။

ပြုံးပြီးခေါင်းငုံ့ငုံ့သွားသည်။

ရင်ထဲမှာချမ်းမြေ့လိုက်သည့် ဖြစ်ခြင်း။

လူဝကြီးနှစ်ယောက်ကတော့ အချင်းချင်းစကားတွေ ဖောင်ဖွဲ့ရင်း ပွဲကျနေကြ၏။ သူကတော့ ထိုနှစ်ယောက်ကိုသာမက တစ်လောကလုံးကိုပါ မမြင်မိ။ အာရုံတွင် ကောင်မလေးတစ်ယောက်ထဲသာရှိနေခဲ့လေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



[ ၁၃ ]

တကယ်တော့ဒီရောဂါက ရုတ်တရက်ကြီးကောက်ကာ ငင်ကာထဖြစ်သောရောဂါ ဖြစ်ပါသည်။

မနက်မိုးလင်း အပြင်သွားကြဖို့ သွယ်သွယ်မေစကားစသည်နှင့်ပင် သူချက်ချင်းကြီးအုံးလွဲပစ်လိုက်၏။

"ဟင် ... ကိုထူးရဲ့ သွယ် ပြောတာကြားရဲ့လား"

ခေါင်းကို တစ်ဘက်သို့ လုံးဝလှည့်ထား၏။ ပြီးတော့ ထိုခေါင်းလှည့်ရက်သားအတိုင်းပင် လူကိုယ်ကြီး သွယ်သွယ်မေ့ဘက် လှည့်လာ၍ (ဇက်ကြီးလိမ်ပြီး) ကြည့်သည်။

"ဘာပြောတာလဲဟင်"

"အပြင်သွားတော့မယ်လေ၊ အဝတ်အစားလဲထားလို့ ပြောတာ"



ပြောရင်း သွယ်သွယ်မေလျှောက်သွား၏။

ဇက်ကြီး လိမ်လျက်သားမှ လူကိုယ်ကို လိုက်လှည့်ပြီး သူမရှိရာ လိုက်ကြည့်၏။

"ဒီမှာလေ၊ ဒီလိုဖြစ်နေတာ ဘယ်လိုက်လို့ရမလဲ"

"အဲ့ဒါက ဘယ်လိုဖြစ်ရတာလဲ"

"အုံးလွဲသွားလို့လေ"

"ဟင် ... မနေ့ကပဲ အကောင်းကြီးရှိပါသေးတယ်"

"ဟုတ်တယ် ဒီမနက်အိပ်ရာကနိုးလာတော့မှ အဲဒီလို ဖြစ်သွားတာ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ အပြင်သွားဖို့ကလဲ အားလုံးစီစဉ်ပြီးနေပြီ"

ထိုစဉ်မှာပင် ဘယ်ချောင်မှပေါ်လာမှန်းမသိသော ဦးထွန်းအောင်က ဝင်ရှုပ်ပါလေတော့သည်။

"အုံးလွဲတာလားဟေ့"

"ဟုတ်ကဲ့ခင်ဗျ"

သဏ္ဍာန်လုပ် သရုပ်ပါအောင် ယင်းဘက်သို့တစ်ကိုယ်လုံးလှည့်ပြီးဖြေရ၏။

"အုံးလွဲတာလောက်များ မပူနဲ့၊ ဇက်ပိုးကအကြောကို ခပ်သာသာလေးရိုက်လိုက်ရင် ပျောက်ရော၊ တို့အဘေးက နှမ်းတွင်းအကြောပြင်ဆရာကွ၊ လာ လာ မင်းကို ငါကုပေးမယ်"

လာ ... လာ ဆိုသော်လဲ ယင်းက လျှောက်လာပါသည်။

"မလုပ်ပါနဲ့ဗျာ"

ဟု သူတားသော်လည်း မမီလိုက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



အနားကပ်လာပြီး ဖျောင်းကနဲ ဖက်ပိုးအုပ်လေတော့၏။ လက်သံကလည်း ပြင်းလိုက်သည့်ဖြစ်ခြင်း။ လူကိုတစ်ခါထဲ ငိုက်ဆင်းသွား၏။

"ဘယ်နှယ့်နေလဲ ကောင်းသွားပြီလား"

ကောင်းသွားပြီဟု ပြောလျှင်လည်း သွယ်သွယ်မေနှင့်အပြင်လိုက်ရဖို့ ကျိန်းသေ၏။ မကောင်းသေးပြန်ပါကလည်း ဦးထွန်းအောင်က လက်ပြင်ထားဆဲ ...

သို့သော် သေခါမှသေစေတော့။ သွယ်သွယ်မေနှင့်တော့ မလိုက်လိုပြီ။

"မကောင်းသေးဘူးခင်ဗျ"

ဖျောင်းကနဲနောက်ထပ်ဖက်ပိုးတစ်ချက်။

ဒီတစ်ခါလက်သံကပိုပြင်း၏။ ထူးရဲမင်း ဒူးတွေပင် ညွတ်ကနဲဖြစ်သွားသည်။

သူကဲ့သို့ နန်းတွင်းအကြောပြင်ဆရာမျိုးဆက်က ကုလျက်နှင့် မကောင်းလို့မဖြစ်ဟူသော သဘောဖြင့် အားကုန်ဆော်ပုံရ၏။

"ဒီတစ်ခါတော့ ကောင်းသွားပြီ မဟုတ်လား"

မျှော်လင့်ချက်နှင့် စောင့်နေသော သွယ်သွယ်မေကို လှမ်းမြင်သည်။ ခေါင်းတွေမူးဝေနေသည့်ကြားမှ သူခေါင်းခါ၏။

နောက်ထပ်ဖက်ပိုးတစ်ချက်။

မျက်လုံးထဲမှာ ကြယ်တွေလတွေပင် မြင်ကုန်သည်။

"ကောင်းသွားပြီလား"

ဦးထွန်းအောင်၏အမေးကို ရုတ်တရက် ပြန်မဖြေနိုင်သေး။ ဟိုက လက်ပြင်လာပြန်ချေ၏။

ပျာပျာသလဲ သူ တားဆီးရသည်။



"ဟို ... ဟို သက်တော့သက်သာပါတယ်။"

"ဒါမှပေါ့ကွ၊ တကယ့်အကြောရဲ့ ဗဟိုချက်မကို ထိအောင် လုပ်တာပဲ ကောင်းသွားရမှာပေါ့"

အကြောရဲ့ ဗဟိုချက်မမို့လို့ပေပဲ အသက်ရဲ့ ဗဟိုချက်မသာဆိုလျှင် တစ်ခါထဲ ဇီဝိန်ချုပ်သွားလောက်သည်ဟု ထူးရဲမင်း တွေးမိသည်။

အဖေက ဒုက္ခပေးပြီးတော့ သမီးက လာပြန်ချေသေး၏။

"ကောင်းသွားပြီဆို အကျိုသွားလဲတော့လေ၊ အပြင်သွားရအောင်"

"ဟို သက်သာသွားပြီလို့ ပြောတာပါ။ အရှင်းတော့ မပျောက်သေးဘူး"

ပြောရင်း ဦးထွန်းအောင်ကို ခိုးပြီးလဲ ကြည့်ရသေး၏။ တော်ကြာ မပြောမဆိုနှင့် နောက်ထပ်ဖက်ပိုးတစ်ချက် လာနေမှ ဒုက္ခ။ အရေးကြုံက ရှောင်ရ ရှားရအောင် အသင့်ပြင်ထား၏။

"ဟုတ်တယ် ... သမီးရဲ့ ဒါမျိုးက နည်းနည်းအနားယူလိုက်မှ သက်သာသွားမှာ ... နို့မို့ဆို မပျောက်ဘဲ ပိုဆိုးနေမယ်"

သူမ အဖေပါဝင်ပြောလာသဖြင့် သွယ်သွယ်မေ မအီမလည်ဖြစ်သွားသည်။ ထူးရဲမင်းကလည်း ပေါ်လာသည့် အခွင့်အလမ်းကို ထက်လွှတ်မခံ။

"ဟုတ်တယ်ဗျ ... ကျွန်တော် ခဏတော့ အနားယူမှ ဖြစ်မှာ နော် မသွယ်သွယ်မေ နော်"

သွယ်သွယ်မေသည် မျက်နှာရှုံ့မဲ့လျက် ဘာမှမပြောသော်တော့ ထူးရဲမင်းကိုသာ အလိုမကျစွာကြည့်ရင်း သက်ပြင်းချ၏။

ထူးရဲမင်းက မျက်ခုံးပင့်ပြီး သူ၏ (တမင်လိမ်ထားသော) ခါးကိုတို လက်ညှိုးထိုးပြ၏။ ဒါကြီးကြောင့်ဟု ဆိုသည့်သဘော ...

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ခြံထဲသို့ ကားတစ်စင်းမောင်းဝင်လာသံ ကြားရသည်။ အိမ်ရှေ့အရောက်၌ ဟွန်းသံကိုလဲပေး၏။

သွယ်သွယ်မေက ခေါင်းထောင်ကြည့်သည်။

"ဟယ် ကိုသစ္စာတို့တောင် ရောက်လာပြီပဲ"

ထူးရဲမင်းပါ မသိမသာလိုက်ကြည့်တော့ အဖြူရောင်ကားလေးပေါ်မှ ကိုသစ္စာကို မြင်ရ၏။ သူ့ဘေးမှာတော့ ဖြူစင်သူ။

ဒီကောင်မလေးကို မြင်သည်နှင့်ပင် ထူးရဲမင်း ရင်တွေဒိန်းခနဲ ခုန်သွားရ၏။

လက်စသတ်တော့ ဟိုစုံတွဲနဲ့ အတူသွားဖို့ ချိန်းထားတာပဲ။ ဒါကို စောစောကထဲကပြောရင် သူဘယ်အုံးလွှဲပါ့မလဲ။

အခုတော့ သူ့မှာ ရောဂါစွတ်တက်ပြထား၍ ခွကျနေ၏။ ဖြူစင်သူပါသဖြင့် လိုက်ကလဲ လိုက်ချင်မိ၏။

သို့သော် ထူးရဲမင်းပဲလေ။ ဘယ်ရပါ့မလဲ ...။

"ဟို မသွယ်သွယ်မေ့ ခဏစောင့်ဦးဗျာ ကျွန်တော် အဝတ်အစားသွားလဲလိုက်ဦးမယ်။"

"ဟင် ... ခုနကပဲ အုံးလွှဲနေလို့ မလိုက်နိုင်ဘူးဆို"

သွယ်သွယ်မေရော ဦးထွန်းအောင်ပါ အံ့ဩသွား၏။

"ဟဲ ဟဲ အဲဒါ အခု ပျောက်သွားပြီဗျ"

ပြီးတော့ ဦးထွန်းအောင် အနားမှအဖြတ်တွင် တစ်ပါထဲ ပြောခဲ့ လိုက်သည်။

"အန်ကယ်ကုပေးတာ သိပ်ကောင်းတာပဲဗျာ၊ ချက်ချင်းယူပစ် သလိုကို ပျောက်သွားတော့တာပဲ၊ နားစရာတောင် မလိုတော့ဘူး"

◆ ◆ ◆



[ ၁၄ ]

အရာရာသည် သိပ်လှပ ပျော်စရာကောင်းလွန်းနေ၏။

ဖြူစင်သူပါနေသမျှ ဘယ်လိုနေရာမျိုးကို ဘယ်လောက်ဝေးသွားရသည်ဖြစ်စေ ထူးရဲမင်း ဘယ်တော့မှ မောတော့မည်မထင်၊ ဘယ်တော့မှလဲ ပျင်းလိမ့်မည်မဟုတ်ပါ။

မြို့ထဲအနှံ့ သူတို့လေးဦးသား လည်ပတ်ကြပြီးတော့ ရုပ်ရှင်သွားကြည့်ကြသည်။

ထုံးစံအတိုင်း လူဝကြီးနှစ်ယောက်ကတော့ အမြဲတစေလက်ကမခွာ ချိတ်နေကြမို့ ရုပ်ရှင်ရုံထဲမှာလဲ ခုံကွဲနဲ့ပေးကြပြန်သေး၏။

ရုံထဲဝင်ကြတော့ သွယ်သွယ်မေကရှေ့ဆုံး၊ ထို့နောက်မှ ထူးရဲမင်း၊ ပြီးတော့ ဖြူစင်သူ၊ နောက်ဆုံးကျမှ ကိုသစ္စာ ...။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံနေရာတွေဆီသွားကြတော့လည်း ထိုအတိုင်းပင်။

နည်းနည်းနောက်ကျပြီးမှရောက်သွားသဖြင့် ရုံထဲမှာ မှောင်မဲနေပြီ။

ရုပ်ရှင်ရုံဝန်ထမ်း ဓာတ်မီးထိုးပြသော အလင်းရောင် ပါးပါးကလေးဖြင့် ခုံနေရာများဆီ သူတို့တရွေ့ရွေ့ သွားကြ၏။

အရင်ဆုံး သွယ်သွယ်မေက အနီးဆုံးခုံမှာ ဝင်ထိုင်သည်။

သူမဘေးမှာ ထူးရဲမင်း ထိုင်၏။ ထိုဘေးကမှ ဖြူစင်သူ။

ကိုသစ္စာကတော့ ဖြူစင်သူ့ဘေး အစွန်ဆုံးခုံမှာ ထိုင်ရမည်ဖြစ်၏။

သို့သော် အမှောင်ထဲမို့လား။ ရုပ်ရှင်ကြည့်ချင်ဇောကများနေသည့်ကြောင့်လား မသိ။ ကိုသစ္စာတစ်ယောက် သူ့နေရာအထိ ဖြောင့်ဖြောင့်တန်းတန်းမသွားနိုင်ရှာ။

သူ့ခုံရောက်ပြီမှတ်ပြီး ထိုင်ချလိုက်သည့်မှာ ဖြူစင်သူပေါင်ပေါ်တည့်တည့် ထိုင်မိရက်သား ဖြစ်သွားလေ၏။

"ဟာ ကျိုးပြီ ... ကျိုးပြီ"

ဖြူစင်သူ့ဆီမှ အာမေဋိတ်သံတစ်ခု ရုတ်တရက် ထွက်ပေါ်လာ၏။ ပြီးတော့ ချက်ချင်းငိုသံပါလာသည်။

ကိုသစ္စာ ကိုယ်ခန္ဓာကြီး သူမပေါင်ပေါ်တက်ထိုင်ခံရသည်ဆိုတော့ ဆင်နင်းခံရသလို ဖြစ်သွားရှာပေလိမ့်မည်။

သူ့အမှားကို သိလိုက်သော ကိုသစ္စာက ချက်ချင်းနေရာရွှေ့လိုက်ပါသည်။

သို့သော် ဖြူစင်သူခမျာ ငိုမဲ့ငိုမဲ့။

"ကျိုးသွားပြီလား မသိဘူး"

ဟု အသံယဲ့ယဲ့နှင့်ငြီးရှာ၏။

အရေးထဲ အလိုက်ကမ်းဆိုးမသိလှသော သွယ်သွယ်မေမှာ



"ဘယ်နေရာကျိုးသွားတာလဲ၊ ပြစမ်း ... ပြစမ်း"

ဟု အတင်းလုပ်နေပြန်၏။

သူ့ကိုရှင်းရ၊ ဖြူစင်သူကို ချော့ရနှင့် ထူးရဲမင်း တော်တော်အလုပ်များသွား၏။ ကိုသစ္စာကြီးကတော့ ကယောင်ကတမ်းဖြင့်။

"နောက် မထိုင်တော့ပါဘူးဗျာ၊ နောက်မထိုင်ပါဘူးဗျာ"

ဟု ပြောမိပြောရာကို အထပ်ထပ်ပြောနေလေတော့၏။

ဇာတ်ကားသုံးပုံ တစ်ပုံလောက်မှပင် အခြေအနေက ငြိမ်ငြိမ်သက်သက် ပြန်ဖြစ်သွားရသည်။

သို့သော် ထူးရဲမင်းမှာတော့ ထိုနေ့က ဇာတ်ကားကို ပြီးသာပြီးသွားလိုက်သော်လည်း ဘာမှန်းသေသေချာချာ မသိလိုက်ရပါ။

ဖြူစင်သူ အလန့်ပြေသွားလို့ ဇာတ်ကားဆီ သူ့အာရုံဝင်မယ်မှကြံခင် ကိုသစ္စာနှင့်သွယ်သွယ်မေက တစ်ခန်းဖောက်လာပြန်ပါသည်။

ဇာတ်ကားက ရယ်စရာကားဖြစ်သည်။

ရယ်ရတဲ့အခန်းတွေများတော့ ပရိတ်သတ်က မကြာခဏ အဝါးဝါးပွဲကျသည်ပေါ့။

သို့ပေမယ့် ကိုသစ္စာနဲ့သွယ်သွယ်မေတို့ ပွဲကျပုံက နည်းနည်းထူးသည်။ သူတို့က သူများတွေရယ်သလို မဟုတ် ...။

ကိုသစ္စာက အသံသြသြကြီးဖြင့်

"ဟား ဟား ဟား ဟား"

ဟု အားရပါးရရယ်၏။

သွယ်သွယ်မေကတော့ အသံစူးစူးဖြင့်

"ဟီး ဟီး ဟီး ဟီး"

ဟု အသားကုန်ညှစ်ရယ်သည်။

ဂီတစကားအရပြောလျှင် Heavy tone နှင့် High Pitch အချိုးနှင့်တို့ ပြိုင်တူမြည်ကြသလိုဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံဆိုးနှစ်ခုကြား ရောက်နေသော ထူးရဲမင်းမှာတော့ ကောင်းကောင်းကြီး နားအပီစီရောက်ရတော့သည်ပေါ့။

ဖြူစင်သူကို လှမ်းကြည့်တော့လည်း သူ့လိုပင် ခံစားနေရပုံဖြင့် ရှုံ့မဲ့လျက် ....

နောက်ဆုံး နှစ်ယောက်သားမှာ ရယ်စရာအခန်းများ ရောက်တိုင်း လူဝကြီးတွေ၏ အသံလှိုင်းကို ကာကွယ်ရန် နားနှစ်ဘက်သာ ကိုယ်စီပိတ်ထားကြရလေတော့၏။

သို့သော် ထူးရဲမင်းရင်ထဲတွင်တော့ ပျော်နေမိသည်။

ဖြူစင်သူ့မျက်နှာလေးကို မြင်နေရသဖြင့် ဘယ်လိုဒုက္ခ မဆို ချိုမြိန်နေသည်ထင်မိ၏။

ပြီးတော့ ကိုယ်အနေအထားအပြောင်းမှာ၊ ခုံလက်ရန်းပေါ် လက်တင်အမိမှာ၊ မတော်တဆအသားချင်း ထိခတ်မိရသော ရင်ခုန်မှုလေးက ကြည်နူးစရာ ...

အမှောင်ထဲမှာပင် ဖြစ်သော်လည်း ဘေးတစ်စောင်းဖြင့် ဖြူစင်သူ့မျက်နှာကို မကြာခဏ ခိုးကြည့်သည်။

အကြည့်ချင်းဆုံမိသည့်အခါ ရှက်ယောင်ယောင်ဖြင့် ခေါင်းလေး ငုံ့ငုံ့သွားသော အသွင်လေးကို မြတ်နိုးလွန်းမိ၏။

နှစ်ယောက်လုံး၏ အာရုံတွေက ရုပ်ရှင်ထဲမှာမရှိ။ မကြာခဏ လည်း ခိုးခိုးကြည့်မိကြသည်။ ကြည့်မိတိုင်းလဲ ရှက်စနိုးဖြစ်ရ၏။

သူတို့အကြည့်တွေချင်း သံလိုက်စက်ကွင်းမိနေသလို ဖြစ်နေခဲ့တော့သည်။

ရုပ်ရှင်ရုံထဲမှာတင်မက အပြန်လမ်းတစ်လျှောက် ကားပေါ်မှာလည်း အကြိမ်ပေါင်းများစွာပင် အကြည့်ချင်းဆုံဖြစ်ကြလေ၏။

ဘေးက ကိုသစ္စာနဲ့သွယ်သွယ်မေကတော့ အချင်းချင်း ပြောလိုက်၊ သူတို့ကို ပြောလိုက်နှင့် စကားတွေဖောင်ဖွဲ့လို့ ...



သူတို့ကတော့ အင်း .. အဲနှင့် ခေါင်းညိတ်ခေါင်းခါရုံမှအပ အာရုံကိုယ်စီက ကားထဲရှိနောက်ကြည့်မှန်မှ ဆက်သွယ်ထားသော အကြည့်ချင်းဆုံမိရာ လမ်းကြောင်းလေးဆီသို့သာ ...

ထူးရဲမင်းအဖို့တော့ ပျော်ရွှင်ခြင်းဆိုသည်ကို ယခုမှ သဘော ပေါက်သလို ခံစားမိနေလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



[ ၁၅ ]

ထူးရဲမင်း ဖျာဖျာသလဲ ဖြစ်သွားသည်။

ခုနတင် သူ့အဖေနှင့်အမေကို တွေ့လိုက်ရသေးသည်။ အခု ကျတော့ ဘူတာဆင်ဝင်အောက်မှာ ကားပါကင်ထိုးခဲ့ပြီး ဆင်းရှာသည့် အခါ မတွေ့တော့ ...

သူဦးနှောက်ခြောက်သွားသည်။

အဖေက နကွတ္တတို့ သူရဇ္ဇတို့ သိပ်မတ်တာဆိုတော့ အဲဒီ ထဲက နည်းတစ်နည်းနည်းရပြီးတော့များ ကိုယ်ဖျောက်တတ်နေပြီလား မသိ။

သို့သော် ခုလိုနေ့ခင်းကြောင်တောင်ကြီးမှာ သားအရင်းကြီး တစ်ယောက်လုံးကိုတော့ မကျီစားတန်ရာ။



ဘူတာထဲမှ တဖွဲဖွဲထွက်လာနေကြသော ခရီးသည်တွေကို ပြူးပြဲကြည့်၍ရှာ၏။ မတွေ့။

ဒီလူတွေကို လျှောက်ကြည့်ရတာ သိပ်လွယ်တာမဟုတ်။ အထုပ်တွေအပိုးတွေကို သယ်ပိုးလာကြရင်း ခရီးကလည်းပန်းလာကြတာ ဆိုတော့ အလိုလိုစိတ်တိုနေပုံရ၏။

သူတို့ကိုလာပြူးပြဲကြည့်သည့် ထူးရဲမင်းကို ပြူးပြဲပြန်ကြည့် ကြသည်။ တစ်ချို့ဆို လှချင်းပင် ဝင်တိုက်သွားကြသေး၏။ တစ်ချို့ ကျတော့ သူပြူးပြဲကြည့်နေသည်ကို မယုံသလိုလို။

ကြာလျှင် ရန်များနိုင်သည့် အပေါက်မျိုးမို့လို့ သူဆက်မရှာ တော့။ တဖြည်းဖြည်းနှင့် လူကလည်းကုန်လောက်ပြီ။

ကားဆီများ ရောက်နေကြသလားဟု ပြန်သွားကြည့်တော့ လည်းမတွေ့။

နောက်တစ်ခါ ဘူတာထဲဝင်ကြည့်မှပင် ပစ္စည်းတွေကထွေးချိန် သော နေရာနားမှာ အဖေနှင့်အမေကို အချင်းချင်း စကားတွတ်ထိုး နေတာ မြင်ရ၏။

တန်တော့ ထုံးစံအတိုင်း ရန်ဖြစ်နေကြပြန်ပြီထင်သည်။

ထူးရဲမင်းကိုမြင်သည့်အခါ သူ့အဖေ ဦးစိုးမင်းက လက်လှမ်း ပြတော့ခေါ်၏။ သူ့အမေ ဒေါ်ခင်မြရီကတော့ ပြုံးပင်မပြုံး။ အနားရောက် သွားမှ သူ့အဖေအား နှုတ်ခမ်းကြီးစူကာ ကြည့်နေသည်ကို တွေ့ရ၏။

"အဖေတို့ ဘယ်ပျောက်သွားကြတာလဲဗျာ"

"ဘယ်မှာပျောက်လို့လဲကွ၊ ဒီမှာ ငါတို့ကို လူအကောင်လိုက် ကြီး မြင်နေလျက်နဲ့ ..."

"မဟုတ်ဘူးလေ ခုနက ကျွန်တော် ဘူတာဆင်ဝင်အောက် ကို ကားဝင်လာတုန်းက တွေ့လိုက်ပါတယ်။ ပြီးတော့ ကားရပ် ရမယ့်နေရာမှာ သွားရပ်ပြီးပြန်လာတာရော ... မတွေ့တော့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘေးမှမျက်နှာစူပုပ်နေသော ဒေါ်ခင်မြရီကဝင်ဖြေ၏။

"ထုံးစံအတိုင်းပဲလေ နှင့်အဖေ ဂွစာစိုးစိုးကြီးက ခွကျနေတာ"

ရုပ်ရှင်တွေထဲတွင် မိန်းမလျှာအဖြစ် သရုပ်ဆောင်သော ဂွစာသောင်းသောင်းကဲ့သို့ နာမည်မျိုးဖြစ်အောင် တမင်ရွဲ့ခေါ်ခြင်း ဖြစ်ပါသည်။ ပြုံးနေသော ဦးစိုးမင်း မျက်နှာမှာ ရှုံ့မဲ့သွား၏။

"မင်း ငါ့ကို အဲဒီလိုမခေါ်နဲ့နော်၊ မခင်မြ"

"ကျွန်မကိုလဲ အဲဒီလိုမခေါ်နဲ့"

"အေး၊ မခေါ်ဘူး မင်းလဲ ငါ့ကို နာမည်အတည့်ခေါ်"

ထူးရဲမင်းမေးခွန်းကို ဖြေတဲ့ဆီမရောက်။ သူတို့ချင်း လုည့်ရန်ဖြစ်နေသဖြင့် စောင့်နေရသေးသည်။ ထို့နောက်မှ ဒေါ်ခင်မြရီက ...

"ရထားပေါ်ကဆင်းတော့ ပစ္စည်းတွေ အထမ်းသမားတစ်ယောက်က ချပေးတယ်ဟယ် ... အဲ့ဒါ ရထားတစ်စင်းက ပိတ်နေတာနဲ့ ပစ္စည်းတွေ ဒီရောက်ဖို့ကို ဟိုးထိပ်က ပတ်လာရတယ်။ အဲ့ဒီလိုလမ်းကြောင်း ပိုရှည်သွားလို့ ဟိုက ပိုက်ဆံပိုတောင်းတာကို ပြဿနာရှာတယ်လေ"

"ပြဿနာရှာတာ မဟုတ်ဘူးကွ၊ သူက နှုတ်ပြောတုန်းက ဈေးတစ်မျိုး၊ အပြီးကျမှ နှစ်ဆလောက်ပိုတောင်းတယ်။ ဒါနဲ့ ငါက မျှမျှတတဖြစ်သွားအောင် မင်းနှုတ်ပြောတဲ့ဈေးနဲ့ဆို ဘယ် ထိရောက်မလဲဆိုတော့ လမ်းတစ်ဝက်ထိပဲ ရမယ်တဲ့။ ဒါနဲ့ ကောင်းပြီ အဲဒီလမ်းတစ်ဝက်ထိပဲ ပစ္စည်းတွေပြန်ပို့ခဲ့။ ငါတော့ နှုတ်ဈေးပဲပေးမယ်ဆိုပြီး ပြန်သွားခိုင်းတာပေါ့"

"အဲ့ဒီလမ်းတစ်ဝက်ကနေ ငါတို့မှာ ပစ္စည်းအားလုံးကိုယ့်ဘာသာသယ်ရတယ်လေ ... ကြည့်ဦး နှင့်အဖေလုပ်ပုံ ကောင်းသလားလို့"



သူ့ရှေ့မှာ ရပ်ရင်းတစ်လှည့်စီလုပြောနေကြသော အဖေနှင့်အမေကို ကြည့်၍ ရယ်ချင်လာသည်။ ဆရာမရှေ့မှာ အချင်းချင်း လုတိုင်နေကြသော ကျောင်းသားလေးတွေနှင့် တူနေ၏။

ထူးရဲမင်းပြုံးရင်း မေးလိုက်ရသည်။

"ဒါနဲ့ ဒီကတ္တားချိန်တဲ့ဆီကရော ဘယ်လိုလုပ် ရောက်နေရတာလဲ"

"အဲဒီပစ္စည်းတွေ သယ်လာတဲ့ကိစ္စပဲလေကွာ။ မင်းအမေကို မိန်းမမို့လို့ ညှာတဲ့အနေနဲ့ နည်းနည်းပဲသယ်ခိုင်းပြီး ငါက နှစ်ဆပိုသယ်တဲ့ဟာကို သူသယ်ရတာတွေက ပိုလေးတယ် ငြင်းနေတာနဲ့ အတိအကျသိအောင် ကတ္တားနဲ့လာချိန်ပြတာ"

"အဲဒီတော့ အဖေသယ်ရတာက တကယ်နှစ်ဆပိုလေးရဲ့လား"

"နှစ်ဆမကဘူးတော့ သုံးဆလောက်ရှိတယ်။ အဲ့ဒါကြောင့် မင်းအမေကြီး ပါးစပ်ပိတ်နေတာပေါ့"

"အမယ် ဘာလို့ ပါးစပ်ပိတ်နေရမှာလဲ။ မောလို့မပြောနိုင်တာရှင့် သိရဲ့လား"

အဖေက တဟားဟားအော်ရယ်၏။ အမေနှုတ်ခမ်းပိုရှုသွားသည်။ ကြာကြာနေလျှင် ပိုဇာတ်လမ်းရှည်နေမည်စိုးသဖြင့် ကတ္တားဆီမှ အထုပ်တွေမြန်မြန်ယူခဲ့ကာ ထူးရဲမင်း ထွက်လာခဲ့လိုက်သည်။

ဒါတောင် အဖေနှင့်အမေက နောက်မှ အချင်းချင်းပွညံပွညံငြင်း လိုက်လာကြလေ၏။

ကားပေါ်တက်ကြသည့်အခါ အမေက ...

"ရှင်နဲ့တူတူမထိုင်နိုင်ဘူး"

ပြောသဖြင့် အဖေရှေ့ခန်းလာထိုင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထူးရဲမင်း ကားမောင်းထွက်လိုက်စဉ် အဖေ့ကိုကြည့်မိတော့ မျက်စိမှိတ်ပြ၏။ သူကြည့်ရတာ အမေ့ကို ဒီလိုစိတ်ဆိုးအောင် စ,ပြီး ပျော်နေပုံရ၏။

လမ်းကျတော့ အဖေကပြောသည်။

"ကိုထွန်းအောင်တို့ကား ယူလာတာလား သား"

"ဟုတ်တယ်အဖေ"

"ယောက်ခမလောင်းကြီးတွေနဲ့ တော်တော် အဆင်ပြေနေတယ်ပေါ့"

ဟု နောက်တော့ ...

"တော်ပါအဖေရာ"

ဟု ရယ်မိသည်။ အဖေကလည်း လိုက်ရယ်၏။

"အေး၊ မင်းအသည်းအသန်ခေါ်တာနဲ့ ငါတို့မှာ အလုပ်တွေကို အမြန်ဖြတ်ခဲ့ရတာတွေ"

"ကောင်းတာပေါ့ အဖေရဲ့၊ တစ်ခါတစ်လေးလဲ အလုပ်တွေ မေ့ထားရတာပေါ့၊ ရန်ကုန်ဘုရားစုံဖူးရင်း အနားယူပေါ့"

"အေးပါကွာ ... တို့လဲရန်ကုန်မှာကြာဦးမှာပါ။ မင်းကရော"

အဖေပြောသည်ကို ရုတ်တရက်နားမလည်။ နောက်ဘက်မှာ ထိုင်နေသော အမေက ဝင်ပြော၏။

"သားနဲ့သွယ်သွယ်မေ့ကိစ္စကိုလေ၊ ဘယ်လိုဆက်လုပ်ရမလဲ လို့ မေးတာ"

"အင်း ... ခုတော့ ဒီတိုင်းလေးပဲ ထားပါဦးဗျာ။ သားတို့လူငယ်ချင်းပဲ ကြည့်ပြောပါမယ်"

အာရုံတွင် ဖြူစင်သူ့ ရုပ်သွင်လေးပေါ်လာ၏။



ရှက်သွေးဖြင့်နီမြန်းလှပနေသော မျက်နှာလေး။

သူမနှင့်ဆုံဆည်းရဖို့ အခွင့်အလမ်းသည် သွယ်သွယ်မေ့ဆီမှ တစ်ဆင့်သာ ရှိ၏။ ထို့ကြောင့် သွယ်သွယ်မေနှင့် ကင်းကွာ၍ မဖြစ်သေး။

သူ့စကားကြောင့် အဖေနှင့်အမေ အံ့ဩပြီး အဖေက အမေ့ဆီ လှည့်ကြည့်သည်။ အမေက မေးငေါ့ကာ အဖေ့ကို မေးသလိုပြု၏။ အဖေက ပုခုံးတွန့်သည်။ သူလဲမသိဘူးဆိုသော သဘော ...

ထိုစဉ်မှာဝင် အမေက သူတို့နှစ်ယောက်စကားများထားသည့်အဖြစ်ကို သတိရသွားဟန်တူ၏။ နှုတ်ခမ်းဆူကာ မျက်နှာပြန်လွှဲသွားသည်။

အဖေ့မှာ အူကြောင်ကြောင်ဖြင့် ကျန်ရစ်ရလေ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



[ ၁၆ ]

ချမ်းမြေ့သူလေးတစ်ယောက် သူမတို့ခြံထဲမှာထိုင်ရင်း စိတ်ညစ်နေသည်။ သူမရှေ့တွင်တော့ ကစားစရာအရုပ်များက ပြန့်ကျဲလျက်။ ခုနတင် သူမသူငယ်ချင်းနှစ်ယောက် ဆော့ကစားသွားသော အရုပ်များ ဖြစ်၏။

ဒီနေ့ကို ကျောင်းပိတ်ရက်ဖြစ်သည်မို့ အားရပါးရဆော့ကစားလိုက်မည်ဟု နဂိုက အားခဲထားခဲ့သည်။

သို့ဖြစ်၍ အောခြံတွေမှာနေသော သူငယ်ချင်းနှစ်ယောက်ကို နံနက်စောစောကထဲက ခေါ်ထားခဲ့၏။ သို့သော် ကစားကြလို့မှ သိပ်မကြာခင် ပြဿနာက စ,တော့သည်။



အရုပ်တစ်ရုပ်အား လုရာမှ သူငယ်ချင်းနှစ်ယောက် ရန်ထဖြစ်ကြလေသည်။

ဘယ်လိုမှ ပြောမရ၊ ဆိုမရ။

ဒီလောက်အရုပ်တွေ အများကြီးရှိလျက်က ဒီတစ်ရုပ်ကိုမှ သဲသဲမဲမဲ လုနေကြလေ၏။

ချမ်းမြေ့သူကလည်း နာမည်နဲ့လိုက်အောင် အေးအေးချမ်းချမ်းဖြစ်စေချင်သူ။ ကလေးအရွယ်ပင်ဖြစ်သော်လည်း ပတ်ဝန်းကျင်မှ ပြဿနာအားလုံးကို ဖြေရှင်းပေးလိုသည်။ ထိုသို့ ဖြေရှင်း၍လည်း ရမည်ဟု သူမကိုယ်သူမ ထင်မှတ်ထားခဲ့၏။

ယခုကျတော့ သူမအစွမ်းရှိသလောက် ဘယ်လိုပြောပြော အဆင်မပြေ ....

နောက်ဆုံး သူငယ်ချင်းနှစ်ယောက်သားမှာ တစ်ယောက်ကို တစ်ယောက် စိတ်တွေကောက်ပြီး အသီးသီးထပြန်သွားကြလေ၏။ ချမ်းမြေ့သူတစ်ယောက်သာ ဝမ်းနည်းလျက်ကျန်ရစ်ရတော့သည်။

သက်ပြင်းကိုချရင်း အရုပ်တွေဆီငေ့ဝဲကြည့်မိသည်။

ဘာဆက်လုပ်ရကောင်းမလဲဟု မှိုင်မှိုင်တွေတွေ စဉ်းစားစဉ်မှာပင် ကားဟွန်းသံကြောင့် ခြံရှေ့ဘက်ဆီအကြည့်ရောက်မိသည်။

ကားအဖြူရောင်လေးတစ်စီး ခြံထဲဝင်လာလေ၏။

ထိုကားကို မြင်သည်နှင့်ပင် ကိုသစ္စာ၏ကားမှန်းသိသည်။ အစ်မဖြစ်သူ ဖြူစင်သူ့ဆီလာမှန်းလည်း သိ၏။

ထို့ကြောင့် အစ်မအား သတင်းကြိုပေးနိုင်ရန် ချမ်းမြေ့သူ အပြေးလေး အိမ်ပေါ်တက်သွားခဲ့လေသည်။

"မမရေ ... ဦးအလိမ်မိုးကြီး လာနေပြီ"

အခန်းထဲရောက်သည်နှင့် စားပွဲတင်မှန်ရှေ့မှာထိုင်လျက်သား အသင့်တွေ့ရသော ဖြူစင်သူ့ကို အော်ကာပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသစ္စာကို လမ်းကြိတ်စက်မှ ဒလိမ့်တုံးကြီးနှင့် တူလို့ဟု ဆိုကာ ချမ်းမြေ့သူက ဦးဒလိမ့်တုံးကြီးဟု ခေါ်တတ်၏။ ထိုသို့ခေါ်တိုင်း ကြားရသူများက ရယ်ကြမြဲ။

ဒီနေ့တော့ ထိုစကားကြားသော်လည်း ဖြူစင်သူက မရယ်မပြုံးရှိနေလေ၏။

ချမ်းမြေ့သူ အံ့အားသင့်သွားသည်။ ထိုင်ခုံပေါ်မှ အစ်မလုပ်သူနား အသာတိုးကပ်သွားကာ အစ်မမျက်နှာကိုမော့ကြည့်ရင်း မေးလိုက်၏။

"မမ ... ဘာလို့လဲ၊ နေမကောင်းဘူးလားဟင်"

ဖြူစင်သူမှာ မှိုင်တွေနေရာမှ ထိုအခါမှ သတိဝင်လာသလို ဆတ်ကနဲ ဖြစ်သွားခဲ့၏။

"ဟင် ... ဩော်၊ ဘာမှမဖြစ်ပါဘူး၊ ညီမလေးရယ်"

"အမြင်မှာ ဦးဒလိမ့် ... အဲ ဦးသစ္စာကြီး ရောက်နေပြီ မမရဲ့"

"အေး၊ ခုန ကားဟွန်းသံကြားထဲက မမသိပါတယ်"

"ဟင် ... အဲ့ဒါဆို မမက ဒီမှာဘာထိုင်လုပ်နေတာလဲ၊ သွားလေ ... ပြုံးပြုံးရွှင်ရွှင်တက်တက်ကြွကြွနဲ့ သွားကြို မှပေါ့၊ ခု မမပုံစံကြီးက မဟုတ်သေးပါဘူး။"

သူမက တတွတ်တွတ်ပြောသော်လည်း ဖြူစင်သူမှာ တုတ်တုတ်မလှုပ်။ စကားလည်းမတုံ့ပြန်။ ချမ်းမြေ့သူပင် ဆက်ပြောရ၏။

"ဘာလဲ မမက ဦးသစ္စာကြီးကို စိတ်ကောက်နေတာလား၊ သူကသဘောကောင်းပါတယ် မမရဲ့ လူကြီးကလဲ ဝတောက်တောက် ချစ်စရာကြီး၊ ဟို ... သမီးဆော့နေတဲ့ ဗိုက်ပူဝက်ဝံရုပ်ကြီး အတိုင်းပဲ၊ စိတ်ကောက်ပြေလိုက်ပါတော့ မမရယ် ... နော်"

"ငါသူ့ကို စိတ်ကောက်တာ မဟုတ်ဘူး၊ စိတ်ပျက်နေတာ"

ဖြူစင်သူ့ပါးစပ်မှ စကားတစ်ချို့ ရုတ်တရက်ထွက်ပေါ်လာ



သည်။ ထူးထူးခြားခြား အသံတွေတုန်ယင်နေသဖြင့် ချမ်းမြေ့သူလေးပင် ငေးကြောင်သွားမိ၏။

ဖြူစင်သူက မျက်နှာကိုမော့ကာ မျက်တောင်တွေ ဖုတ်ခတ်ဖုတ်ခတ်လုပ်ရင်း ဆက်ပြော၏။

"ငါလေ ... သူနဲ့လျှောက်သွားရမယ့် နေ့မျိုးဆို သိပ်စိတ်ညစ်တာပဲ၊ သူနဲ့တွေ့ရမှာကိုတောင် ကြောက်နေမိတယ်။ အဲဒီလို အချိန်မျိုးတွေကို ရောက်မလာပါစေနဲ့လို့ အမြဲတမ်းကြိတ်ပြီး ဆုတောင်းနေမိတယ် ... ဒါပေမယ့်လည်း ဘယ်တော့မှ မပြည့်ပါဘူးဟယ်"

ချမ်းမြေ့သူမှာ အစ်မလုပ်သူကိုသာ ငြိမ်ငြိမ်သက်သက်ငေးမောနေမိသည်။ နှုတ်ခမ်းလေးတွေက လှုပ်စိစိနှင့် တစ်ခုခုပြောချင်နေသော်လည်း ဘာပြောရမယ်မှန်းမသိ။ မျက်ခုံးနှစ်ဘက်ကိုသာ အတင်းရှုံ့ထား လိုက်မိ၏။

ထိုစဉ်မှာပင် အခန်းအပြင်မှာ လေးလေးပင်ပင် အထုတ်အပိုးကြီးတစ်ခုကို အရွတ်တိုက်ဆွဲလာသလို ခြေသံတဒိုင်းဒိုင်းနှင့် အသံပြဲပြဲကြီးကို ကြားလိုက်ရလေသည်။

"ဖြူစင်လေးရေ ... ဟော့ ဖြူစင်လေး၊ အပြင်သွားကြရအောင်လေကွာ"

ဖြူစင်သူ သက်ပြင်းကိုရှိုက်သည်။ ပြီးတော့မျက်နှာကို ဆတ်ကနဲမော့ပြီး ထရပ်လိုက်လေသည်။

အခန်းဝဘက်ဆီ သူမလှည့်ထွက်စမှာပင် ...

ချမ်းမြေ့သူလေးက နောက်မှနေ၍ လက်ကို ဖမ်းဆွဲထားလိုက်လေ၏။

ညီအစ်မနှစ်ယောက် တခဏစကားမဆိုဘဲ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်မှ ချမ်းမြေ့သူက တီးတိုးသံလေးဖြင့် …

"မမ … သူ့ကို မကြိုက်ဘူးလားဟင်"

ဖြူစင်သူ တစ်စုံတစ်ခုပြောဖို့ပြင်သည်။ နောက်မှ စိတ်ပြောင်းသွားဟန်ဖြင့် ညီမကို ခပ်ယဲ့ယဲ့ပြုံးပြလေ၏။ ချမ်းမြေ့သူက ဆွဲထားသောလက်ကိုတင်းတင်းဆုပ်သည်။

"ဒါဆိုဘာလို့ ဖေတို့မေတို့ စီစဉ်ကာစက မငြင်းလိုက်တာလဲ မမရယ်"

ဖြူစင်သူ အဝေးတစ်နေရာသို့ ငေးနေ၏။

"ငြင်းဖို့အကြောင်းပြချက်မှ မရှိတာကိုး။ သူ့ဝလို့ မယူနိုင်ဘူးဆိုရင်လည်း သိပ်အဓိပ္ပါယ်မရှိဘူးလေ။ ပြီးတော့ ငယ်ငယ်ထဲက အဖေ၊ အမေ စကားကို လိုက်နာခဲ့တာဆိုတော့ …"

စကားပြောလက်စမှ ရပ်တန့်သွား၏။ ဆွဲကိုင်ထားသောလက်ကို ရှမ်းဖြုတ်ပြီး ဖြူစင်သူ အခန်းအပြင်ထွက်သွား၏။

အခန်းထဲ၌ ချမ်းမြေ့သူလေးတစ်ယောက်သာ ခေါင်းလေးတယမ်းယမ်းနှင့် ကျန်ရစ်ခဲ့လေ၏။

◆ ◆ ◆



[ ၁၇ ]

"ဘယ်လိုနေလဲ၊ ကိုယ်နဲ့လိုက်လာရတာ ပျော်စရာကောင်းတယ် မဟုတ်လား"

ထူးရဲမင်း၏အမေးကို ဖြူစင်သူ မဖြေဘဲ ပြုံးသာပြလိုက်မိသည်။ သို့သော် ရင်ထဲတွင်တော့ ပျော်လိုက်တာဟု အကြိမ်ပေါင်းများစွာ ဝန်ခံနေမိသည်။

ခုနက စိတ်ညစ်နေခဲ့ရသမျှ ဘယ်တွေရောက်ကုန်ပြီ မသိတော့။

ကိုသစ္စာ ခေါ်သဖြင့် သူတို့အားကစားလေ့ကျင့်ရေးသို့ လိုက်လာခဲ့ရသည်။ ပြီးတော့ သူနှင့်သွယ်သွယ်ပေမ မခိုးသား လေ့ကျင့်နေကြသည်ကို အခန်းအပြင်မှ ထိုင်စောင့်နေခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတမှန်တံခါးဖြစ်သည်မို့ သူတို့ကို ထင်ထင်ရှားရှား မြင်နေရသည်။ ဒီတော့ စိတ်ညစ်စရာကောင်းလှသည်ပေါ့။

ပိန်အောင်ကျင့်သည်လည်း ပြောသေးရဲ့။ နှစ်ယောက်လုံး မလိုက်တဲ့အလေးပြားလေးတွေက တစ်ပိသာပင်ရှိရဲ့လား မပြောတတ်။

ဒါများ အားကစားရုံ လာကျင့်မနေဘဲ ဈေးထဲက ဈေးသည် တစ်ယောက်ယောက်ဆီမှာ ပိဿာလေးတစ်ခုစီတောင်းပြီး သွားသွား မလိုက်ပြီးရောဟု ဖြူစင်သူ စဉ်းစားမိ၏။

အဲဒီအလေးလေးတွေကိုမှလဲ မ,နေပုံက တကယ်ပင် အီးထွက် မတတ်။ ငချူးတွေကလဲပျံ့လို့။

တစ်ခါလောက်မပြီးလျှင်လည်း အကြာကြီးနားကြချေသေး၏။

သူတို့ကြည့်ရတာ အားကစားလေ့ကျင့်တာနဲ့မတူ။

တရားကျင့်နေသလိုပင် ထင်ရတော့၏။ ဘာပဲလုပ်လုပ် ဖြည်း ဖြည်းရွရွကလေး။

အခြေစက်ပေါ်မှာ သွယ်သွယ်မေ ပြေးနေသည်ကာပင် စလိုးမိုး ရှင်းပြနေသလား ထင်ရတော့၏။

သူတို့ကို မကြည့်ချင် မြင်နေရက်သားဖြစ်နေသဖြင့် ဖြူစင်သူ စိတ်ညစ်လာသည်။

ငါနှယ်တယ်လိုများ လုပ်ရပါ့မလဲနော်ဟု စိတ်ထဲက ညီးညူနေ မိစဉ်မှာပင် အနားသို့ ထူးရဲမင်းရောက်လာခဲ့လေ၏။

"ဟိတ်"

ဟု အနောက်ဘက်မှ လှမ်းအသံပြုဝိုက်သောအခါ ဖြူစင်သူ လန့်ပင်သွားမိသည်။ ထူးရဲမင်းက သွက်သွက်လက်လက်ပင် အနား လာဝင်ထိုင်ပြီး

"တို့ကို မှတ်မိတယ် မဟုတ်လား"

တဲ့။ ဖြူစင်သူ ရှက်ပြီးဘာပြန်ပြောရမယ်မှန်း မသိ။ ခေါင်းသာ ငုံ့ထားလိုက်မိသည်။ ထူးရဲမင်းက အတွင်းသို့ လက်ညိုးညွှန်၍



"ဟိုအတွဲဘောကြီး နှစ်ယောက်က ကြာဦးမယ်နဲ့တူတယ်"

ဟု ဆက်ပြော၏။ ဖြူစင်သူ့မှာ

"အင်း"

ဟု တစ်ခွန်းသာပြောရင်း ခေါင်းညိတ်လျက် ထပ်မံခေါင်းငုံ့ နေမိပြန်၏။

"ကိုယ်လဲ အောက်ကကားပေါ်မှာ စောင့်နေတာ ပျင်းလာလို့ အပေါ်တက်လာခဲ့တာ၊ ပြီးတော့ မင်းရှိမယ်လည်း ထင်လို့၊ မင်းစောင့်နေရတာ မပျင်းဘူးလားကွာ"

"အင်း ... ဒီလိုပါပဲ"

"ဘာမှဒီလိုပါပဲ မနေပါနဲ့ကွာ၊ ဒီလောက်ပျင်းစရာကောင်းတာ မင်းလဲပျင်းနေမှာပဲဆိုတာ ဝန်ခံစမ်းပါ"

ဘယ်လို ဖွတ်တရွတ်ကြီးပါလိမ့်တု ဖြူစင်သူ တွေးမိသည်။ သူ့ဟာသာပင် ဆက်ပြောပြန်၏။

"ကဲ လာကွာ၊ သူတို့ကိုထားပြီး တို့နှစ်ယောက် အအေးသွား သောက်ရအောင် ... သူတို့က ကြာဦးမှာကွ"

ဖြူစင်သူ ဘာပြန်ပြောရမယ်မှန်းမသိ။ လိုက်သင့်မလိုက်သင့် ဉီးစားနေဆဲမှာပင် သူကသွက်သွက်လက်လက် ထနှင့်၏။

ပြီးတော့ ပြန်လှည့်ကာ

"လာလေ"

တဲ့။ အခန်းထဲမှာက ဟိုနှစ်ယောက်၏ မချိမဆန့်လေ့ကျင့် နေခြင်းများ။

သူတို့ကို မမြင်ရရင် ဒုက္ခတစ်မျိုးငြိမ်းတာပဲလေဟု ဖြူစင်သူ ထိုက်သွားဖြစ်ခဲ့သည်။

လမ်းရောက်သည်နှင့် ခုနက စိတ်အခြေအနေသည် ပြောင်း ပြန်ဖြစ်သွားရတော့သည်။ မှုန်မှိုင်းနေမိသမျှ ချက်ချင်းကြည်လင်သွား ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့နှစ်ယောက်က ဒီလို လူကြီးတွေနဲ့ ပတ်သက်တာ လဲမပြောနဲ့ ကိုယ်တို့နာမည်တွေမှာကိုက အတိတ်နိမိတ်ပါ နေတာ"

ထူးရဲမင်းပြောတော့ ဖြူစင်သူ စဉ်းစားမရ။

"ဟာ ဘာဆိုင်လို့လဲ"

"သူ့နာမည် ဖြူစင်သူ မဟုတ်လား။ အဲ့ဒီတော့ 'ဆင်' လို ခန္ဓာကိုယ်ပိုင်ရှင်ကြီးနဲ့ ပတ်သက်ရတော့တာပေါ့"

"ဟင် ဘာဆိုင်လို့လဲ။ တို့က စလုံးနဲ့စင်တဲ့ ဖြူစင်သူပဲဟာ"

"ဒါပေမယ့် အသံချင်းတူတယ်လေကွာ"

ဖြူစင်သူ ပြုံးမိသည်။ တော်တော်လည်း ပေါက်ပေါက်ရှာရှာ တွေးတာပဲ။

"ကဲ ထားပါတော့၊ ဒါဆို သူကရော"

"ကိုယ့်နာမည်က ထူးရဲမင်းလေ၊ ထူးခတ်တယ်ဆိုတာ ဆင် တွေကိုမှ လုပ်တာပဲ၊ ဒါကြောင့်တို့လဲ ဆင့်ကြီးဒေါ်ကြီးနဲ့ တွေ့တာပေါ့။"

နှစ်ယောက်သားရယ်မိကြ၏။ ထိုအရယ်သည် အဒေးဆိုင် ရောက်သည်အထိ မရပ်ရတော့။

ကားမောင်းလာရာ လမ်းတစ်လျှောက်မှာလည်း ဖြူစင်သူကို အမျိုးမျိုး စ,နောက်၏။ FM မှ သီချင်းတွေကိုဖွင့်ပြီး အော်ကြီး ဟစ် ကျယ်လိုက်ဆိုသည်။ ပြီးတော့ အစီအစဉ်တင်ဆက်သူများ အသံအတိုင်း လိုက်တုကာပြောပြ၏။

ယောက်ျားဆို ယောက်ျားအသံ။ မိန်းမဆိုလည်း မိန်းမအသံ လာသမျှ ကြေငြာတွေကိုလည်း အမျိုးမျိုး တုံ့ပြန်လိုက်သေး သေး၏။ အမိကအားဖြင့်တော့ ကြေငြာတစ်ခုပြီးသွားသည်နှင့်

"မဖြစ်နိုင်ဘူး၊ မယုံဘူး"

ဟု လိုက်လိုက်အော်တတ်ချေသည်။



အဒေးဆိုင်ရောက်တော့ ထိုဆိုင်မှဖုန်းဖြင့် ဖြူစင်သူ ... ကိုသစ္စာဆီလှမ်းဆက်ဖို့ ဖြင်သည်။

သူမပျောက်နေသည်ဆိုပြီး စိတ်မပူဖို့နဲ့ သူတို့ကစားပြီးချိန် သောက် ပြန်လာမယ့်အကြောင်း ပြောဖို့ပေါ့။

သို့သော် ကိုသစ္စာဖုန်းက ဘယ်လိုမှဆက်မရ။ ထူးရဲမင်းက နောက်မှ သံသေးသံကြောင်ဖြင့် ...

"လူကြီးမင်းခေါ်ဆိုသော GSM တယ်လီဖုန်းသည် လူကြီး များက ဖိထားသောကြောင့် ပြားသွားကာ အသံမထွက်နိုင် တော့ပဲလျှာသာထွက်နေပါသဖြင့် ခေါ်ဆိုမရနိုင်ပါရှင်"

ဟု လိုက်နောက်နေသဖြင့် အူမင်ထွက်မတတ် ရယ်မိရသေး သည်။

ပြီးတော့ အဒေးသောက်ရင်း တစ်ယောက်အကြောင်းတစ် ယောက်ပြောဖြစ်ကြသည်။

ထူးရဲမင်းကို စာတွေကဗျာတွေ ရေးသည်ဟု သိရသည့်အခါ ဘယ်လို ကဗျာမျိုးတွေရေးသလဲ မေးကြည့်မိ၏။

သူရေးသည့်ကဗျာဆိုပြီး ရွတ်ပြသည်ကတကယ့်အကောင်းစား

*ချစ်သူ့ရဲ့နှုတ်ခမ်းလေး မှုတ်ချင်တယ်။*

*သူနဲ့ အမြဲတူတူနေမယ်။*

*သူငိုတဲ့အခါ ငါထွက်လာခဲ့မယ်။*

*ငါ့ကို ... သုတ်တော့ မထုတ်လိုက်ပါနဲ့ကွယ်။*

ဆိုသော ကဗျာဖြစ်၏။ နောက်တစ်ပုဒ်ထပ်ရွတ်ပြဦးမလား ဆိုတော့ ...

"ရပါပြီ တစ်ပုဒ်ထဲနဲ့ လုံလောက်သွားပါပြီ"

ဟု အမြန်ပြောရ၏။ ဆက်ပြောကြရင်း နောက်ထပ်ပတ်မှာ သူ့ရဲ့ မွေးနေ့ဆိုတာ သိသွား၏။

"မွေးနေ့လက်ဆောင်ကြိုပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး စဉ်းစားမရ။ နောက်ကျမှ စားပွဲတင်ဝန်းအိုးထဲမှ နှင်းဆီပွင့်ကို ထူးရဲမင်းမြင်သွားခဲ့၏။

ထိုပန်းပွင့်ကိုဆွဲယူပြီး ဘေးကအခက်အလက်တွေ ဘာတွေ သေချာခြွေလိုက်သေးသည်။

"အစ်ကို အဲ့ဒါအလှထားတဲ့ ပန်းပါ ... ယူလို့မရပါဘူးခင်ဗျ"

ဟု စားပွဲထိုးအပြေးအလွှား လာပြောစဉ်မှာတော့ ထိုပန်းပွင့်ကို ဖြူစင်သူ့ နားတစ်ဘက်မှာ ထိုးစိုက်ပန်ပေးပြီးသား ဖြစ်နေလေပြီ။

တော်တော်အချိန်ကြာမှပင် ထိုအအေးဆိုင်မှ သူတို့ပြန်ထွက်ဖြစ်ကြ၏။

ပျော်ရဲ့လားဟု ဖြူစင်သူကို မေးသည့်အခါ ဘဝတစ်လျှောက် အပျော်ဆုံးနေ့ဟုပင် ဖြေလိုက်ချင်မိ၏။

နာရီကို လှမ်းကြည့်မိတော့ တော်တော်ပင်နောက်ကျနေချေပြီ။

ကိုသစ္စာတို့စိတ်ပူနေကြမှာ သိသော်လည်း ဂရုမစိုက်ချင်မိတော့ ...

ထူးရဲမင်းက အလိုက်တသိနှင့်

"အမြန်မောင်းပေးမယ်နော်"

တဲ့။ သို့သော် လမ်းတစ်ဝက်လောက်အရောက်မှာ မိုးကဝုန်းကနဲ ရွာချလာ၏။ တဖြည်းဖြည်း သည်းသထက်သည်းလာပြီး ရှေ့ဘက် မြင်ကွင်းများကို ကောင်းကောင်းမမြင်ရတော့ ...။

ပြီးတော့ ကားကလဲယားကွန်းလဲ မနိုင်ရာ ရေငွေ့တွေ မှန်မှာ ပိန်းပိန်းပိတ်အောင် သီးစို့နေကြ၏။

နောက်ဆုံး လမ်းနံ့ဘေးသို့ ကားကိုထိုးဆိုက်လိုက်ကြသည်။ မိုးအတန်ငယ်စဲသွားသည့်အထိ ကားထဲမှာထိုင်ရင်း တစ်ယောက်တို့ တစ်ယောက် စကားထပ်မဆိုမိကြ။

ဖွင့်ထားသော FM မှလည်း အချစ်သီချင်းတွေချည်း လွှင့်နေလေ၏။



သူတို့စိတ်ထဲတွင် တစ်လောကလုံး၌ သူတို့နှစ်ယောက်ထဲ ရှိနေသလို ခံစားရသည်။

အပြင်တွင် မိုးပြင်းပြင်းထန်ထန်ရွာနေသော်လည်း နှစ်ယောက်လုံးမှာ ရင်ခုန်သံမြန်စွာနှင့် နွေးထွေးငြိမ်းချမ်း၍ နေကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



[ ၁၈ ]

လွှဲနေသောဒန်းသည် ရုတ်တရက် ရပ်တန့်သွားကာ ညွတ်ကနဲ ဖြစ်၍သွား၏။

လှည့်မကြည့်ပါဘဲနှင့် ဒန်းပေါ်တွင်နံဘေးဘက် သွယ်သွယ်မေ လာဝင်ထိုင်မှန်း သိလိုက်သည်။ ဒန်းကိုမော့ကြည့်တော့ သံချောင်းတို့ဖြင့် ဆင်ထားသည်ကို မြင်မိ၏။ အင်း ... ပြုတ်မကျပဲ ခံနိုင်ကောင်းပါရဲ့။

"ကို ထူး ရဲ ဘာ လုပ် နေ တာ လဲ ဟင်"

သွယ်သွယ်မေသည် စကားတစ်လုံးနှင့်တစ်လုံးကို တော်တော်ခြားပြီးပြောခြင်းဖြစ်ရာ မြန်မာစကားပင်ဖြစ်သော်လည်း ထူးရဲမင်း ရုတ်တရက် နားမလည်သလို ဖြစ်သွား၏။



နောက်တစ်ကြိမ်ပြန်မေးရသည်။

"ဘာပြောတာလဲ"

"ဪ ကိုထူးရဲမင်းဘာလုပ်နေတာလဲလို့ မေးတာ"

"ထိုင်နေတာလေ၊ မမြင်ဘူးလား"

"ဘာထိုင်လုပ်နေတာလဲလို့ ..."

"ဒန်းစီးနေတာပေါ့ဗျ"

"ဟို ခုနက ပါးစပ်ကပွစိပွစိ ရွတ်နေတာကရော ...ဟင်"

ဒုက္ခပါပဲ၊ စကားကိုအယ်လိုလုပ်ပြီး ပြောနေသည်မသိ ချွဲမှုစ် နေလိုက်တာလဲ ရာဘာစေးက အဘခေါ်ရပေမည်။

စကားတစ်ခွန်းပြောလျှင် မျက်တောင်ကအခါ နှစ်ဆယ်လောက် ပုတ်ခတ်ပုတ်ခတ်လုပ်၏။ ကြည့်ရတာ မျက်ခမ်းစပ်ရောဂါများ ဖြစ်နေသလားမသိ။

စကားသံအလိုက် မေးကိုလည်း ဟိုထိုးဒီပင့်နှင့် ...

ဒီသွယ်သွယ်မေဆိုတဲ့ မိန်းမကြီးဟာ ဇော်လည်း ကောင်းကောင်းမခိုင်သေးဘူး ထင်ပါရဲ့။

"ပါးစပ်က ပွစိပွစိလုပ်နေတာ မဟုတ်ဘူးဗျ၊ သီချင်းဆိုနေတာ"

ဒေါသနည်းနည်းထွက်လာသဖြင့် စကားကိုဆောင့်ကြီးအောင့်ကြီးပြောလိုက်သော်လည်း ၎င်းက အလိုက်ကမ်းဆိုးမသိ။

"ဟင် ဘာသီချင်းဆိုနေတာလဲဟင်"

"ဆိုပြရမလား"

"အင်း ပေါ့"

သွယ်သွယ်မေ ခေါင်းကိုအလျင်အမြန်ညိတ်၏။ ထူးရဲမင်း ညစ်ကျယ်ကျယ်ဟန်ဖြင့် တစ်ချက်ပြုံးလိုက်သည်။

"နားထောင်နော် အမြည့်အစုံတော့မရဘူး ...

www.burmeseclassic.com

www.burmeseclassic.com



××× နှုတ်ခမ်းကိုပြုံအောင်ဖြဲပြီးတော့ ပြုံးရယ်ပြသလား
ရှိတ်စပီးယားပြဇာတ်ထဲက ဝက်ကလေးလား ×××
တက္ကစီကိုတက်စီးတော့ ဘီးကပြားသွား ×××
နွေနေပူမှာရပ်စောင့်ရင်း မြေတွေကျွံနေတုန်း ×××
ကမ္ဘာမြေပြားအောင်ပဲ နင်ဟာဝလို့မဆုံး ×××"

သီချင်းဆုံးသွားတော့ သူမတအီအီရယ်၏။ တမင်သူမကို နှိပ်ကွပ်လို့ နှိမ်ကွပ်မှန်းလဲမသိ။

"ကိုထူးရဲမင်းကြီးက သိပ်ရယ်ရတာပဲ"။

တဲ့။ လုပ်လိုက်ချေသေး၏။ ထပ်ငေါ်ဖို့ စကားလုံး စဉ်းစား၏။ ထိုစဉ်မှာပင် တစ်စုံတစ်ခုကို တွေးလိုက်မိသောကြောင့် သဘောထား ပြောင်းသွားသည်။

"ဒီနေ့ ဘယ်မှမသွားဘူးလားဟင်"

"မသွားတော့ဘူးလေ ... ဘာလို့လဲ"

"ဟို ... ကိုသစ္စာတို့နဲ့ မတွေ့တော့ဘူးလား"

"မတွေ့တော့ပါဘူး။ တစ်ရက်တလေလေး အိမ်မှာပဲနေမလား လို့"

ခြောရင်း ဘာစိတ်ကူးပေါက်သည်မသိ။ သွယ်သွယ်မေ ဒန်း ပေါ်မှရုတ်တရက် ထ,လိုက်သည်။ သို့သော် မတ်တပ်ရပ်သည်အထိ ထ,၍မရ။ အနည်းငယ်သာ ကြွတက်သွားပြီး သူ့ခန္ဓာကိုယ်အလေးချိန် ကြောင့် (သူ့ကိုယ်သူမနိုင်ဘဲ) ဝုန်းကနဲ ပြန်ပြုတ်ကျ၏။

ဒန်းကိုချိတ်ဆိုင်းထားသော သံချောင်းများ တကျွီကျွီမြည်ကာ လှုပ်ခါသွားသည်။

သံနဲ့လုပ်ထားတဲ့ ဒန်းမို့တော်ပါသေးရဲ့၊ ရှီးရှီးကြိုးနဲ့သာဆို လို့ကတော့ ကောင်းကောင်းပြုတ်ကျနေလောက်ပြီ။ ဒါကြောင့်မို့လဲ ဒီအမရေတွေကြိုမြင်လို့ ခိုင်ခိုင်ခန့်ခန့် လုပ်ထားပုံပေါ်၏။



"ဒီနေ့ ဟို ... ဖြူစင်သူဆိုတဲ့ ကောင်မလေးရဲ့မွေးနေ့ဆို၊ မသွားဘူးလား"

"မသွားတော့ပါဘူး။ သူတို့ဖာသာပဲ လွတ်လွတ်လပ်လပ် သွားကြပါစေ"

ဘယ်လိုဟာကြီးလဲ မသိ။ လူမှုရေးလည်း သိပုံမရ။ တစ်ဘက် သားမွေးနေ့ကိုလဲ အရေးစိုက်ပုံ မရှိလှပါ။

မနေနိုင်တော့သည့်အဆုံး ထူးရဲမင်းသိသိသာသာကြီး ဆွဲ ဆောင်ရတော့၏။

"ကျွန်တော် ဒီနေ့နဲနဲပျင်းသလို ရှိလို့ဗျ အပြင်လေးဘာလေး များသွားမလားလို့"

"ဟုတ်လား အပြင်သွားချင်လို့လား။ ရတယ်လေ ... သွယ်နဲ့ လျှောက်သွားကြတာပေါ့"

ထုံးနှင့်ဆန္ဒွင်း ရောလိမ်းလိုက်သလို မျက်နှာဝင်းကနဲ ဖြစ်ကာ အားတက်သရောပြောလိုက်သော သွယ်သွယ်မေ့ စကားကြောင့် ထူးရဲမင်းမှာ ယမ်းမလွဲစေရန် အမြန်ဖြတ်ပြောရ၏။

"ဟို ... နှစ်ယောက်ထဲဆိုတော့လဲ မကောင်းဘူးလေ လူများ မှပေါ့"

"ရတယ်လေ။ ဒရိုင်ဘာကြီးပါမှာပဲ ... သုံးယောက်ပေါ့"

"အဲ့လိုလဲ မဟုတ်ဘူးလေ။ လူငယ်တွေချည်းမှ ကောင်းမှာ ပေါ့၊ ကိုသစ္စာတို့နဲ့သွားနေကျဥစ္စာ၊ သူတို့နဲ့ပဲသွားရအောင် ပါ။ ပြီးတော့ ဟိုတစ်ယောက်မွေးနေ့ဆိုတော့ ပိုလဲပျော်စရာ ကောင်းတာပေါ့"

သို့သော် ဘုတ်ထိုင်းကြီးက သိပ်သဘောကျတော်မမူ

www.burmeseclassic.com

www.burmeseclassic.com



"အီး … အဲ"

လုပ်နေပြန်၏။

သွယ်သွယ်မေ့ လက်မောင်းကိုကိုင်ကာ ထူးရဲမင်း လှုပ်ယမ်းလိုက်မိသည်။

"လွှပ်ပါကွာ၊ သူတို့ဆီ ဖုန်းဆက်လိုက်စမ်းပါနော်"

သူကတော့ ဘာရယ်မဟုတ်ဘဲ လက်ကိုင်မိခြင်းပါ။ ဒါကိုပင် သွယ်သွယ်မေက အီစီကလီလုပ်သွား၏။

"အို"ဆိုပြီး သူမလက်မောင်းကို ရုန်းထွက်သည်။ ပြီးတော့ မျက်နှာချက်ချင်းလွှဲ၊ လှကိုလှဲ နောက်တက်ယိမ်းသွားပြီး သူ့ကိုချက်ချင်း ပြန်ကာခိုးကြည့်၏။

ရှက်သွားသည်ဆိုသည့် သဘော …။ တကယ့် အကယ်ဒမီ ရှော့ပင်ဖြစ်၏။

သူစိတ်ရှည်တော့ …

"လာပါကွာ"

ဟု သူမလက်မောင်းကို ပိုင်ပိုင်နိုင်နိုင်ကြီးဆွဲယူကာ ထူလိုက်၏။

သို့သော် သူ့ကိုယ်နှစ်ဆမကရှိသော သွယ်သွယ်မေ့ကို သူ ဘယ်လိုနိုင်ပါမည်လဲ။

သူကသာမတ်တပ်ဖြစ်သွား၍ သွယ်သွယ်မေကတော့ ဒန်းပေါ်မှ မကြွရေးချ မကြွ။

လက်မောင်းကိုင်သဖြင့် သူမနောက်တစ်ကြိမ်ထပ်မရှက်ပြခင်

"လာပါကွာ … လာပါ"

ဟု ဆက်ခါဆက်ခါ တိုက်တွန်းရ၏။

ထိုအခါမှ သွယ်သွယ်မေက မျက်စောင်းထိုး၍ မျက်နှာမဲ့

"သိပ်ဆိုးတာပဲ … ဘာမှန်းလဲမသိဘူး"



ဟု လှုပ်လီလှုပ်လဲ့ထ၏။

သို့သော် ကောင်းကောင်းမထ။ ထူးရဲမင်းလက်မောင်းတစ်ဖက်ကို အားယူခိုတွဲကာထရပ်၏။

ရုတ်တရက်မို့ ထူးရဲမင်းတောင့်မခံမိ။

သွယ်သွယ်မေ့ ဝိတ်ကို မနိုင်သောကြောင့် ဝုန်းကနဲ ဒန်းပေါ် ပြုတ်ကျသွား၏။

သွယ်သွယ်မေ့မှာတော့ ထို့ဗိုသာ စိတ်စောမိသည်ထင်သည့် ဒန်းပေါ်ပြုတ်ကျလာသောသူ့ပခုံးကိုပင် ဗိတွန်းအားယူကာ ရအောင်ထရပ်လေ၏။

သူ့မှာနှစ်ခါနာဖြစ်ရသည်ပေါ့။

ပြီးတော့မှ ဒင်းတ ပြုံးဖြဲဖြဲဖြင့်

"နာသွားလားဟင်"

တဲ့။ ဖြူစင်သူနှင့် တွေ့ချင်နေသဖြင့်

"ရတယ် … ရတယ်"

ဟုသာ သူပြောဖြစ်သည်။

မြီးညှောင့်ရိုးရော၊ မခုံးရိုးရောမှာတော့ အောင့်သလိုလို၊ ကိုက်ခဲ သလိုလိုဖြင့် …

သို့သော် ဖြူစင်သူနှင့်တွေ့၍ မွေးနေ့လျှောက်လည်ကြသည့် အခါ သူထိုဝေဒနာအားလုံးကို မေ့ထားနိုင်ခဲ့၏။

ထို့မျှမက … ဘုရားသွားကြသေးသည့်အတွက် ဆုံရသော မိနစ်သာက သူနှင့်သွယ်သွယ်မေအား ထပ်မံခံနေ့သည်ကိုလဲ အပြုံးမပျက် သူရင်ဆိုင်နိုင်ခဲ့ပါသည်။

ကြည့်ရတာတော့ ဖြူစင်သူသာ နံဘေးမှာပါနေလျှင် မီးကျ ထိုက်ဆန်နဲ့လည်း အပြုံးမပျက် လက်ဝှေ့ယှဉ်ထိုးဖုံလိမ့်မည်ထင်၏။ အေးရှိကားတော့ အနားမှာ အသင့်စောင့်နေရမှာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



[ ၁၉ ]

ထိုသို့ဖြင့်ပင် ...

သွယ်သွယ်မေ့ကိုအကြောင်းပြု၍ သူနှင့်ဖြူစင်သူတို့ အကြိမ်များစွာ ဆုံဖြစ်ခဲ့ကြ၏။

ထိုသို့ဆုံရန်လည်း မကြာခဏပင် အကြောင်းပြုရလေသည်။ ခပင်ခြေတွေကတော့ တစ်ခေါက်တစ်မျိုး မရိုးရအောင်ပေး၏။

တကယ်တော့ ထူးရဲမင်းရော ဖြူစင်သူပါ ဒီလူဝကြီး နှစ်ယောက်ကို ခုတုံးလုပ်နေကြခြင်းဖြစ်၏။ သူတို့နှလုံးသားတွေအတွက် ခုတုံးဝဝကြီးတွေပေါ့လေ။



ပြန်တွေးကြည့်ရင်တော့လည်း တရားပါသည်။

ဒီလူဝကြီးတွေကြောင့် သူတို့စိတ်ညစ်ခဲ့ရ၏။ ယခုတော့ ခင်းတို့ကို အသုံးချ၍ပင် စိတ်ပျော်ရွှင်မှုလေးတွေကို ပြန်ယူရဦးမည်။

ထူးရဲမင်းနှင့် ဖြူစင်သူမှာ တစ်ယောက်မျက်နှာတစ်ယောက် တွေ့သည်နှင့် စိတ်ချမ်းသာပျော်ရွှင်သွားသည်ချည်း။ လူဝကြီးနှစ်ယောက် အလယ်တွင် တစ်ယောက်မျက်နှာ တစ်ယောက်ခိုးကြည့်၊ တစ်ယောက်ကို တစ်ယောက် မထိတထိ စ,နောက်ရင်းဖြင့်ပင် သူတို့အတွက် ကြည်နူးစရာလေးများကို ဖန်တီးဖြစ်ကြ၏။

သူတို့နှစ်ယောက်ဆုံလိုက်သည်နှင့် သူတို့နှစ်ယောက်မှလွဲ၍ လောကကြီးတစ်ခုလုံးကိုပင် မေ့သွားသလိုလို။

အနားက လူဝကြီးတွေ ရိပ်မိသွားမလားဆိုသည်ကိုလည်း သိ၊ ဂရုလည်းမစိုက်။ သူတို့ဆုံဆည်းနေသမျှ အတိတ်ရော၊ အနာဂတ်ကိုပါမေ့လို့ သူတို့နှစ်ယောက်၏ လက်ရှိအချိန်ကာလတို့သည်သာ အရေးကြီး တန်ဖိုးထားစရာများ ဖြစ်နေလေတော့၏။

ထို့ကြောင့်ပင် မလွဲမသွေကျရောက်လာသောကံကြမ္မာ အချိုးအကွေ့တစ်ခုကို ရင်ဆိုင်ရသောအခါ သူတို့ကြိုသိနေလျက် လုံးဝမျှော်လင့်မထားသလို ဖြစ်ခဲ့ရခြင်းပင်ဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



[ ၂၀ ]

ထိုသတင်းစကားကို သွယ်သွယ်မေ့ဆီမှ ထူးရဲမင်းကြားသိရခြင်းပင်ဖြစ်၏။

ဖြူစင်သူတို့ စေ့စပ်တော့မည် ... တဲ့။

ကြားလိုက်ချင်းမှာပင် ထူးရဲမင်း နှာခေါင်းချင်လျက် နှပ်မထွက်သူလို မျက်ရည်လေးဝဲတဲတဲ မရှိုးမရွဖြစ်သွား၏။

နဂိုကတော့ သူ သွယ်သွယ်မေ့ ကာယသင်တန်းဆီ ပျော်ပျော်ရွှင်ရွှင်နှင့် လာကြိုခြင်းပါ။ ဒီသင်တန်းမှာ ကိုသစ္စာနှင့်ပါလာသော ဖြူစင်သူ့ကို ဆုံဆည်းနေကြမဟုတ်လား။



သို့သော် သင်တန်းအောက်၌ ကမ္ဘာကြီးကို အလေးပိုအောင် ခုကွပေးနေသော သွယ်သွယ်မေကြီးတစ်ယောက်သာ တောင့်တောင့်ကြီးရပ်လျက်မြင်ရ၏။

“ကိုသစ္စာတို့ရော”

ဟု မေးကြည့်တော့

“စေ့စပ်ပွဲအတွက် အလုပ်ရှုပ်နေလို့ သင်တန်းမတက်ပါ”

တဲ့။ နောက်တစ်ပတ်ထဲတွင် သူတို့စေ့စပ်တော့မည့်အကြောင်းစုံကို သိရ၏။

ထူးရဲမင်းမှာ ပစောက်ယပင်းရေးချာနှင့်ရော ပစောက်ရုရှ်ရေးချာနှင့်ပါ “ပျာ” သွားတော့သည်။

အိမ်ကို ဘယ်လိုကားပြန်မောင်းလာခဲ့မှန်းမသိ။

လျှောက်ဝင်တိုက်မိမည်စိုးသဖြင့် သွယ်သွယ်မေကပင် ခဏခဏ သတိပေးရသည်။

ထိုနေ့တစ်နေ့လုံး သူ့မှာ ဖင်သွေးစုနာပေါက်သလို နေမရထိုင်မရ။

နောက်နေ့တွေမှာလဲ ထိုအတိုင်း။

သွယ်သွယ်မေ့ကို ဖြူစင်သူ့အိမ်ဖုန်းနံပါတ်မေးပြီး ဖုန်းတွေဆက်သည်။ ဖြူစင်သူ့အဖေကြီး လာလာကိုင်သည်နှင့်သာ တိုးသဖြင့်ဖုန်းချချပစ်ရ၏။

နောက်တော့ ဖြူစင်သူ့အိမ်လိပ်စာမေးပြီး အိမ်နား ကားတစ်စီးဖြင့် မယောင်မလည်သွားစောင့်၏။

ထိုသို့ သူ ဂနာမငြိမ်မှုကြောင့် သွယ်သွယ်မေ့ကို တစ်စစ မေ့မိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သူအိမ်နား သွားစောင့်သဖြင့်လည်း ဖြူစင်သူ့ညီမလေး ချမ်းမြေ့သူက လှမ်းတွေ့ကာ သတိထားမိသွားသည်။

ဖြူစင်သူနဲ့တော့ သူ တစ်ကြိမ်မှ မဆုံရ။

ထိုရက်ပိုင်းများတလျှောက်၌ ထူးရဲမင်းသည် ဝမ်းနည်းပက်လက်ရော၊ ဝမ်းနည်းမှောက်ခုံရော၊ ဝမ်းနည်းမတ်တပ်ရော၊ ဝမ်းနည်းငုတ်တုတ်ရော၊ ဝမ်းနည်းခြင်းမျိုးစုံဖြင့် ဝမ်းနည်းခြင်းမက ဝမ်းနည်းနေလေတော့၏။

❖ ❖ ❖



[ ၂၁ ]

ဖြူစင်သူအဖို့မှာတော့ မိန်းကလေးမို့ ဝမ်းနည်းကြေကွဲမှုကို သိသိသာသာ ပြခွင့်မရ။

စေ့စပ်ပွဲမတိုင်မီကာလတစ်လျှောက်လုံး၌ စိတ်မချမ်းသာမှုကို ရင်ထဲကြိတ်မှိတ်ကာ မျိုသိပ်ခဲ့ရ၏။

စေ့စပ်ပွဲပြီးလို့ ဧည့်သည်လူကြီးတွေ ပြန်သွားကြချိန်၊ အဝတ်အစားလဲရန် သူမအခန်းဆီ ပြန်ဝင်လာချိန်၊ ချမ်းမြေ့သူနှင့် သူမနှစ်ယောက်ထဲရှိစဉ်မှာတော့ ရင်ထဲက ခံစားမှုများ ရှုန်းကြွထွက်ပေါ်လာလေတော့၏။

စေ့စပ်ပွဲအဝတ်အစားကြီးဖြင့်ပင် မှန်တင်ခုံရှေ့ထိုင်လျက် တရှုံ့ရှုံ့ငိုချလိုက်သော ဖြူစင်သူ့ကိုကြည့်၍ ချမ်းမြေ့သူမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်လဲ သနားသွားသည်။

ဖြူစင်သူ့ကိုယ်လေးကို နောက်က သိုင်းဖက်ကာ

"မငိုနဲ့ တိတ်တိတ်"

ဟု ချော့၏။ ထိုအခါမှပင် ပိုငိုနေပြန်၏။

မျက်ရည်တွေ သုတ်ပေးလိုက်၊ ဆံပင်တွေကို ပွတ်သပ်လိုက်နှင့် မည်မျှပင်ချော့သော်လည်း ဟိုက လုံးဝမတိတ်။

ခေါင်းလေးကိုကုတ်ကာ ချမ်းမြေ့သူတစ်ယောက် ...

"ကြည့်ရတာ ဦးဒလိမ့်တုံးကြီးနဲ့ စေ့စပ်ရလို့ တော်တော် စိတ်ညစ်သွားတယ်နဲ့တူတယ်"

ဟု ရေရွတ်မိခဲ့ချေ၏။ ပြီးတော့ ဖြူစင်သူ့မျက်နှာကို လှမ်းကြည့်၍ ...

"မမမှာ ချစ်သူရှိနေလို့လားဟင်"

ဟု မေးလိုက်သည်။ ဖြူစင်သူက အငိုခေတ္တရပ်သွားသော်လည်း ပြန်မဖြေ။ ပြီးတော့ ပြန်ငိုပြန်၏။

"ဒါမှမဟုတ် အိစီကလီတွေ ရှိနေတယ်မဟုတ်လား"

ချမ်းမြေ့သူ လက်ညှိုးလေးတစ်ချောင်းထောင်နှင့် ထပ်မေးလိုက်သည်။ ငိုနေရင်းမှပင် ဖြူစင်သူမှာ ရှက်သွားဟန်ဖြင့်

"တယ် ... ဒီကလေးလေး၊ ဘာတွေလာမေးနေတာလဲ"

ဟု ဗလုံးဗထွေးပြော၏။

ချမ်းမြေ့သူမှာ ခေတ္တစဉ်းစားနေပြီးမှ အတွေးတစ်ခုရဟန်ဖြင့် အခန်းအပြင် ပြေးထွက်သွားခဲ့လေ၏။

အခန်းအပြင်ရောက်တော့ ဧည့်ခန်း၌ အသင့်ရှိနေကြသော မိဘများကို စပ်တည်တည်သွားမေးလိုက်သည်။

"အဖေတို့ အမေတို့က မမကို ဦးဒလိမ့်တုံးကြီးနဲ့ ဘာလို့ စီစဉ်ကြတာလဲဟင်"



မိဘနှစ်ပါး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ ပြီးမှ ... သူတို့ရှေ့မှာ ခါးလေးထောက်ကာလာမေးသော သမီးငယ်ကို ငုံ့ကြည့်ရင်း ပြုံးစစဖြင့် ...

"သင့်တော်မယ်ထင်လို့စီစဉ်တာပေါ့ သမီးရဲ့"

"ဟင် သင့်တော်မယ်ထင်တာနဲ့ စီစဉ်တာပဲလား"

"ဒီလိုရှိတယ်လေသမီးရဲ့၊ သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့ စကားရှိတယ်"

"ဒါဆို မမက အခုမစီစဉ်ရင် အခါလင့်သွားမှာမို့လား"

ခပ်ပေါ့ပေါ့မှတ်ပြီး ကြည့်ကောင်းအောင်ပြောမိသော အမေလုပ်သူ ခေါင်းကုတ်၏။ သေးက အဖေကြီးကို စစ်ကူတောင်းသလို ကြည့်သည်။

အဖေကြီးကလည်း ရုတ်တရက် အဖြေရှာကြပ်နေ၏။

"အဲဒီလိုတော့လည်း မဟုတ်ဘူးလေ"

"မေမေတို့ကလည်းနော် ဘာမှ ရေရေရာရာ အကြောင်းပြချက်လည်းမရှိဘဲနဲ့ မမကို အတင်းစီစဉ်ကြတာပဲ၊ ပြီးတော့ ဒီကိစ္စက ဦးဒလိမ့်တုံးကြီးနဲ့စီစဉ်မှ ဖြစ်မှာမို့လား"

"သူနဲ့မှဖြစ်မှာရယ်တော့ မဟုတ်ဘူးပေါ့"

"ဒါဆို တခြားသူနဲ့ပြောင်းစီစဉ်ရင်လည်း ရတယ်ပေါ့ ဟုတ်လား"

ချမ်းမြေ့သူ၏ အားတက်သရောအမေးကို မိဘနှစ်ပါးက ပျာပျာသလဲ ဖြေရသည်။

"အဲ့လိုပြောင်းဖို့တော့လည်း ဘယ်လွယ်မလဲထေ"

"မလွယ်ရော ဘာဖြစ်လဲ ဖေဖေပဲ အရင်ကပြောဖူးတယ်လေ၊ လောကမှာ ဘယ်အရာမှ မလွယ်ဘူးဆို၊ ပြီးတော့ အလွယ်လမ်းလိုက်တာမကောင်းဘူးဆို။ ဖေဖေတို့မှာ အလွယ်လမ်း မလိုက်ကြနဲ့၊ မှားမယ်"

www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးလုံး ဘာဖြေရမှန်းမသိဘဲ သက်ပြင်းတွေချကုန်သည်။ သူတို့ အကြပ်ရိုက်နေပုံကိုမြင်သော ချမ်းမြေ့သူက လက်ဝါးကာပြ၍

“ကဲပါလေ၊ ပြီးတာတွေလည်း ပြီးပါစေတော့။ ဒါပေမယ့် ခုလို လွှယ်လွှယ်စီစဉ်တာ သိပ်မကောင်းဘူး သိလား၊ ဒါက ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ကိစ္စလေ၊ ဖေတို့ မေတို့က သိပ်အလျင်လိုတာကိုး”

သူ့ဟာသူ ပြောချင်ရာပြောပြီးတော့ မိဘနှစ်ပါး ဘာမှမတုံ့ပြန်နိုင်မီ အခန်းထဲ ပြန်ဝင်သွားလေ၏။

မိဘနှစ်ပါးမှာ ခေါင်းရှုပ်ကာသာ ကျန်ခဲ့ရလေသည်။

မတတ်ပလေး ချမ်းမြေ့သူမှာ အခန်းထဲရောက်သည့်အခါ ဖြူစင်သူ့ကို ထပ်မေးသည်။

ထိုအခါမှပင် ထူးရဲမင်းနှင့်ပတ်သက်သော အကြောင်းအရာများကို သိခွင့်ရခဲ့လေ၏။

❖ ❖ ❖



[ ၂၂ ]

ထူးရဲမင်းမှာတော့ လွမ်းကောင်းခြင်းမလွမ်းရဆိုသော အဖြစ်ကို ခံစားနေရလေ၏။

သူတို့တစ်မိသားစုလုံး မန္တလေးပြန်ကြတော့မလို့ဖြစ်သည်။

သွယ်သွယ်မေတို့ကိုလည်း ကြည့်ကောင်းအောင်ပြောခဲ့ပြီး ထူးရဲမင်းနဲ့ နှစ်ဖက်စီစဉ်ထားသောကိစ္စကို နောက်မှ အေးအေးဆေးဆေး ဖျက်သိမ်းလိုက်မည်။

ရန်ကုန်မြေကို ထူးရဲမင်း နောက် ဘယ်တော့မှ လာစရာမရှိတော့။ ဖြူစင်သူနှင့်လည်း ဒီတစ်သက် ဝေးကြပြီ။

ကဲ ... ဘယ်လောက်များ လွမ်းစရာကောင်းလိုက်ပါသလဲ။

သို့သော် သူ့အလွမ်းကို လွတ်လွတ်လပ်လပ်ပြခွင့်မရ။

www.burmeseclassic.com



ပစ္စည်းတွေသိမ်းရင်း မိဘနှစ်ပါးက ပွစိပွစိ ရန်ဖြစ်နေကြပြန်၏။

မန္တလေးအပြန် သယ်ပိုးရမည့်အထုပ်အပိုးများကို သုံးစုခွဲသည်။ သူတို့သားအမိ၊ သားအဖသုံးယောက် တစ်စုစီ သယ်ပိုးကြမည်ပေါ့။

ဖြီးတော့ထုံးစံအတိုင်း မိဘနှစ်ပါးအချင်းများကြသည်။ သူ့အထုပ်က များသည်၊ ငါ့အထုပ်က များသည်ပေါ့။ နောက်ဆုံး ဦးစိုးမင်းက စိတ်မရှည်တော့ဘဲ ပေါင်ချိန်စက်ကြီးတစ်ခု အိမ်ရှင်များထံမှ သွားငှားချလာ၏။

ထို့နောက် ပစ္စည်းပစ္စယတစ်ခုချင်းကို ပေါင်ချိန်စက်ပေါ်တင်ကာ ထုတ်ချိန်ပြလေ၏။ ဒေါ်ခင်မြှရီကလည်း အားကျမခံ ဂဏန်းပေါင်းစက်သွားငှား၍ ဘေးမှတစ်ခုချင်းလိုက်တွက်ချက် နေလေသည်။

လူကလွှမ်းချင်ချင်မှာ သူတို့၏ ကြွက်စီစီအသံများကြောင့် အလွမ်းရှိန်မတက်နိုင်ရှာသော ထူးရဲမင်းခမျာ ခြံဘက်သို့သာ ထွက်လာခဲ့မိလေတော့၏။

ထိုသို့ သူထွက်လာလိုက်သည်မှာလည်း ကွက်တိဖြစ်သွားသည်။

ခြံဘက်တွင် အလောသုံးဆယ်ဖြစ်နေသော ချမ်းမြေ့သူမှာ စုံထောက်ဦးစံရှားပီပီပေါ်သော အိမ်ဖော်မလေး မိချိုနှင့် ရင်ဆိုင်ရကာ ဒုက္ခတွေ့နေလေ၏။

"ဟုတ်ပြီ၊ ညီမလေးနာမည်က ချမ်းမြေ့သူနော်၊ မိဘတွေကရော"

"ဟို ... သမီးက ဒီက ကိုထူးရဲမင်းနဲ့တွေ့ချင်လို့ပါ"

"အေးပါ တွေ့ရပါမယ်၊ အစ်မမေးတာကို ဖြေပါဦး၊ ညီမလေး မိဘတွေနာမည်က"

"ဦးစိုးပိုင်နဲ့ ဒေါ်စုစုပါ"



"နေတာကရော ..."

"သမီးက ကိုထူးရဲမင်းနဲ့တွေ့ဖို့ အရမ်းရေးကြီးနေလို့လေ အဲဒါ"

"တွေ့ရမှာပေါ့၊ မေးတာကို အရင်ဖြေဦးလေ"

"အင်း ... ပါရမီမှာ နေတာပါ"

"ပါရမီ ဘယ်နေရာလဲ"

ထိုစဉ်မှာတော့ ထူးရဲမင်းက ထိုအနားရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။ သူ့နာမည်ကြားသဖြင့် ချမ်းမြေ့သူကို လှမ်းမေးလိုက်သည်။

"ညီမလေး၊ ဘာကိစ္စလဲ"

ချမ်းမြေ့သူက ထူးရဲမင်း မျက်နှာမြင်လိုက်သည်နှင့် အားတက်သွားသည်။

"သမီးက မမဖြူစင်သူရဲ့ညီမပါ"

ထိုစကားကြားသည်နှင့် ထူးရဲမင်း ဘာမှဆက်မမေးနေတော့။ ခြံတံခါးတွန်းဖွင့်ကာ ချမ်းမြေ့သူနောက် ချက်ချင်းလိုက်ခဲ့လေတော့၏။

မိချိုတစ်ယောက်သာ သူမ၏စုံစမ်းမေးမြန်းခြင်းအလှုကို အပြီးမသတ်နိုင်ခဲ့၍ ထိုနေရာ၌ မကျေမချမ်းကျန်ခဲ့သည်။

သို့သော် ခဏနေ သွယ်သွယ်မေက မေးစဉ်မှာတော့ သူမ အချက်အလက် တော်တော်များများ ဖြေဆိုနိုင်ခဲ့ပါ၏။

"ဟဲ့ မိချို၊ ကိုထူးရဲမင်းတစ်ယောက် သခွပ်သဲဓာနဲ့ ဘယ်ထွက်သွားတာလဲ"

"ဟို ... ပါရမီရပ်ကွက်မှာနေတဲ့ ဦးစိုးပိုင်၊ ဒေါ်စုစုရဲ့သမီး မဖြူစင်သူရဲ့ ညီမ ချမ်းမြေ့သူဆိုတဲ့ ကောင်မလေးက ဗင်ပ ဖော်ဗကော အရေးကြီးတဲ့ ကိစ္စရှိလို့ ကားနဲ့ခေါ် xx ထမ်းသားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ကားလေးနဲ့ လာခေါ်သွားပါတယ်ရှင့်”

သူမအဖြေကြားသည့်အခါ သွယ်သွယ်မေ ဆတ်ကနဲဖြစ်သွားသည်။

“ကိုသစ္စာကားပဲ”

ဟုရေရွတ်ကာ ဖုန်းသွားဆက်လေတော့၏။

❖ ❖ ❖



[ ၂၃ ]

ကားပေါ်ရောက်တော့မှ ချမ်းမြေ့သူက ထူးရဲမင်းကို ရှင်းပြသည်။

“မမဖြူစင်သူကလေ စေ့စပ်ပွဲပြီးတော့ ငိုလိုက်တာ အရမ်းပဲ၊ သူက ငယ်ငယ်ထဲက အိမ်မှာအအေးဆုံးဆိုတော့ ဘယ်တော့မှ သူ့ဖြစ်ချင်တာကို ရှေ့တန်းမတင်ဘူး။ အခုသူစိတ်ဆင်းရဲနေတာမြင်တော့ စိတ်မကောင်းတာနဲ့ သမီးကပဲ စီစဉ်ပေးနေတာ”

“အခုလို အစ်ကို့ကိုလာခေါ်ဖို့ရော သူပဲပြောတာလား”

“ဟင့်အင်း ...၊ သူက ဖွင့်မပြောတတ်ပါ။ သူဖြစ်ချင်တာကို သိတဲ့သမီးကပဲ စီစဉ်ပေးရတာပေါ့။”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်ပါလား၊ အစ်ကိုနေတဲ့အိမ်ကိုရော၊ ညီမလေး ဘယ်လိုသိလဲ"

"ဒီက ဒရိုင်ဘာကြီးသိတယ်လေ၊ သူက ဦးသစ္စာရဲ့ ဒရိုင်ဘာကြီးပဲ။ ဦးသစ္စာ သမီးတို့အိမ်လာတုန်းအလစ်မှာ ဒီဒရိုင်ဘာကြီးကို အကူညီတောင်းပြီး သမီးတို့လစ်ထွက်ခဲ့တာပေါ့"

ထူးရဲမင်း ရယ်မိ၏။

"ညီမလေးက တကယ်တော်တာပဲ"

"မတော်ပါဘူး၊ အစ်ကိုကသာပိုတော်တာ"

"ဟင် ... ဘာလို့လဲ"

"သမီးအစ်မလို အေးအေးလေးကို ပူပူလေးဖြစ်သွားအောင် လုပ်နိုင်လို့လေ"

ပြီးတော့ နှစ်ယောက်လုံးရယ်မိကြသည်။

တစ်ခါက သူတို့အတူထိုင်ခဲ့ဖူးသော အအေးဆိုင်လေးဆီ အရောက်မှာတော့ ထိုင်ခုံတစ်ခုံ၌ လည်လေးတမော့မော့ဖြင့် ဖြူစင်သူက အသင့်စောင့်ကြိုလျက် ...

ထူးရဲမင်းကို ချထားပြီး ချမ်းမြေ့သူနှင့်ကား ပြန်ထွက်သွားခဲ့၏။

ထူးရဲမင်းနှင့် ဖြူစင်သူတို့ နှစ်ယောက်မှာတော့ ...

တစ် ... ကြည့်

နှစ် ... ပြုံးလာ

သုံး ... လက်ချင်းဆက်

လေး ... မွှေးဖက်

ငါး ... နမ်းနိုင်ပြီ။

ဆိုသော အစဉ်အတိုင်းပင် နှစ်ယောက်တွေ့သည်နှင့် ရင်ထဲမှ ခံစားချက်များ ပေါက်ကွဲပွင့်အံကုန်ကြလေ၏။

ယခုမှပင် သူတို့နှစ်ယောက် တိတိလင်းလင်း ချစ်သူများဘဝသို့ ရောက်ခဲ့ရသည်။



အအေးဆိုင်လေးထဲမှာ သူတို့ချည်းရှိနေသယောင် ထင်မြင်မိကြသည်။

ထူးရဲမင်းက ချစ်တယ်ဆိုသောစကားကို တဖွဖွပြော၏။ ကြာတော့ အခွန်းချင်းဆက်ကာ စကားပင်မပီတော့

"ချက်တယ် ... ချက်တယ်"

ဖြစ်ကုန်ကြလေ၏။

ထိုသို့ သူတို့အချက်ကောင်းနေကြစဉ်မှာ

ကိုသစ္စာက သူ့ဆီပြန်ရောက်လာသော ဒရိုင်ဘာကို (သွယ်သွယ်မေ ဖုန်းဆက်ထားချက်အရ) အစ်အောက်မေးရာ အကြောင်းစုံ သိသွားခဲ့လေ၏။

ချက်ချင်းပင် သွယ်သွယ်မေ့ကို ဝင်ခေါ်ပြီး ထိုဆိုင်ဆီသို့ သူတို့ ထွက်လာခဲ့ကြလေ၏။

ဘာမှမသိရှာသော ထူးရဲမင်းနှင့်ဖြူစင်သူတို့ နှစ်ယောက်မှာတော့ လွတ်လွတ်လပ်လပ် ကြင်နာယုယနေကြဆဲ ...

ကိုသစ္စာတို့ ဆိုင်ထဲဝင်လာစဉ်မှာလည်း တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ကာ စကားတို့တွတ်တွတ်ထိုးနေကြဆဲဖြစ်၏။

သွယ်သွယ်မေနှင့် ကိုသစ္စာသည် အအေးဆိုင်ထဲဝင်လာပြီး သည်နှင့် ထူးရဲမင်းတို့ဆီ ရင်ဘောင်တန်းကာ လျှောက်လာကြလေ၏။

သူတို့ကိုယ်ခန္ဓာကြီးတွေနှင့် ရင်ဘောင်တန်းလာကြတာ ဆိုတော့ ဆိုင်ကလေးထဲတွင် ပြင်ပမှဝင်နေသော အလင်းပင်ပိတ်သွားပြီး အမှောင်ရိပ်ရှည်ကြီးကျရောက်လာသလိုရှိ၏။ ထိုအမှောင်ရိပ်ကြီးမှာ ချစ်သူနှစ်ဦးထံ တရွေ့ရွေ့တိုးကပ်သွားလေ၏။

ပြီးတော့ စစ်ရေးပြသလို ညီညီညာညာ လှမ်းကြသော သူတို့ ခြေလှမ်းတွေကလည်း အအေးဆိုင်ကလေး၏ ကြမ်းပြင်ကိုပင် တုန်ခါစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို မြင်ကတည်းကပင် ထူးရဲမင်းနှင့်ဖြူစင်သူမှာ ဝုန်းကနဲ ထရပ်မိကြ၏။ ဆုပ်ကိုင်ထားမိသော လက်တို့ကိုတော့ မဖြုတ်မိသေး။

အနားရောက်သည်နှင့်ပင် ကိုသစ္စာမှာ ထူးရဲမင်းဘက် မျက်နှာမူကာ သူတို့၏ဆွဲကိုင်ထားသော လက်နှစ်ဖက်ကြားသို့ ဖျပ်ကနဲ တိုးဝင်လိုက်သည်။

သူ့ကိုယ်ခန္ဓာ၊ သူ့အားကြီးနှင့် ဝင်တိုးတာဆိုတော့ ထူးရဲမင်းနှင့် ဖြူစင်သူ၏ လက်ကလေးတွေလည်း အချင်းချင်းကိုင်ထားရာမှ ပြုတ်ထွက်သွားရသည်ပေါ့။

ဖြူစင်သူမှာ နဂိုက အေးဆေးသူလေးမို့ တုန်ရီ၍ပင်နေသည်။

ထူးရဲမင်းက သူမကိုနှစ်သိမ့်နိုင်ရန် မျက်နှာချင်းဆိုင်ဖို့ လုပ်၏။ သို့သော် ကိုသစ္စာက ကာထားလေ၏။

ကိုသစ္စာကို ကျော်ကြည့်ဖို့လုပ်ပြန်တော့လည်း ယင်းက သူ့ကိုယ်ကြီးကို ဝေ့ယမ်းကာ လိုက်ကွယ်နေသဖြင့် ကြည့်မရ။

ဒီလောက် ဆင်ခန္ဓာကြီးနဲ့ကွယ်ထားမှတော့ ဘယ်မှာ ကြည့်လို့ရပါမည်လဲ။

နံဘေးတွင် သွယ်သွယ်မေကတော့ ပွဲကြည့်ပရိတ်သတ်တစ်ယောက်လို ခါးထောက်လျက်။ နှုတ်ခမ်းတို့မဲ့ကာ မျက်နှာကိုချိုး၍ထားလေ၏။

ထူးရဲမင်း ဘေးသို့ ဖျပ်ကနဲ နေရာရွှေ့သည်။ ကိုသစ္စာကသည်း လိုက်ရွှေ့၏။

သို့ဖြစ်၍ သူ၊ ကိုသစ္စာနှင့် ဖြူစင်သူတို့မှာ တစ်တန်းတည်းဖြစ်နေပြီး ကိုသစ္စာက သူတို့နှစ်ယောက်ကြားရောက်နေ၍ ဖြူစင်သူ့ကို သူဘယ်လိုမှ မမြင်နိုင်။



ဒေါသထွက်သွားသော ထူးရဲမင်းသည် လက်သီးကိုပြင်၏။

ကိုသစ္စာက မျက်ခုံးပင့်၍ကြည့်သည်။ စမ်းချင်စမ်းလိုက်လေဆိုသည့်သဘော ...

ထူးရဲမင်း ရှို့တွန့်တွန့်ဖြစ်သွား၏။

လူကောင်ချင်းက ဘယ်လိုမှမမျှ ...

သူဆယ်ချက်လောက်ထိုးလို့မှ ဟိုကလဲမလဲမကျိန်းသေသော်လည်း ဟိုကအားကြီးနှင့်တစ်ချက်ထိုးလိုက်ရင်တော့ တစ်ခါတည်း သွေးနှာနပ်ယူရမှာ ကျိန်းသေ၏။

ထို့ကြောင့် ထူးရဲမင်းသည် ပြင်မိသောလက်သီးကို အသာဖြေ၍ လက်မြှောက်မိသည်ကိုလည်း ခေါင်းဆန့်ကာ လက်ခါယမ်းသလို လုပ်လိုက်ရလေ၏။

အကြံရခက်သွားသဖြင့် ဘာလုပ်ရမလဲ သူခေါင်းငုံ့စဉ်းစားခိုက် မှာပင် ကိုသစ္စာက ရှေ့သို့တစ်လှမ်းတိုးလာလေ၏။

ထူးရဲမင်း မော့ကြည့်တော့ သူ့မျက်နှာနှင့်ပင် ကိုသစ္စာရင်ဘတ်က ထိလုမတတ်ဖြစ်နေလေပြီ။

ကိုသစ္စာ နောက်တစ်လှမ်း ထပ်တိုး၏။

ထူးရဲမင်းက တစ်လှမ်းဆုတ်ရသည်။

ကိုသစ္စာက ထပ်တိုးပြန်၏။

ထိုသို့ဖြင့်ပင် ကိုသစ္စာသည် ထူးရဲမင်းကို သူ့ရင်ဘတ်ကြီးနှင့် တွန်းတိုက်ကာ အအေးဆိုင်အပြင်ဆီ ရွှေ့လာသည်။

ထူးရဲမင်းမှာ ဒင်းဘော်ဒီနှင့်တွန်းသမျှ နောက်ဆုတ်နောက်ဆုတ်ရွှေ့သွားရသည်ပေါ့။

သို့သော် ဆိုင်ပြင်မရောက်မီမှာပင် ဖြူစင်သူက နောက်မှ အပြေးလိုက်လာပြီး ကိုသစ္စာကိုကျော်ကာ ထူးရဲမင်းလက်ထဲ သွားကိုင်ဆွဲလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထူးရဲမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

သို့သော် သူ့ခမျာကြာရှည် ပြုံးခွင့်မရ

ကိုသစ္စာက သူတို့နှစ်ယောက်လက်တွဲထားသည့်ကြားသို့ သိုင်းချသလို လက်ဝါးစောင်းဖြင့် ဝုန်းကနဲ ခုတ်ဖြတ်လိုက်သောကြောင့် ဖြစ်သည်။

ပြီးတော့ ဖြူစင်သူ့ကို စေ့စေ့ကြည့်ကာ ....

"ကိုယ်တို့က စေ့စပ်ပြီးသားနော်၊ နို့မို့ဆို မိဘတွေမျက်နှာ ပျက်စရာဖြစ်ကုန်မှာ၊ မင်းမိဘတွေကို အဲဒီလိုနည်းနဲ့ ကျေးဇူး ဆပ်မှာလား"

ဟု ခပ်မာမာပြောလိုက်လေ၏။

ဖြူစင်သူ ခေါင်းငိုက်စိုက်ကျသွားသည်။

ထို့နောက် ကိုသစ္စာသည် ဖြူစင်သူ့လက်ကို ပိုင်စိုးပိုင်နင်း ဆွဲကိုင်ကာ နောက်တော်ပါ သွယ်သွယ်မေ ခြံရုံလျက် ...

ကားပေါ်သို့ ဝုန်းကနဲတက်ကာ ကားတံခါးကို ဂျိမ်းကနဲပိတ်၍ ဒရိုက်ဘာအား ဝူးကနဲ မောင်းထွက်စေခဲ့လေတော့၏။

ထူးရဲမင်းမှာတော့ တစ်ယောက်ထဲ။

ကိုသစ္စာတို့ ကားထွက်သွားကာမှသာ လက်သီးလက်မောင်း တန်း၍ ကြိတ်မနိုင်ခဲမရ ကျန်ရစ်ခဲ့လေတော့၏။

◆ ◆ ◆



[ ၂၄ ]

ရထားက ထွက်ခါနီး နေလေပြီ။

ဦးစိုးမင်းနှင့် ဒေါ်ခင်မြရီသည် ပြတင်းပေါက်မှ တစ်ယောက် တစ်လှည့်ခေါင်းလှုထွက်ကာ သားဖြစ်သူ ထူးရဲမင်းတို့ စကားလှမ်းပြော၍ ကောင်းနေဆဲ။

သူတို့ပြောသမျှမှာလဲ အချင်းချင်း ဆန့်ကျင်ဘက်ချည်းသာ ဖြစ်၏။

ဒေါ်ခင်မြရီက ...

"သားရယ် ... ဘာဖြစ်လို့နေခဲ့တာလဲ"

ဟု ပြောရုံရှိသေးသည်။ ဦးစိုးမင်းက အတင်းတိုးဝှေ့ ခေါင်းပြူ လာပြီး

www.burmeseclassic.com

www.burmeseclassic.com



"နေခဲ့တာကောင်းတယ်၊ ဒီမှာသား ယောက်ျားတို့လုံ့လ သေတာမှလျှော့တဲ့၊ မင်းကောင်မလေးကို ရအောင်ကြိုးစား" ထူးရဲမင်း သက်ပြင်းချ၏။

"အဲဒီလို ကြိုးစားဖို့လဲ နေခဲ့တာ မဟုတ်ပါဘူး အဖေရာ၊ သူစိတ်ဆင်းရဲရအောင် သား ဘာကိုမှမတိုက်တွန်းချင်ပါဘူး။ အခုက သူရှိတဲ့အရပ်မှာ ဆက်နေချင်သေးလို့ပါ"

"မင်းကလဲကွာ၊ ငါ့သားမဟုတ်တဲ့အတိုင်းပဲ"

ထိုအခါ ဒေါ်ခင်မြရီက ဝင်ဖောက်လေ၏။

"အံမယ်၊ တော် ဘာစကားပြောတာလဲ"

"မဟုတ်ပါဘူးကွာ၊ သံတွဲမရှိတာကို ပြောတာပါ"

"ဩော် တော်ကတော့ သတ္တိရှိသကိုး၊ ကျွန်မကိုနိုးတဲ့ ညတုန်းက ကျွန်မထွက်လာတာကိုပဲ သရဲဆိုပြီးတော့ ထ,ပြေးမလို့ လုပ်ခဲ့တာလေ၊ မှတ်မိသေးရဲ့လား"

"ဟော့ မင်းမဆိုင်တာတွေ လာမပြောစမ်းနဲ့ကွာ"

"ဆိုင်တာပြောတာရှင့်၊ ရှင်က ကိုယ်လဲအဖြစ်မရှိဘဲနဲ့ လေကြီး မိုးကြီးတွေ လျှောက်ပြောမနေနဲ့၊ ကျွန်မသားလေး လမ်းမှား ကုန်မယ်၊ ဒီမှာ သား … တတ်နိုင်သလောက် အမြန်ဆုံး မန္တလေးပြန်လိုက်ခဲ့ပါသားရယ်။ ပြီးတော့ ဘယ်သူနဲ့မှလဲ ပြဿနာမပွားစေနဲ့၊ သွယ်သွယ်မေတို့ မိဘတွေနဲ့လဲ ဒီ့ထက် ပိုပြီးမျက်နှာမပျက်ရပါစေနဲ့တော့ သားရယ်"

"အဲ့ဒါတော့ စိတ်ချမေမေ၊ သားသူတို့နဲ့ လုံးဝကိုပတ်သက်စရာမရှိတော့ပါဘူး။ အခု သားနေမယ့် ဟိုတယ်ကလဲ သူတို့နဲ့ အဝေးကြီးပါ။ ဆုံစရာတောင်ရှိတော့မှာ မဟုတ်ပါဘူး"



ခုနက ဒေါ်ခင်မြရီ တွန်းတိုက်ထားသဖြင့် အထဲရောက်သွားသော ဦးစိုးမင်းက ခေါင်းပြန်ထိုးထွက်လာပြီး ဝင်မေး၏။

"ဒါဆို မင်းကကြာဦးမှာပေါ့ ဟုတ်လား"

"အင်း … အဲလိုတော့လဲ မဟုတ်ပါဘူး။ သား တတ်နိုင်သမျှ အမြန်ဆုံးတော့ မန္တလေးပြန်ခဲ့မှာပါ"

ဒေါ်ခင်မြရီက ဝင်ပြော၏။

"မြန်မြန်သာ ပြန်ခဲ့ပါ သားရယ်"

"အို သူစိတ်ပြေလက်ပျောက်ရှိသလောက် နေပါစေကွာ"

ဦးစိုးမင်းကို ဒေါ်ခင်မြရီက ဟောက်လေတော့၏။

"ရှင် ဘာနားလည်လို့လဲ"

"မင်းကရော ဘာနားလည်လို့လဲကွ"

သူတို့ ငြင်းခုန်နေစဉ်မှာပင် ရထားကထွက်စပြု၏။ နှစ်ယောက် သားမှာ ထူးရဲမင်းကို လှမ်းမပြောနိုင်အားတော့။ အချင်းချင်းသာ ဆက် ငြင်းခုန်ရင်း ပါသွားကြလေတော့၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၅ ]

ပြုံးပျော်နေသော ကိုသစ္စာသည် ဧးမှိုင်နေသော ဖြူစင်သူ့ကို ရှေ့ဆောင်၍ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဖြင့် မင်္ဂလာခန်းဝင်ပစ္စည်းများ ဝယ်လေ၏။

သို့သော် ထိုဈေးဝယ်ထွက်မှုပြီးတော့ ကိုသစ္စာ၏မျက်နှာမှာ ပုပ်သိုးသွားပြီး ဖြူစင်သူပင်ပြုံးချင်သလိုလို ဖြစ်သွားရ၏။

ဝယမဆုံးဝင်သော အဝတ်အစားဆိုင်မှာထဲက ပြဿနာ စသည်။

ကိုသစ္စာက မင်္ဂလာဆောင်တွင် အနောက်တိုင်းဝတ်စုံ ဝတ်မည်တဲ့။ ထို့ကြောင့် ဘောင်းဘီစွဲကြည့်ကြ၏။



"ကိုယ့်မင်္ဂလာဆောင်အတွက် ဘောင်းဘီလိုချင်လို့ကွာ"

ဟု ဆိုင်ကစာရေးလေးကို ခပ်ကြွားကြွားပြောလိုက်သောအခါ စာရေးလေးက ...

"အစ်ကိုကြီးအတွက် အဆင်ပြေမှာမဟုတ်ဘူးဗျ"

"ဘာလို့လဲကွ"

"ဟို ... ကျွန်တော်တို့ဆိုင်မှာ အစ်ကိုကြီး Size မျိုး ဘောင်းဘီမရှိဘူး"

ကိုသစ္စာမှာ အပြုံးမပျက်သေး။ စာရေးလေးမှာ စကားကို ဆက်၏။

"အစ်ကိုကြီး ခါးနဲ့ဆို အင်း ... လေးသယ့်ငါးလောက် ဝတ်မှရမယ်နဲ့တူတယ်"

ကိုသစ္စာ တွန့်ကနဲဖြစ်သွားသည်။

"ဟာ ငါ့ခါးက အဲ့ဒီလောက်ကြီးမရှိပါဘူးကွ"

"ဟုတ်ပါတယ်၊ အစ်ကိုကြီးရ အဲ့ဒီလောက်မှ ရမှာပါ"

"ဟာ ... ငါသုံးဆယ့်ကိုးလောက်ဆို ရပါတယ်ကွာ"

"မဖြစ်နိုင်တာ အစ်ကိုကြီးရာ၊ သုံးဆယ်ကိုးဆို အစ်ကိုကြီး ပေါင်တစ်ချောင်းတောင် ကောင်းကောင်းဆန့်မှာ မဟုတ်ဘူး"

ကိုသစ္စာ ဒေါသဖောင်းသွား၏။

"ဘာလို့ မတော်ရမှာလဲ၊ ကဲ ... မင်းတို့ဆိုင်မှာ သုံးဆယ့်ကိုး Size နဲ့ ဘောင်းဘီတစ်ထည် သွားယူခဲ့စမ်း၊ ငါဝတ်ပြမယ်"

"ဟို ... ပြကုန်မှာပေါ့"

"ပြရင် ... ငါလျော်မယ်ကွာ"

မတတ်သာတော့သဖြင့် စာရေးက သွားယူလာပေး၏။

ကိုသစ္စာက အဝတ်လဲခန်းထဲသွားပြီး ထိုဘောင်းဘီကို မရမက သွားစွပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီက ကြည့်ကာထဲက မတော်မှန်းအသိသာကြီး။

အဲဒါကို သူ့ဗိုက်ကြီးအစွမ်းကုန်ရှုံ့၊ မရမကထိုးထည့်၍ သူဝတ်လာ၏။

ပြီးတော့ အဝတ်လဲခန်း အပြင်ထွက်လာကာ အပြင်မှာရှိနေသော ဖြူစင်သူနှင့် စာရေးလေးကို မျက်နှာခပ်မော့မော့ဖြင့် ပြုံးပြ၏။

တွေ့လား၊ သူနဲ့တော်တယ်ဆိုသော သဘော။

သို့သော် စာရေးလေးက လက်ညှိုးညွှန်ကာ ပြောလေသည်။

"အစ်ကိုကြီး၊ ဇစ်မဆွဲရသေးဘူးခင်ဗျ"

ကိုသစ္စာ မျက်နှာရဲသွားပြီး၊ တစ်ဘက်လှည့်ကာ ဘောင်းဘီဇစ်ကို မသိမသာဆွဲတင်လိုက်သည်။

ထိုသို့ သူဇစ်ဆွဲလိုက်သည်နှင့်ပင် ဘောင်းဘီမှာ ဖြန်းကနဲ အနောက်တင်ပါးဘက်မှ ကွဲထွက်လေတော့၏။

ကိုသစ္စာမှာ ရှေ့ဇစ်ကိုလည်း ကုန်အောင်မဆွဲရသေး။ နောက်ကလဲ ပေါ်လေပြီ။

လက်ဝါးနှစ်ဘက်ဖြင့် ရှေ့နောက်ကာ, ကာ အဝတ်လဲခန်းဆီ အမြန်ပြန်ပြေးလေတော့၏။

ထိုလို့ဖြင့်ပင် သူ့မဝတ်ရဘဲ ထိုဆိုင်တွင် ဘောင်းဘီတစ်ထည် ဖိုးလျော်လိုက်ရသည်။

အင်္ကျီဆိုင်မှာလဲ ထိုသို့ပင် မတော်တလျော် အတင်းဝတ်မှုကြောင့် အင်္ကျီကြယ်သီးများ ပြုတ်ထွက်ကုန်၏။

လျော်ရပြန်သည်။

ပရိဘောဂဆိုင်ကျတော့ ဝယ်မယ်မှမကြံခင် ခုံတစ်လုံးပေါ် တက်ထိုင်မိရာ ခုံကကျွတ်ကနဲကျိုးသွား၏။

"ခင်ဗျားတို့ ဆိုင်ကပရိဘောဂဆိုင်ဖြစ်ပြီး၊ ခုံတွေကလဲ မခိုင်ပါလား"



ဟု ကိုသစ္စာက ဦးအောင်အပြစ်တင်သည်။

သို့သော် ဒီခုံက လုပ်လက်စတဲ့၊ ဒါပေမယ့် ဒီလိုပဲ ထိုင်နေကြတာ ဘယ်သူမှမဖြစ်ကြဘူးတဲ့။

အလျော်မခိုင်းသော်လဲ အရှက်ကွဲကြရ၏။

သတို့သမီးဝတ်စုံဆိုင်မှာကျတော့ အဆိုးဆုံးဖြစ်သည်။

ဖြူစင်သူက စိတ်မပါသော်လည်း ကိုသစ္စာမှာ သူကိုယ်တိုင် ယူဝတ်မတတ် တစ်ထည်ပြီးတစ်ထည် ရွေးပေးသည်။

တစ်ထည်ယူလာလိုက် ဖြူစင်သူ့ကိုယ်နှင့် ကပ်ကြည့်လိုက်နှင့် ဆိုင်တစ်ဆိုင်လုံးကုန်မတတ် ယူကြည့်လေ၏။

နောက်ဆုံးတစ်ထည်ကျမှ သဘောတွေ့သွားပြီး ဝယ်ဖြစ်သည်။

ပိုက်ဆံရှင်းပြီးချိန်ကျတော့ အထည်ထုတ်လေးပေးရင်း ဆိုင်ရှင်က ချီးကျူးစကားဆိုသည်။

"ဒီဝတ်စုံလေးနဲ့ဆို ဦးသမီးတော့ အရမ်းလှနေတော့မှာပဲ၊ ဦးလိုအဖေမျိုးရတာ ဒီက သမီးလေးကံကောင်းတယ်။ သိပ်ရွေးတတ်တာပဲ"

ကိုသစ္စာ တဆတ်ဆတ်တုန်မတတ် ဒေါသထွက်သွားလေ၏။

"ခင်ဗျား ဘာစကားပြောတာလဲ"

"ဗျာ"

ဆိုင်ရှင် အံ့ဩသွား၏။

"သူနဲ့ကျွန်တော်က သားအဖလားဗျ၊ ဒီမှာ မှတ်ပုံတင်ကို ကြည့်ထား ကျုပ်အသက်ငယ်ငယ်လေး ရှိသေးတယ်"

ကိုသစ္စာ ထုတ်ပေးသော မှတ်ပုံတင်ကို ဆိုင်ရှင်က ယောင်တန်းတန်းဖြင့် ယူကြည့်သည်။ သူ့မျက်နှာပြင်တွင် ချွေးစားပါန်များ ထွက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"၁၉၄၈ မွေးတာဆိုတော့ ... အင်း ... ၅၇နှစ် ရှိပြီလေ၊ အဲဒါအသက်မကြီးသေးဘူးလား"

ကိုသစ္စာ ထိုမှတ်ပုံတင်ကို ဖျပ်ကနဲပြန်ကြည့်၏။

"ဟာ ... အဲဒါ ကျုပ်အဖေ မှတ်ပုံတင်ဗျ၊ ကိစ္စရှိလို့ ကျုပ် ယူလာတာကို မှားပြီးပေးမိတာ။ ကျုပ်မှတ်ပုံတင်က ဒီမှာ... ကျုပ်အသက်က ခုမှ နှစ်ဆယ့်ငါးပဲရှိသေးတာ ..."

ဆိုင်ရှင်က ပျာပျာသလဲ တောင်းပန်၏။

"ဗြော် ... ဟုတ်သားပဲ၊ မသိလို့နော် ... အစ်ကိုကြီး၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ခင်ဗျားက အစ်ကိုကြီးလို့ မခေါ်ပါနဲ့၊ ကျုပ်အသက်က ခင်ဗျားထက်လဲ ငယ်မှာပါ"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ် ... ညီလေးရာ၊ မှားသွားလို့ပါ၊ ခွင့်လွှတ်ပါနော်"

မည်သို့ပင်ဖြစ်စေ ကိုသစ္စာမျက်နှာကြီးကတော့ စူပုပ်၍သာ နေလေတော့၏။ ဆိုင်ရှင်က အထပ်ထပ်တောင်းပန်သည်။

ထိုဆိုင်မှ သင်ခန်းစာကြောင့် ဓာတ်ပုံဆိုင်သွားသည့်အခါကျတော့ ကိုသစ္စာ ခပ်တည်တည် ခပ်တင်းတင်းဖြင့်ပင် တစ်ဘက်လူကို စကားသိပ်မပြောရဲအောင် မျက်နှာကြီးချိုနေလေတော့၏။

သို့သော် ဖြူစင်သူ မနှစ်မြို့သည့်ကြားက မင်္ဂလာဝတ်စုံပြည့်ဖြင့် စုံတွဲပုံတွေကိုတော့ ရိုက်ဖြစ်အောင်ရိုက်လိုက်သေးသည်။ အစမ်းလှေကျင့်တာတဲ့။

ဒါပေမယ့် ဓါတ်ပုံတွေထဲမှာ သူတို့နှစ်ယောက်က မင်္ဂလာစုံတွဲနှင့် လုံးဝမတူ။



တစ်ယောက်က မျက်နှာလေးငယ်ပြီး၊ တစ်ယောက်က စူပုပ်တင်းမာနေတာဆိုတော့ ဓါးနှင့်ထောက်ပြီး အတင်းဓာတ်ပုံရိုက်ခိုင်းထားသလို ဖြစ်နေလေ၏။

တကယ်လဲ ကိုသစ္စာနားရှိနေသည့်တလျှောက်၌ ဖြူစင်သူ ထိုအတိုင်း ခံစားနေရလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၆ ]

ထူးရဲမင်းသည် အအေးဆိုင်ထဲသို့ ခေါင်းငိုက်စိုက်ချကာ လျှောက်ဝင်လာ၏။

သူနဲ့ဖြူစင်သူတို့ တစ်ခါက ထိုင်ခဲ့ဖူးသော အအေးဆိုင်လေး ဖြစ်သည်။

ယခုတော့လည်း အရာရာရာမှာ ပြီးဆုံးခဲ့လေပြီဟု သူနာနာ ကျင်ကျင်တွေးရင်း သက်ပြင်းတို့သာ ချမိလေတော့၏။

သူနဲ့ဖြူစင်သူတို့ထိုင်နေကျ စားပွဲဆီအကြည့်ရောက်မိတော့မှာ တော့ ရင်ထဲဒိန်းကနဲဖြစ်သွားရလေ၏။



တစ်ဘက်သို့ ကျောလှည့်ထိုင်နေသော သူသိမြင်ဖူးသည့် အရိပ်သဏ္ဌာန်တစ်ခုကိုမြင်ရ၏။ ဖြူစင်သူများလားဟု သူစိတ်ကူးယဉ် မိသော်လည်း သေချာကြည့်မှ ချမ်းမြေ့သူလေးဖြစ်နေမှန်းသိရလေ၏။

ထိုစားပွဲဆီ ခပ်သွက်သွက်လျှောက်သွားရင်း ထိုင်ပင်မထိုင် ရသေးမီ စိတ်လောကြီးစွာ သူမေးလိုက်သည်။

“ညီမလေး၊ ဘယ်က ဘယ်လိုရောက်လာ ...”

သူ့စကားမဆုံးခင်မှာပင် ချမ်းမြေ့သူက အပြုံးအရယ်တစ်ခုဖြင့် တုံ့ပြန်၏။

စားပွဲပေါ်သို့ ဓာတ်ပုံတစ်ထပ်ကို ပစ်ချလိုက်ခြင်းဖြစ်သည်။

မင်္ဂလာသတို့သမီး၊ သတို့သား ဝတ်စုံဖြင့် ယှဉ်တွဲရိုက် ထားသော ကိုသစ္စာနှင့် ဖြူစင်သူတို့၏ ဓာတ်ပုံများ။

ပုံတွေကိုမြင်လိုက်သည်နှင့်ပင် ထူးရဲမင်းမှာ ခေါင်းငိုက်စိုက် ကျသွားလေတော့၏။

“ဒီပုံတွေမြင်တော့ ဘယ်လိုနေလဲ”

ချမ်းမြေ့သူဆီမှ အမေးစကား ထွက်ပေါ်လာသောအခါ ထူးရဲမင်းသည် မျက်နှာကို လက်ဝါးဖြင့် ခပ်ကြမ်းကြမ်း ပွတ်သပ် လိုက်ရင်း မျက်လုံးမှိတ်ထားရက်သားမှ အသံထွက်၍ ချလိုက်သည်။

“ပြောမပြနိုင်အောင်ပါပဲကွာ”

“ဝမ်းနည်းတာလား”

“ကြေကွဲတာ၊ ရစရာမရှိတော့လောက်အောင်ကို ကြေမွသွား တာ”

“အဲဒီအကြေအနေမျိုးဖြစ်အောင် အစ်ကိုကြီးတို့တသော နိုင်မတီး ယူတာပဲ”

ထူးရဲမင်း အံ့ဩသွား၏။

“ဘာပြောတယ်”

www.burmeseclassic.com



"ဟုတ်တယ်လေ … မမလဲ အခုအဲဒီအတိုင်း ခံစားနေရတယ် ဒါပေမယ့် အဲဒါတခြားသူလုပ်တာမှ မဟုတ်တာ၊ အစ်ကိုကြီးတို့ဖာသာ လုပ်ကြတာပဲ"

"မဟုတ်ဘူးလေ၊ မိဘတွေက စီစဉ်တဲ့ဟာပဲ"

"သမီးတို့ မိဘတွေက ဒီလောက်လဲ မဟုတ်ပါဘူး၊ သူတို့ကတော့ ဘာမှမသိဘဲ စီစဉ်မှာပေါ့၊ အခုလို အစ်ကိုကြီးတို့က ချစ်သွားကြပြီးတဲ့နောက်တော့ ကိုယ်ဆန္ဒကိုလည်း ဖော်ထုတ်ဦးမှပေါ့"

ထူးရဲမင်း မျက်နှာသည် ဖျော့လင့်ချက်ဖြင့် ရုတ်တရက် ဝင်းပသွားသလိုရှိ၏။ သို့သော် ချက်ချင်းပင် ပြန်ညှိုးရော်သွားသည်။

"ဒါပေမယ့် ခုမှတော့ မမီတော့ပါဘူးကွာ"

"မဟုတ်ဘူး၊ မီသေးတယ်"

"ဟင်"

ချမ်းမြေ့သူက စားပွဲပေါ်မှ ဓာတ်ပုံများကို ပြန်သိမ်းဆည်း၏။

"တုတ်တယ် … ဒီဓာတ်ပုံတွေက သူတို့အစမ်းသဘော အဝတ်အစားတွေ ဝတ်ကြည့်ရင်းနဲ့ ရိုက်ထားတာ၊ တကယ့် မင်္ဂလာဆောင်က ဒီနေ့ညနေမှ"

"ဒါဆို သူကရော အခုဘယ်မှာလဲဟင်"

"မမက အခုအလှပြင်ဆိုင်မှာ၊ ခုလောက်ဆိုရင်တော့ ပြင်ပြီးပြီလားမသိဘူး။ သမီးသူ့ဆီမှာ ဟန်းဖုန်းတစ်လုံး ထားခဲ့တယ်။ ရော့ ဒီမှာ အစ်ကိုကြီးအတွက်လည်းပြောဖို့ တစ်လုံးအသင့် ယူလာတယ်"

ချမ်းမြေ့သူ ကမ်းပေးနေသော ဟန်းဖုန်းကိုကြည့်ရင်း ထူးရဲမင်း ရှေသေချာချာနားမလည်သေး။

"ဒါက"



"နောက်ဆုံးအနေနဲ့ ကြိုးစားဖို့လေ၊ အစ်ကိုကြီးတို့ပြောကြည့်ကြပေါ့၊ သမီးလဲ ဒါအစ်ကိုကြီးတို့အတွက် နောက်ဆုံး ကြိုးစားပေးတာပဲ၊ ဒီအကြံကိုလဲ ဒီနေ့ကျမှရတယ်၊ ရှေ့ရက်တွေက မမနားမှာ လှုလည်းမလစ်ပါဘူး။ ခုတော့ အကြံရရချင်းပဲ အစ်ကိုကြီးကို လာရှာတာ၊ ဒီဆိုင်တော့ လာမှာပဲဆိုပြီး စောင့်နေတာ ကွက်တိပဲ"

ထူးရဲမင်းက ဖြူစင်သူ့ဆီ ဆက်သွယ်လို့ရမည့် ဖုန်းနံပါတ်ကို မေးကာ ခလုတ်တို့နှိပ်လေ၏။ သို့သော် တစ်ဝက်တစ်ပိုင်းနှင့်ရပ်ကာ ဖုန်းကနဲ့ထရပ်လေ၏။

ချမ်းမြေ့သူ ကြောင်သွားသည်။

"ဘာလုပ်ဖို့လဲ"

"ဖြူစင်သူ့ဆီ သွားကြမယ်လေ"

"ဖုန်းအရင်မဆက်ဘူးလား"

"ဟင့်အင်း၊ ဖုန်းလဲဆက်မယ် သွားလဲသွားမယ်။ ဘာတစ်ခုမှ အလွဲအချော်မခံနိုင်ဘူး၊ သူဒီအချိန်လောက်ဆို အလှပြင်ပြီးလို့ မင်္ဂလာဆောင်မယ့် ဟိုတယ်ဆီသွားနေပြီနဲ့ တူတယ်နော်"

"အင်း …. ထင်တာပဲ"

"အိုကေလေ … ထို့လိုက်ကြရအောင်"

ထူးရဲမင်းသည် ချမ်းမြေ့သူထံမှ ဟိုတယ်နေရာမေးကာ လမ်းတွေ့ရသော တက္ကစီကိုအတင်းငှားလေ၏။ ချမ်းမြေ့သူကတော့ ဘေးမှ ရင်တထိတ်ထိတ်။

ကားပေါ်ရောက်မှ ဖြူစင်သူ့ဆီ ထူးရဲမင်း ဖုန်းစဆက်လေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၇ ]

ဖြူစင်သူနှင့်ထူးရဲမင်း ဖုန်းအဆက်အသွယ်ရသောအချိန်တွင် ဘတ္တစီကားလေးမှာ လမ်းမပေါ်၌ အရှိန်ကောင်းကောင်းဖြင့် ပြေးလွှား နေလေပြီ။ ထူးရဲမင်းသည် ဖြူစင်သူ့ ဖုန်းထူးသံကိုကြားပြီးသည်နှင့်

"ကိုယ်ပါ၊ ထူးရဲမင်းပါ"

ဟု ပြောလိုက်ပြီးချက်ချင်းတန်းကာ လေးလေးနက်နက် စကားတို့ ပြောလေတော့၏။

"အခုချိန်ထိ မင်းကိုကိုယ်သေသေချာချာ မပြောရသေးတဲ့ စကားကိုပြောချင်တယ်၊ မင်းလဲသေသေချာချာ စဉ်းစားပြီး ဖြေပေးနော်၊ မင်းကိုယ့်ကိုချစ်လားဟင်"

ဖြူစင်သူ့ထံမှ ရုတ်တရက် မတုံ့ပြန်။ ခဏမျှ လေသံပျော့ ပျော့ဖြင့် ...



"ခုချိန်ကျမှဘာလို့ ဒါတွေလာမေးနေရတာလဲရှင်"

"ကိုယ်မေးတာဖြေပါဦးကွာ"

ဖြူစင်သူ သက်ပြင်းချ၏။

"ချစ်တာပေါ့၊ အဲ့ဒါ ရှင်မသိဘူးလား"

"တကယ်ချစ်တယ်ဆိုရင် အဲဒီအချစ်တွေအတွက် ကိုယ်တစ်ခု တောင်းဆိုချင်တယ်၊ မင်းလိုက်လျောနိုင်မလား"

"ပြောပါဦး"

"အခုပဲ ကိုယ့်နောက်လိုက်ခဲ့တော့ကွာ၊ မင်းသွားနေတဲ့ အဲ့ဒီ မင်္ဂလာပွဲဆီ မသွားနဲ့တော့"

"ဟာ ... ဒါတော့မဖြစ်နိုင်ဘူးနဲ့တူတယ်၊ ဟို ... ကျွန်မ မိဘတွေ ..."

"မင်းမိဘတွေ မျက်နှာပျက်စရာ ဖြစ်ကုန်ကြမယ်လို့ ပြော မလို့မဟုတ်လား၊ လောလောဆယ် နည်းနည်းပါးပါးတော့ သူ့တို့အရှက်ရချင်ရပါလိမ့်မယ်၊ ဒါပေမယ့် အဲ့ဒါတာ တစ်ဘဝ လုံးတော့ မဟုတ်ပါဘူးကွာ၊ အခုအတိုင်းဆို ကိုယ်တို့က ဘဝတစ်ခုလုံး ခံစားသွားကြရမှာကိုရော မင်းတွေးမိရဲ့လား"

"ဒါပေမယ့် ကျွန်မကို သူတို့က အရမ်းစိတ်ဆိုးကြမှာ"

"မင်းထင်သလောက်လဲ မဟုတ်သေးပါဘူးကွာ၊ သူတို့က မင်းဆန္ဒသာ အဓိကပါ"

"ရှင်"

ထိုအချိန်တွင် သူတို့စကားပြောနေသည်ကို ဘေးနားမှ အကဲ ခတ်နေသော ချမ်းမြေ့သူက ထူးရဲမင်းလက်မှ တယ်လီဖုန်းကို ဆွဲယူ လိုက်ကာ ဝင်ပြော၏။

"ဟုတ်တယ် မမ၊ သမီးသူတို့ကို သေချာလေ့လာပြီးပြီ၊ ဖေတို့ မေတို့က ခုအတိုင်းအဆင်ပြေပြေလေး ဖြစ်သွားစေချင်

www.burmeseclassic.com



တာပေါ့နော်၊ ဒါပေမယ့် သူတို့က မမနဲ့ကိုသစ္စာ ရဖို့ဖြစ်မယ် ရယ်လို့ မဟုတ်ပါဘူး။ မမကသာ ပြတ်ပြတ်သားသား ဆုံးဖြတ်သွားရင် အခြေအနေတွေကို ပြောင်းလဲလို့ရမှာပါ"

ထူးရဲမင်းက တစ်လှည့်ဝင်ပြောပြန်၏။

"ဟုတ်တယ်ကွာ၊ ကိုယ့်ကိုတကယ်ချစ်ရင် ဒီအချိန်ဟာ မင်းစွန့်စားရမယ့်အချိန်ပဲ၊ အချစ်မှာသတ္တိရှိဖို့လဲ လိုတယ်လေ"

မြူစင်သူထံမှ စကားသံတိတ်သွား၏။

အပြင်းထန်ဆုံး၊ သို့သော် အတိုးဖွဆုံးသော သက်ပြင်းတစ်ချက်ကို သူမချသည်။

ထို့နောက် ဘာသံမှမကြားရတော့။ ဖုန်းကိုကိုင်ကာ ထူးရဲမင်း ငြိမ်ငြိမ်လေးစောင့်နေ၏။

အချိန်တို့ တရွေ့ရွေ့ ကုန်ဆုံးသွားကြသည်။

တက္ကစီကားလေးက တရိပ်ရိပ်ပြေးလွှားနေဆဲ ...

မကြာမီမှာပင် မင်္ဂလာပွဲကျင်းပရာ ဟိုတယ်ကို မြင်ရသောနေရာသို့ ရောက်လာခဲ့လေ၏။

ထိုစဉ်မှာပင် ချမ်းမြေ့သူက နံဘေးတစ်နေရာသို့ လက်ညှိုးညွှန်ပြ၏။

ဘေးဘက်ခပ်လှမ်းလှမ်းမှာက မြူစင်သူ စီးနင်းလိုက်ပါလာသောကား ...

ကားလေးနှစ်စင်းလုံးက ဟိုတယ်ဆီဦးတည်လျက် ...

ဟိုတယ်ဆင်ဝင်အောက်မှာတော့ နှစ်ဘက်မိဘများနှင့်အတူ (အလှပြင်ဆိုင်မှ) မြူစင်သူရောက်အလာကို ထွက်စောင့်နေဟန်တူသော ကိုသစ္စာနှင့်သွယ်သွယ်မေတို့ကို မြင်လာရလေ၏။

ချမ်းမြေ့သူက နံဘေး၌မြင်နေရသော ကားတွင်းမှ မြူစင်သူကို လှမ်းခေါ်မည်လုပ်၏။

ထူးရဲမင်းက တားသည်။



မြူစင်သူသည် စောင့်နေသော လူအုပ်ဆီတစ်ချက်လှမ်းမျှော်ကြည့်၏။

ထို့နောက် ဖုန်းထဲမှစကားသံ ပြန်လည်ထွက်ပေါ်လာလေသည်။

"ရှင်အခုဘယ်မှာလဲ"

ထူးရဲမင်း ပြုံးသွား၏။

"မင်းကားနဲ့ ဘေးချင်းကပ်ရပ်က ကားပေါ်မှာလေ"

မြူစင့်သူက ထိုအခါမှ ဘေးဘက်သို့ လှည့်ကြည့်မိလေတော့သည်။

ပြီးတော့ ဖုန်းထဲကပင် ဆက်ပြော၏။

"ရှင့်ကားကို ရပ်လိုက်"

ထူးရဲမင်းက ဘာမှပြန်မပြော။ တက္ကစီကိုချက်ချင်း ရပ်ခိုင်း၏။

မြူစင်သူပါလာသော ကားလည်းချက်ချင်းရပ်သွားပြီး ကားပေါ်မှ သူမဆင်းလေသည်။

ပြီးတော့ ထူးရဲမင်းတို့ တက္ကစီကားဆီ အမြန်လျှောက်လာပြီး ဆင်ထိုင်လိုက်လေ၏။

ချမ်းမြေ့သူကလည်း တက္ကစီပေါ်မှဆင်းလိုက်ကာ နဂိုက မြူစင်သူလိုက်ပါလာသော ယာဉ်ရပ်ထားသည့်ကားဆီသွားပြီး အရှိန်ဘာ ညီး ကြောင်အမ်းနေစဉ်မှာပင် ကားသော့ကို သတ်ကာနဲ့ခွဲဖြုတ်ကာ အနိုင်အသင့်ရှိနေသော ရေကန်ထဲ ပစ်ချလိုက်လေတော့၏။

ထူးရဲမင်းနှင့်မြူစင်သူတို့၏ တက္ကစီလေးမှာတော့ ချက်ချင်းပင် ပြန်လှည့်ထွက်ခွာ၍သွားသည်။

ဖြစ်ရပ်အားလုံးကို အစအဆုံးမြင်နေရသော ကိုသစ္စာ၊ သွယ်သွယ်မေတို့မှာ အခုမှပြေးလိုက်လာကြသော်လည်း မမီလိုက်တော့။

လူကြီးနှစ်ဖက်သားမှာ လမ်းမပေါ်တွင် မှာယာခတ်သွားကြ၏။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



တက္ကစီနောက်မှ ပြေးလိုက်ရမလို၊ ရေကန်ထဲကျသွားသော ကားသော့ကိုရှာပြီး ကားနဲ့ပဲလိုက်ရမလို၊ ခြေမကိုင်မိ လက်မကိုင်မိဖြင့် ...။

ဟိုသွားလိုက် ဒီသွားလိုက်ဖြစ်နေသဖြင့် ပြေးရင်းလွှားရင်း သူတို့ချင်းဝင်ဝင်တိုက်မိကြ၏။

တက္ကစီဆီပြေးလိုက်ရင်းက ပခုံးချင်းဝင်တိုက်မိကြပြီး နှစ်ယောက်လုံး ဆန့်ကျင်ဘက်အရပ်များဆီ လွင့်သွားကြသည်။

ပြီးတော့ ကားသော့ကိုပြန်ရှာဖို့ ပြန်လှည့်ပြေးရင်း ရေကန်အစပ်၌ ကိုင်းတိုင်း ကိုင်းကိုင်းနှင့် ခေါင်းချင်းဆောင့်မိကြပြန်သည်...။

မျက်နှာလွှဲသည့်အခါကျတော့လဲ ဖင်ချင်းပေါက်မိကြပြန်၏။

နှစ်ယောက်လုံး ရောမကိုယ်ခန္ဓာများမို့ တစ်ယောက်ကို တစ်ယောက်တိုက်မိသည့်အခါ မသက်သာလှ။

နောက်ဆုံး အရူးမီးဝိုင်းသလို ဖြစ်နေသော သူတို့ကို အမြင်မတော်သော လူတွေက ဝင်ဆွဲကာ ဖျောင်းဖျရလေ၏။ သူတို့မှာတော့ ရှန်းရင်း၊ ကန်ရင်း၊ ဗျာယာခတ်ရင်းဖြင့် ...

ထိုလူဝကြီးနှစ်ယောက် ထိုသို့ဗိုလ်ဥစ္စာကြမ်းညပ်သလို ရှုပ်ခတ်ကာ လူတွေအုံလျက် ကျန်ခဲ့ကြစဉ် ...

တရွေ့ရွေ့ဝေးသွားသော ကားလေးပေါ်မှာတော့
ထူးရဲမင်းနှင့်ဖြူစင်သူတို့ ချစ်သူနှစ်ဦးမှာ
တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ
ပြုံးပျော်စွာ ....။

သွန်းနေစိုး
၁၃.၈.၀၅
11:38 pm

www.burmeseclassic.com